

International Labour Organization

100 1919·2019

# မြန်မာနိုင်ငံမှ တစ်ကမ္ဘာလုံးဆိုင်ရာ ချင်းတန်ဖိုးမြှင့်ကွင်းဆက် အတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းမှုနှင့်ကျန်းမာမှု တိုးတက်ကောင်းမွန်ရေးအတွက် မောင်းနှင်အားများနှင့် အဟန့် အတားများအား အသေးစိတ်သုတေသနပြုလေ့လာချက်တစ်ရပ်



# မြန်မာနိုင်ငံမှ တစ်ကမ္ဘာလုံးဆိုင်ရာ ချင်းတန်ဖိုးမြှင့် ကွင်းဆက်အတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် ကျန်းမာမှု တိုးတက်ကောင်းမွန်ရေး အတွက်မောင်းနှင်အားများနှင့် အဟန့်အတား များအား အသေးစိတ် သုတေသနပြု လေ့လာချက် တစ်ရပ်

The report was authored by Marian Boquiren (independent consultant) and Mariana Infante Villarroel (ILO), with the support of Thein Than Htay and Aung Myaing Htay.

The present case study was further elaborated with the support of Alizée Charbonneau (ILO) and Lou Tessier (ILO).

Copyright © International Labour Organization 2018.
First published 2018

Publications of the International Labour Office enjoy copyright under Protocol 2 of the Universal Copyright Convention. Nevertheless, short excerpts from them may be reproduced without authorization, on condition that the source is indicated. For rights of reproduction or translation, application should be made to ILO Publications (Rights and Licensing), International Labour Office, CH-1211 Geneva 22, Switzerland, or by email: rights@ilo.org. The International Labour Office welcomes such applications.

Libraries, institutions and other users registered with a reproduction rights organization may make copies in accordance with the licences issued to them for this purpose. Visit www.ifrro.org to find the reproduction rights organization in your country.

---

*A case study of drivers and constraints for occupational safety and health improvement in the ginger global value chain from Myanmar.*

ISBN: 978-92-2-031284-1 (print)
ISBN: 978-92-2-031285-8 (web pdf)

GOVERNANCE Department.

Occupational safety and health / Global supply chain / Health / Safety / Myanmar / Value chain / Agriculture / Rural economy / Social protection.

---

The designations employed in ILO publications, which are in conformity with United Nations practice, and the presentation of material therein do not imply the expression of any opinion whatsoever on the part of the International Labour Office concerning the legal status of any country, area or territory or of its authorities, or concerning the delimitation of its frontiers.

The responsibility for opinions expressed in signed articles, studies and other contributions rests solely with their authors, and publication does not constitute an endorsement by the International Labour Office of the opinions expressed in them.

Reference to names of firms and commercial products and processes does not imply their endorsement by the International Labour Office, and any failure to mention a particular firm, commercial product or process is not a sign of disapproval.

Information on ILO publications and digital products can be found at: www.ilo.org/publns.

---

Printed in Switzerland

# ကျေးဇူးတင်လွှာ

သုတေသနအဖွဲ့အား အတွေ့အကြုံများမျှဝေပေးခဲ့ပြီး အလုပ်ခွင်တံခါးများ ဖွင့်လှစ်ကြိုဆိုခဲ့ကြသော မြန်မာနိုင်ငံ ချင်းတန်ဖိုး ကွင်းဆက်အတွင်းရှိ သက်ဆိုင်သူများ (stakeholders) အားလုံးနှင့် ၎င်းတို့၏ အင်စတီကျူးရှင်း ဆိုင်ရာပံ့ပိုးကူညီရေး လုပ်ဆောင်ချက်များ (ရှမ်းပြည်နယ်အတွင်းနှင့် အမျိုးသားအဆင့်တွင်) အတွက် ဤအစီရင်ခံစာရေးသားသူ ကျွန်ုပ်တို့က အထူးပင် ကျေးဇူးတင်ပါသည်။ စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုများအတွက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကူးသန်းရောင်းဝယ် ရေးဦးစီးဌာနတို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံတွင်းရှိ ၎င်း၏ ကျေးလက်ဖွံ့ဖြိုးရေးအတွက် တန်ဖိုးမြှင့်ကွင်းဆက် (Value Chain for Rural Development) အဖွဲ့မှတဆင့် သတင်းအချက်အလက်များပေးအပ်ပြီး တန်ဖိုးမဖြတ်နိုင်သော အသိအမြင်များမျှဝေပေးခဲ့သော Winrock International အဖွဲ့ကြီးကလည်း ဤသုတေသနပြု လေ့လာမှုကို ထပ်ဆင့်ပံ့ပိုးကူညီပေးခဲ့သည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင်းရှိ ILO ဆက်သွယ်ရေးမှလုပ်ဖော်ကိုင်ဖက်များအပြင် ILO ၏ အလုပ်သမား စီမံအုပ်ချုပ်ရေး၊ အလုပ်သမားစစ်ဆေးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (LABADMIN/OSH) ဌာနခွဲမှ လုပ်ဖော် ကိုင်ဖက်များကိုလည်း ဤအစီရင်ခံစာရေးသားမှုတွင် သတင်းအချက် အလက်များပေးအပ်ခဲ့ခြင်းနှင့် ပံ့ပိုးကူညီခဲ့ခြင်းအတွက် ကျေးဇူးတင်ပါသည်။ Alice Faudot-Miguet အပါအဝင် အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အားပေးကူညီခဲ့သူများအားလုံး ကိုလည်း ကျေးဇူးတင်ပါသည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ ကုန်စည်ပံ့ပိုးရောင်းချရေးကွင်းဆက် (supply chain) အတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး (OSH) ဆိုင်ရာ Vision Zero Fund စီမံကိန်းမှ ထွက်ပေါ်လာသော အသီးအပွင့်တစ်ခု ဖြစ်သည်။ ပါဝင်သောအကြောင်းအရာနှင့်အတွေးအမြင်တိုင်းအတွက် အစီရင်ခံစာရေးသားသူတို့တွင်သာ တာဝန်ရှိပါသည်။ အစီရင်ခံစာပါအကြောင်းအရာများသည် EU သို့မဟုတ် ILO ၏ တရားဝင်ရပ်တည်ချက်ကို ထပ်ဟပ်ဖော်ပြသည်ဟုမဆိုနိုင်ပါချေ။

# မာတိကာ

| | |
|---|---|
| အတိုကောက်အသုံးအနှုန်းများ | 6 |
| အစီရင်ခံစာအနှစ်ချုပ် | 7 |
| မိတ်ဆက်နိဒါန်း | 13 |
| (၁) မြန်မာနိုင်ငံမှ ချင်းတန်ဖိုးမြှင့်ကွင်းဆက် | 19 |
| (၂) OSH တိုးတက်ကောင်းမွန်မှုအတွက် မောင်းနှင်အားများနှင့် အဟန့် အတားများ | 35 |
| (၃) ယှဉ်ပြိုင်နိုင်စွမ်းနှင့် OSH တိုးတက်ကောင်းမွန်စေမည့် အခွင့်အလမ်းများ | 48 |
| References | 74 |

## Table of figures

| | | |
|---|---|---|
| Figure 1. | Ginger rhizome. | 17 |
| Figure 2. | Breakdown of ginger production in Myanmar by key producing areas. | 19 |
| Figure 3. | Map of Myanmar and localization of Shan State (south). | 19 |
| Figure 4. | Schematic overview of the ginger market system in Myanmar. | 22 |
| Figure 5. | Basket full of ginger being weighed in a trading centre. | 26 |
| Figure 6. | Workers using knapsack to spray herbicide. | 43 |
| Figure 7. | Worker using a hoe to harvest ginger. | 43 |
| Figure 8. | Woman carrying basket of harvested ginger. | 44 |
| Figure 9. | Worker preparing herbicide mixture for spraying. | 46 |
| Figure 10. | Woman wearing *thanaka* to harvest ginger under the sun. | 49 |
| Figure 11. | Porter transporting a sack of ginger. | 50 |
| Figure 12. | Workers sorting ginger in a warehouse. | 52 |
| Figure 13. | Ginger washing station. VZF supported ginger processors in the building of their factories by simulating production processes and mainstream OSH into factory design and layout. | 61 |

# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| AFFM-IUF | မြန်မာနိုင်ငံတောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ် လုပ်ငန်းပေါင်းစုံ အလုပ်သမား သမဂ္ဂများအဖွဲ့ ချုပ် |
| AMD | စက်မှုလယ်ယာဦးစီးဌာန |
| BSC | ပွဲစားအရောင်းဌာန (ပွဲရုံ) |
| CBI | ဖွံ့ ဖြိုးဆဲနိုင်ငံများမှ ကုန်စည်ဝယ်ယူတင်သွင်းမှု မြှင့်တင်ရေးဗဟို |
| CEPA | ကိန်းဘရစ်ဂျ် စီးပွားရေးမူဝါဒ အကြံပေးလုပ်ငန်း |
| CTUM | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ ချုပ် |
| DoA | စိုက်ပျိုးရေးဦးစီးဌာန |
| EU | ဥရောပသမဂ္ဂ |
| FAO | စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ အစည်း |
| FGD | အုပ်စုဖွဲ့ ဆွေးနွေးခြင်း |
| FGLLID | အလုပ်ရုံများနှင့် အထွေထွေအလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန |
| G7 | ခုနစ်နိုင်ငံအုပ်စု |
| G20 | နိုင်ငံနှစ်ဆယ်အုပ်စု |
| GLOBAL G.A.P | ကောင်းမွန်သောစိုက်ပျိုးရေးအကျင့်အကြံများအတွက် စံချိန်စံညွှန်း |
| GMP | ကောင်းမွန်သောကုန်ထုတ်လုပ်ရေးအကျင့်အကြံများ |
| GRASP | လူမှုရေးအကျင့်အကြံများဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေ အကဲဖြတ်ဆန်းစစ်မှု၊ GAP စံချိန်စံညွှန်း |
| GSCs | တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပို့ပိုးရောင်းချရေးကွင်းဆက် |
| HACCP | ဘေးအန္တရာယ်ဆန်းစစ်လေ့လာမှုနှင့်အဓိကထိန်းချုပ်မှတ်များ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| ITC | နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာန |
| LIFT | အသက်မွေးဝမ်းကျောင်းနှင့် အစားအစာဘေးန္တရာယ်ကင်းရှင်းရေးရန်ပုံငွေအဖွဲ့ |
| MFSPEA | မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေး စွန့် ဦးတီထွင်လုပ်ငန်းရှင်များအသင်း |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MOLIP | မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန |
| MT | မက်ထရစ်တန်ချိန် |
| OSH | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး |
| OSH-GAP | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာလုပ်ဆောင်ချက် |
| PAH | ပေါ်လီဆိုက်ကလစ် အေရိုမက်တစ် ဟိုက်ဒြိုကာဘွန်ဒြပ်ပေါင်း |
| PCI | စံချိန်စံညွှန်းလေးစားလိုက်နာရေး ပုဂ္ဂလိက ဦးဆောင်ဦးရွက်ပြုလုပ်ရားဆောင်ရွက်မှု |
| PPD | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သီးနှံကာကွယ်ရေးဌာနခွဲ |
| PPE | တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းကိရိယာ |
| PST | ပိုးသတ်ဆေးရွေးချယ်ရေးကိရိယာ |
| SSB | လူမှုဖူလုံရေးအဖွဲ့ ချုပ် |
| SSI | တာရှည်တည်တံ့စေသော ဟင်းခတ်အမွှေးအကြိုင်များဦးဆောင်ဦးရွက်ပြုလုပ်ရှား ဆောင်ရွက်မှု |
| SSP | တာရှည်တည်တံ့စေသော ဟင်းခတ်အမွှေးအကြိုင် စီမံချက်များ |
| USAID | နိုင်ငံတကာဖွံ့ ဖြိုးရေးအတွက် US အေဂျင်စီ |
| VC-RD | ကျေးလက်ဖွံ့ ဖြိုးရေးစီမံကိန်းအတွက် တန်ဖိုးမြှင့်ကွင်းဆက်များ |
| VZF | ဗွီရှင်းဇီးရိုးရန်ပုံငွေအဖွဲ့ |
| WASH | ရေ၊ ပတ်ဝန်းကျင်းသန့် ရှင်းရေးနှင့် ကျန်းမာသန့် ရှင်းရေး |
| WHO | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ . |

# အစီရင်ခံစာအကျဉ်း

ကမ္ဘာတစ်ဝှမ်းတွင် ချင်းစားသုံးမှုက တောက်လျှောက်မြင့်တက်နေသည်။ အချက်အလက်များအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ချင်းအများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်ပြီး နိုင်ငံခြားသို့ ချင်းတင်ပို့မှု တိုးမြှင့်ချဲ့ထွင်နိုင်မည့်ဖြစ်နိုင်ခြေလည်း မြင့်မြင့်မားမားရှိနေသည်။ မြန်မာနိုင်ငံထွက် ချင်းအများစုကိုစိုက်ပျိုးရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ချင်းစိုက် ပျိုးရေးသည် အသေးစားလယ်ယာမြေပိုင်ရှင်များစွာအတွက် အဓိကကျသော စီးပွားဖြစ်သီးနှံစိုက်ပျိုးရေးတစ်ရပ်ဖြစ်သည့်အပြင် ကျေးလက်နေပြည်သူ အချို့၏ဝင်ငွေရင်းမြစ်တစ်ရပ်ကို ကိုယ်စားပြုသည်။ ချင်းကိုနိုင်ငံခြားပို့ကုန်အဖြစ်ထုတ်လုပ်ခြင်းက ချင်းသယ်ယူပို့ဆောင်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ အမျိုးအစား၊ သက်တမ်းအရင့်အနုအလိုက် ရွေးချယ်ခွဲထုတ်ခြင်းနှင့် ချင်းအဆင့်မြှင့်တင်ပြုပြင်ခြင်း (processing) တို့အတွက်လည်း အလုပ်အကိုင်များဖန်တီးပေးသည်။ အများအားဖြင့် ယင်းလုပ်ငန်းများမှာ ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်ရသည့် တရားဝင်အတည်တကျမဟုတ်သော လုပ်ငန်းကိုင်ငန်းများဖြစ်သည်။ ချင်းပံ့ပိုးရောင်းချရေးကွင်းဆက် (the ginger supply chain) သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် လူပေါင်း ၁၈၃၉၆ ဦး အတွက် ရာသီအလိုက်အလုပ်အကိုင်များဖန်တီးပေးသည်ဟု ခန့် မှန်းရ၏။

### *လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး(OSH)တိုးတက်မှုအတွက် မောင်းနှင်အားများနှင့်အဟန့် အတားများ*

အောက်ဖော်ပြပါအကြောင်းတရားများသည် မြန်မာနိုင်ငံ ချင်းပံ့ပိုးရောင်းချရေးကွင်းဆက် (the ginger supply chain) အတွင်း OSH တိုးတက်ကောင်းမွန်မှုကို မောင်းနှင်နေသည် သို့မဟုတ် ဟန့် တားပိတ်ပင်နေသည်။

- **OSH အရည်အသွေးသတ်မှတ်ချက်များရှိသည့်ဈေးကွက်များအတွင်း ကြီးထွားဖွံ့ ဖြိုးနိုင်မည့်အလားအလာများ** ချင်းဝယ်လိုအားမြင့်တက်လာနေသည့် ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ချင်းဝယ်ယူသူများသည် အော်ဂဲနစ်ဖြစ်မှု၊ အစားအစာဘေးကင်းမှု၊ အရည်အသွေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်မှုအပေါ် အထူးအလေးပေး အာရုံစိုက်ကြသည်။ ထိုဈေးကွက်များအား လက်လှမ်းမီလာခဲ့ခြင်းက ချင်းလုပ်ငန်းအတွက် မက်လုံးတစ်ရပ်ဖြစ်သည်။ တန်ဖိုးမြှင့်ကွင်းဆက် (value chain) အတွင်း OSH တိုးတက်ကောင်းမွန်ရေး ဆိုင်ရာအကျင့်အကြံများကို အားပေးမြှင့်တင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာအောင် ဆွဲဆောင်နိုင်မည့်မက်လုံးပင်ဖြစ်၏။ ပင်လယ်ရပ်ခြားသို့ချင်းခြောက်နှင့် ချင်းမှုန့်များတင်ပို့မှုတွင် ထိုကဲ့သို့သောစံချိန်စံညွှန်းများအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ထိန်းသိမ်းမှု အပြင်းထန်ဆုံးဖြစ်သည်။ အော်ဂဲနစ်စိုက်ပျိုးရေးဆီသို့ ရွှေ့လျားလာခဲ့ခြင်းက အရည်အသွေးမြင့် ပရီမီယမ်ဈေးကွက်များကို လက်လှမ်းမီဝင်ရောက်နိုင်အောင် ကူညီပေးနိုင်သည့်အပြင် စိုက်ပျိုးရေး ဓာတုပစ္စည်းများအားထိတွေ့မှုနှင့် ဆက်နွယ်နေသည့်ဘေးအန္တရာယ်များကိုလျှော့ချရန် သို့မဟုတ် လုံးဝဖယ်ရှားရန် ကူညီပေးနိုင်သည်။ မြန်မာနိုင်ငံတွင်း ချင်းခြောက်အဆင့်သို့ပြုပြင်မြှင့်တင်ရေးကဏ္ဍ (dried ginger processing sector) နှင့် အော်ဂဲနစ်ချင်းစိုက်ပျိုးရေးလုပ်ငန်း ကြီးထွားဖွံ့ဖြိုးလာခဲ့ခြင်းက မြန်မာ့ချင်းလုပ်ငန်း ကာလကြာရှည် တည်တံ့ခိုင်မြဲရေးအတွက် အခြေခံကောင်းတစ်ရပ်ဖြစ်နိုင်သည်။ သို့ဖြစ်ရာ ယင်းသည်ပိုမို ကောင်းမွန်သော အလုပ်လုပ်ကိုင်ဆောင်ရွက်မှုဝန်းကျင်အခြေအနေများ (OSH နှင့် လူမှုရေးဆိုင်ရာအကာအကွယ်ပေးခြင်း အပါအဝင်) ကို မြှင့်တင့်ရေးအတွက် အောင်မြင်ဖြစ်ထွန်းနိုင်မည့် လမ်းကြောင်းတစ်ရပ်ကို

ပေးစွမ်းနိုင်သည်။ သို့သော် တောင်သူများမှာ ၎င်းတို့၏အကျင့်အကြံများကို အဆင့်မြှင့်တင်နိုင်ရန်နှင့် ဖော်ပြပါစံချိန်စံညွှန်းသတ်မှတ် ချက်အမျိုးမျိုးကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စွမ်းဆောင်ရည်များ၊ အရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများမရှိပေ။ အရည်အသွေး ကောင်းမွန်သောသွင်းအားစုများမရှိခြင်းနှင့် လက်လှမ်းမမီခြင်းကလည်း အဓိကကျသောစိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။

- **ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးအကျင့်အကြံများ အဆင့်မြှင့်တင်ရေးတို့အတွက် ပံ့ပိုးကူညီမှု**

  ချင်းစိုက်တောင်သူများသည် ၎င်းတို့၏အကျင့်အကြံများကို အဆင့်မြှင့်တင်နိုင်အောင် ကူညီပေးမည့် နေရာဌာနများ၊ အရင်းအမြစ်များနှင့် အသိပညာဗဟုသုတများကို လက်လှမ်းမီခြင်းမရှိပေ။ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီရရှိခံစားနိုင်မှုမှာလည်း အကန့်အသတ်ရှိ၏။ တောင်သူလူမှုအသိုက်အဝန်းများနှင့် မိတ်ဖက်လက်တွဲလုပ်ဆောင်ရန် သို့မဟုတ် ၎င်းတို့ကိုအလုပ် ခန့်အပ်တာဝန်ပေးရန် စိတ်ဆန္ဒရှိသည့် ရင်းနှီးမြှုပ်နှံသူများမှာလည်း အလွန်နည်းပါးသည်။ ထို့အပြင် တောင်သူများသည် လယ်ယာမြေလက်ရှိထားပိုင်ခွင့်ဆိုင်ရာ မလုံခြုံမှုကို ရင်ဆိုင်နေကြရသည်ဖြစ်ရာ ၎င်းတို့ကို နည်းပညာသစ်များနှင့်အကျင့်အကြံသစ်များအပေါ် ရင်းနှီးမြှုပ်နှံမှုမပြုဝံ့အောင် ကန့်သတ်ချုပ် ခြယ်ထားသည်။ အဆိုပါစိန်ခေါ်မှုအတားအဆီးအချို့ကို တုံ့ပြန်ဆောင်ရွက်သည့်အနေနှင့် USAID ၏ရန်ပုံငွေပံ့ပိုး ကူညီမှုဖြင့် Winrock International အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးတိုး တက်ရေးအတွက်တန်ဖိုးမြှင့်ကွင်းဆက်များစီမံကိန်း (Value Chains for Rural Development porject) သည် ချင်းစိုက်တောင်သူများ၏ စိုက်ပျိုးရေးအကျင့်အကြံများ တိုးတက်ကောင်းမွန်စေရေးအတွက် ထောက်ပံ့ကူညီနေခဲ့သည်။ ထိုစီမံကိန်းသည် ကမ္ဘာလုံးဆိုင်ရာ ကောင်းမွန်သောစိုက်ပျိုးရေးအကျင့် အကြံများ (Global GAP) နှင့် အော်ဂဲနစ်စိုက် ပျိုးရေးတို့ကို မြှင့်တင်ခြင်းမှတဆင့် ပိုးသတ်ဆေးများ သင့်လျော်မှန်ကန်စွာအသုံးပြုရေးနှင့် ဓာတုသွင်းအားစုများအလုံး စုံဖယ်ရှားရေးတို့ နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခဲ့သည်။ လက်ရှိအသုံးပြုနေသော ဓာတ်မြေသြဇာများနေရာတွင် အစားထိုးမှုတစ်ရပ်အနေဖြင့် မြေဆွေးများအသုံးပြုမှုနှင့်ပတ်သက်သည့်သင်တန်းများကို ပို့ချပေးခဲ့သည်။ မြေဆွေးအသုံးပြုမှုကို လိုက်နာကျင့်ကြံဆောင်ရွက်သူများ ပိုမိုများပြားလာခဲ့သော်လည်း တောင်သူ များစွာတို့မှာ အဆိုပါအော်ဂဲနစ်သွင်းအားစုကို ထုတ်လုပ်နိုင်မည့် နေရာဌာန၊ ပစ္စည်းကိရိယာများ (facilities) ကင်းမဲ့ နေဆဲဖြစ်သည်။ ထိုသွင်းအားစုကို ဝယ်ယူရန်လည်းမတတ်နိုင်ကြရှာပေ။

- **စိုက်ပျိုးရေးဓာတုသွင်းအားစုများ ပိုမိုဘေးကင်းလုံခြုံစွာ အသုံးပြုရန် တောင်းဆိုမှုများ မြင့်မားလာခြင်း**

  ချင်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် အရည်အသွေးနိမ့်ဓာတ်မြေသြဇာများ၊ ပေါင်းသတ်ဆေးများနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်းက ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့ ဖြစ်တည်နေသော ပြဿနာတစ်ရပ်ဖြစ်၏။ စိုက်ပျိုးရေးဓာတုသွင်းအားစုများ မှတ်ပုံတင်ခြင်းနှင့် ရောင်းချခြင်းဆိုင်ရာဥပဒေများကို အကောင်အထည်ဖော် ကြပ်မတ်အရေးယူဆောင်ရွက်မှုများ အလွန်အားနည်းသည်။ နယ်စပ်ကုန်သွယ်ရေးမှတဆင့် စိုက်ပျိုးရေးဓာတုသွင်းအားစုများ နိုင်ငံတွင်းသို့ဝင်ရောက်နေခြင်းက ပြဿနာများစွာဖြစ်ပေါ်စေသည်။ ထို့အပြင် တောင်သူများသည် ၎င်းတို့ဝယ်ယူခဲ့သောဓာတ်မြေသြဇာများမှာ အခြားပစ္စည်းများရောနှော ထားခြင်းရှိမရှိ (သို့) ပြင်းအားလျော့နည်းနေခြင်းရှိမရှိ သတ်မှတ်ဆုံးဖြတ်ရန်မစွမ်းသာပေ။ လက်ရှိတွင် စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပိုးသတ်ဆေးများနှင့်ဓာတ်မြေသြဇာများမှတ်ပုံတင်ခြင်းလုပ်ထုံး လုပ်နည်းများ တိုးတက်ကောင်းမွန်စေရန်နှင့် တောင်သူလယ်သမားများနှင့် လက်လီရောင်းချသူများကို အထောက်အပံ့ပေးနိုင်ရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဥပမာ ဝန်ကြီးဌာနသည် ပိုးသတ်ဆေးများ ပိုမိုထိရောက်ကောင်းမွန်စွာနှင့် ဘေးကင်းလုံခြုံစွာအသုံးပြုရေးနှင့် သက်ဆိုင်သည့် မိုဘိုင်းဖုန်း အပလီကေးရှင်းတစ်ခုကို ရေးဆွဲဖန်တီးခဲ့သည်။ လက်လီရောင်းချသူများကိုလည်း အရေးပါသော သတင်းအချက်ရင်းမြစ်တစ်ရပ်အဖြစ် သတ်မှတ်ရှုမြင်ထားသည်။ သို့သော် လက်လီရောင်းချသူများအဆင့် အသိပညာပေးလုံ့ ဆော်စည်းရုံးမှုများကို ဝန်ထမ်းနှင့်အရင်းအမြစ်များကင်းမဲ့မှုက ကန့်သတ်ပိတ်ပင် နေခဲ့သည်။ ကြားခံဆောင်ရွက်သူများ (intermediaries) (အထူးသဖြင့် ပွဲစားများ) သည်လည်း တောင်သူများအသုံးပြုသည့် သွင်းအားစုအမျိုးအစားအပေါ် လွှမ်းမိုးနိုင်မည်ဖြစ်သည်။

- **တရားဝင်အဖွဲ့ အစည်းနှင့် သမဝါယမအသင်းများမရှိခြင်း**

  ချင်းစိုက်တောင်သူများအား တရားဝင်စုဖွဲ့ထားခြင်းမျိုးမရှိပေ။ သူတို့တွင် ဥပဒေအရ တရားဝင်ဖြစ်သော ရပိုင်ခွင့်များ နှင့်တာဝန်ဝတ္တရားများမရှိသဖြင့် အသိအမှတ်ပြုသက်သေခံလက်မှတ်များ (Global GAP ၊ အော်ဂဲနစ်) ရထိုက်ခွင့် မရှိပေ။ တရားဝင်စုဖွဲ့ခြင်းသည် စျေးကွက်သစ်များသို့ဝင်ရောက်ပိုင်ခွင့်ကို ပေးစွမ်းနိုင်သည့်အပြင် တောင်သူလယ်သမားများအတွက် ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်း စေပြီး (economies of scale - ထုတ်ကုန်များများ ထုတ်လုပ်နိုင်လေလေ ပျမ်းမျှထုတ်လုပ်မှုကုန်ကျ

စရိတ်လျော့နည်းလေလေဖြစ်သည်)၎င်းတို့၏ဈေးညှိနှိုင်းသတ်မှတ်နိုင်မှုအနေအထား(bargaining position) ကိုတိုးတက်ကောင်းမွန်စေနိုင်သည်။ ယင်းသည် အခြေခံအဆောက်အအုံများ၊ နည်းပညာများနှင့် အသိပညာအခြေခံပိုင်ဆိုင်မှုများအပေါ် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် အားပေးကူညီပေလိမ့်မည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုဝန်းကျင်အခြေအနေများ၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်စည်အရည်အသွေးတို့ကို မြှင့်တင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။ တောင်သူလယ်သမားများကြားတွင် ဖြစ်တည်နေပြီးသော လူမှုရေးဆိုင်ရာဆက်ဆံရေးများ (social relations) ကို အသုံးပြုကာ ၎င်းတို့ အတူတကွလက်တွဲပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လာအောင် လုပ်ဆောင်ပေးနိုင်ခြေရှိသည်။ သို့သော် တောင်သူလယ် သမားများစွာတို့မှာ သမဝါယမအသင်းများ၏ဖွဲ့စည်းပုံစနစ်များ (သို့မဟုတ်) အဆိုပါဖွဲ့ စည်းပုံစနစ်များက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းပုံစံများ (business models) များအား မည်သို့မည်ပုံအကျိုးပြုနိုင်သည်ကို သဘောပေါက်နားလည် ခြင်းမရှိသေးပေ။ အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အသင်းအဖွဲ့ များနှင့် သမဝါယမအသင်းများ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ တောင်သူလယ်သမားအချို့ထံတွင် (သမိုင်းကြောင်းဆိုင်ရာအကြောင်းရင်းများကြောင့်) ဆက်လက်စွဲမြဲဖြစ်တည်နေသည့် အနုတ်သဘောဆောင်သော ထင်မှတ်နားလည်ယုံကြည်မှုများကို ကျော်လွှားနိုင်ရန်ပင်ဖြစ်သည်။

- **OSH ဥပဒေသစ်နှင့် ၎င်း၏အကျိုးဝင်နယ်ပယ်ကဏ္ဍ**

  စိုက်ပျိုးရေးအပါအဝင် ကဏ္ဍအများစုကိုလွှမ်းခြုံသော OSH ဥပဒေသစ်တစ်ရပ်မှာ လွှတ်တော်၏ အတည်ပြုပြဋ္ဌာန်းမှုကို စောင့်ဆိုင်းနေသည်။ အဆိုပြုထားသော ထို OSH ဥပဒေကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းက ချင်းအဆင့်မြှင့်တင်ပြုပြင်သူများ (processors) ကို ပို့ကုန်ဈေးကွက်များ၏သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိအောင် လိုက်နာဆောင်ရွက်နိုင်ရန် ကူညီပေးနိုင်သည်။ ချင်းတန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများသည် ဥပဒေသစ်အတွက်ကြိုတင်ပြင်ဆင်မှု (အထူးသဖြင့် OSH စီမံခန့်ခွဲမှုစနစ်တရပ် ချမှတ်တည်ဆောက်မှု) ဆိုင်ရာ အထောက်အပံ့များမှ အကျိုးကျေးဇူးများရရှိပေလိမ့်မည်။ ယခုလက်ရှိအခြေအနေ၌ ရှိရင်းစွဲ OSH နည်းဥပဒေနှင့် အကျုံးဝင်သက်ဆိုင်သောနယ်ပယ်များတွင်ပင် ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားပို့ကုန်တင်ပို့သူများ (processors-exporters) များကြား၌ OSH စီမံခန့် ခွဲမှုစနစ်များ ရေးဆွဲချမှတ်ရန်နှင့် အကောင်အထည်ဖော်ဆောင် ရွက်ရန်အတွက် လက်တွေ့ဗဟုသုတနှင့် စွမ်းရည်များ ကင်းမဲ့နေကြောင်း လေ့လာတွေ့မြင်ရသည်။ အသေးစား လယ်ယာမြေပိုင်ရှင်များနှင့် ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) အလုပ်သမားများကို စီးပွားရေးအသင်းအဖွဲ့ များအဖြစ် မှတ်ပုံတင်ခြင်းမရှိသည့်အချက်ကလည်း ထွက်ပေါ်လာတော့မည့် OSH ဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်မှုတွင် ပြဿနာများ ပေးစွမ်းနိုင်သည်။

- **OSH ဆိုင်ရာအခွင့်အာဏာပိုင်ဆိုင်သော အင်စတီကျူးရှင်းများ၏ အကန့်အသတ်ရှိသော အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ**

  စစ်ဆေးမှုများပြုလုပ်ခြင်းနှင့် သင်တန်းပို့ချခြင်းတို့မှတဆင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်ထိန်းသိမ်းရန်တာဝန်ရှိသော အဖွဲ့အစည်းများတွင် စွမ်းဆောင်ရည်များ၊ လူ့အရင်းအမြစ်များနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ အကန့်အသတ်ရှိနေသည်။ ထို့အပြင် OSH တိုးတက်ကောင်းမွန်မှုကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများဆိုင်ရာ သင့်တော်ကောင်းမွန်သော စောင့်ကြည့်လေ့လာစစ်ဆေးရေးစနစ် (monitoring system) လည်းမရှိပေ။ သီးခြားတန်ဖိုးမြှင့်ကွင်းဆက်များအတွင်းမှ OSH ပြဿနာအရေးကိစ္စများအကြောင်း နားလည်သိမြင်မှုနည်းပါးသကဲ့သို့ သတင်းစကား အချက်အလက်များကို ကွင်းဆက်တစ်ခုချင်းအတွက် တိတိကျကျရည်ရွယ်ဖန်တီးရေးဆွဲမှုနှင့် အသိပညာပေးမှုများလည်း နည်းပါးသည်။

## ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးနှင့် OSH မြှင့်တင်ရေးအတွက် အခွင့်အလမ်းများ

ချင်းစိုက်ပျိုးရေးကို တောင်သူများ၊ အိမ်ထောင်စုများ၊ အခကြေးငွေမရသော မိသားစုဝင်များနှင့် ကိုယ်ပိုင်လုပ်ကိုင်သော ကျပန်းနှင့်နေ့စား စိုက်ပျိုးရေးလုပ်သားများတို့က လုပ်ကိုင်ဆောင်ရွက်သည်။ ထုတ်လုပ်မှုအဆင့်များတွင် အဓိကအားဖြင့် မြေယာရှင်းလင်းထွန်ယက်ခြင်း၊ ပျိုးပင်စိုက်ပျိုးခြင်း၊ ပေါင်းသင်ခြင်း၊ ရောဂါများ၊ ပိုးမွှားများနှင့် ပေါင်းပင်များ နှိမ်နင်းခြင်းနှင့် ချင်းတူးဖော်နုတ်ယူခြင်း တို့ပါဝင်သည်။ ထိုအလုပ်တာဝန်များအတွင်း တောင်သူများနှင့်လယ်ယာလုပ်သားများမှာ အမျိုးမျိုးသောလုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ထိတွေ့ နေရ၏။ ကိုယ်ဟန်အနေအထား၊ လေးလံသော ကုန်စည်ဝန်ထုပ်များနှင့် တာရှည် ထပ်ကျော့လုပ်ဆောင်ရသည့်လှုပ်ရှားမှုများနှင့် ဆက်နွယ်နေသောဘေးအန္တရာယ်များ၊ သန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအထောက်အကူပစ္စည်းများ ရရှိနိုင်မှုကင်းမဲ့ခြင်း၊ ခြင်ကိုက်မှုများ၊ မြွေကိုက်မှုများ၊ နွား ချေးများကိုလက်ဖြင့်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ခရမ်းလွန်ရောင်ခြည်သင့်ခြင်း၊ ဓာတုပစ္စည်းများနှင့်ထိတွေ့မှု၊ ကြီးမားလေးလံသောအလုပ်ဝန်ထုပ်ဝန်ပိုးများ၊ ဓားများအသုံးပြုခြင်းနှင့် ကုန်းလျှောနေရာများတွင် ချော်လဲခြင်း အစရှိသည်တို့နှင့် ဆက်နွယ်နေသော ဘေးအန္တရာယ်များပင်ဖြစ်သည်။ အရိုးအဆစ်နှင့်ကြွက်သား ရောဂါဝေဒနာများမှာ ဖြစ်ပွားမှုအများဆုံးသော ကျန်းမာရေးပြဿနာများဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသည် တောင်သူများနှင့် အလုပ်သမားများ ထိန်းချုပ်နိုင်စွမ်းမရှိသော ပြင်ပအကြောင်းတရားများကြောင့် အလွယ်တကူထိခိုက်နစ်နာရနိုင်သည် (ဥပမာ ထုတ်ကုန်ဈေးနှုန်းများ မမျှော်လင့်ပဲရုတ်တရက် ပြောင်းလဲခြင်း)။ ငွေရေးကြေးရေးဖူလုံမှုကင်းမဲ့ခြင်းက လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များနှင့် ၎င်းတို့၏ နောက်ဆက်တွဲ ဆိုးကျိုးများအောက်သို့ပိုမိုကျရောက်စေနိုင်သည်။ အမှန်ပင် တောင်သူလယ်သမားများသည် အနားယူ ခြင်းနှင့် ဘေးကင်းလုံခြုံမှုတို့ကိုစွန့်လွှတ်ကာ ကုန်ထုတ်စွမ်းအားကို အလေးပေးအာရုံစိုက်လေ့ရှိလေသည်။ အလုပ်ခွဲဝေ လုပ်ကိုင်ခြင်းက လိင်သဘာဝအပေါ် အခြေခံနေဆဲဖြစ်ပြီး အမျိုးသမီးများက အမျိုးသားများထက် အချိန်နာရီပိုမိုကြာမြင့်စွာ အလုပ်လုပ်ကိုင်ရလေ့ရှိသည်။ တောင်သူလယ်သမားများ၊ ၎င်းတို့၏မိသားစုများနှင့် စိုက်ပျိုးရေးလုပ်သားများအဖို့ အလုပ်နှင့်ဆက်နွယ်သော ထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများတို့၏ ရုပ်ခန္ဓာပိုင်းဆိုင်ရာနှင့် ငွေရေးကြေးရေး နောက်ဆက်တွဲ အကျိုးဆက်များကို ရင်ဆိုင်ဖြေရှင်းရန် အလွန်ပင်ခက်ခဲနိုင်သည်။ ဥပမာ လက်ရှိတွင် သူတို့သည် လူမှုဖူလုံရေးကို လက်လှမ်းမီရရှိခံစားနိုင်ခြင်း မရှိပဲ အလုပ်တွင် ထိခိုက်မှုလျော်ကြေးပေးအပ်ရေးအစီအစဉ်များတွင်လည်း ပါဝင်ခြင်းမရှိပေ။ ယေဘုယျအားဖြင့် တောင်သူလယ်သမားများသည် ကျင့်ကြံလုပ်ဆောင်ပုံအချို့၏ဆိုးကျိုးများအကြောင်းကို နားလည်သိရှိကြပြီး လုပ်ငန်းခွင်ဆိုင်ရာအန္တရာယ်များ (hazards) နှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) ကို ကောင်းစွာသိမြင် သဘောပေါက်ကြသည်။ သို့သော် ထိုဘေးအန္တရာယ်များအား မည်သို့မည်ပုံကြိုတင် ကာကွယ်တားဆီးရမည်၊ မည်သို့မည်ပုံ ရှင်းလင်းဖယ်ရှားရမည်ကို နားလည်သိမြင်ခြင်းမရှိပေ။ ဘေးအန္တရာယ် ရှင်းလင်းဖယ်ရှားရေး နည်းလမ်းများတွင် စိုက်ပျိုးရေးအကျင့်အကြံများကို အဆင့်မြှင့်တင်ခြင်းနှင့် ဓာတုပစ္စည်းများအသုံးပြုမှုကို အလုံးစုံဖယ်ရှားခြင်း သို့မဟုတ် ပိုမို ဘေးကင်းစွာအသုံးပြုခြင်းတို့ မဖြစ်မနေပါဝင်ရမည်။

ချင်းများကိုတူးဖော်နုတ်ယူပြီးနောက် သယ်ယူပို့ဆောင်မှုများကို ကုန်ထမ်းသူများ(porters)က လုပ်ဆောင်သည်။ ထိုကုန်ထမ်းသူများသည် ချင်းနှင့် အခြားသော သစ်သီးနှင့်ဟင်းသီးဟင်းရွက် ခြင်းတောင်းများနှင့်အိတ်များကို ကုန်တင်ယာဉ်များနှင့် ကုန်လှောင်ရုံများကြား ထမ်းပိုးသယ်ဆောင်ကာ အတင်အချပြုလုပ်သည်။ ကုန်ထမ်းသူများမှာ ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) အလုပ်သမားများဖြစ်ပြီး ကုန်သည်များ သို့မဟုတ် ကြားခံဆောင်ရွက်သူများ (intermediaries) ကို ဝန်ဆောင်မှုပေးခြင်းဖြင့် လုပ်ခကြေးငွေရရှိကြသည်။ ထိုသူတို့သည် သီးခြားကြားခံဆောင်ရွက်သူတစ်ဦးနှင့် တရားဝင်ခန့်ထားခြင်းမဟုတ်သည့် ချိတ်ဆက်မှုမှတဆင့် လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည်။ နယ်မြေဒေသ၏နေ့စဉ်၊ အပတ်စဉ်နှင့်ရာသီအလိုက် ဟင်းသီးဟင်းရွက် ပေးသွင်းမှုအပြောင်းအလဲများက ကုန်ထမ်းသူများထံမှ ဝန်ဆောင်မှုများ ရယူအသုံးပြုမှုအပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။ နေ့စဉ်နေ့တိုင်းမှာပင် ကုန်ထမ်းသူများသည် ကြီးမားသော ဘေးအန္တရာယ်များနှင့် ထိတွေ့နေရသည်။ ဥပမာ လေးလံသောကုန်စည်ဝန်ထုပ်များကို ဝေးကွာသောနေရာများသို့ ဆိုးရွားသောကိုယ်ဟန်အနေအထားဖြင့် ထမ်းပိုးသယ်ဆောင်ခြင်းနှင့် ဆက်နွယ်နေသည့် သက်တောင့်သက်သာ မရှိသော အလုပ်လုပ်ကိုင်မှုဝန်းကျင်အပြင်အဆင်ဆိုင်ရာ (ergonomic) အန္တရာယ်များ၊ ပတ်ဝန်းကျင် သန့်ရှင်းမှုကင်းမဲ့ခြင်းနှင့် ဆက်နွယ်နေသည့်အန္တရာယ်များနှင့် ခလုတ်တိုက်လဲခြင်းနှင့် ချော်လဲခြင်းဘေးအန္တရာယ်များ စသည်တို့ဖြစ်သည်။ သူတို့၏ ဘေးကင်းလုံခြုံမှုကင်းမဲ့သော လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုအခြေအနေများ (လူမှုရေးဆိုင်ရာအကာအကွယ်ပေးရေးကို လက်လှမ်းမီရရှိနိုင်မှုကင်းမဲ့ခြင်း အပါအဝင်) က လုပ်ငန်းခွင်ဘေးအန္တရာယ်များ၏ အကျိုးသက်ရောက်မှုကို ပိုမိုဆိုးရွားပြင်းထန်စေသည်။ သူတို့သည် အလုပ်တွင်ထိခိုက်မှုလျော် ကြေးပေးအပ်ရေးအစီအစဉ်များကို ရရှိခံစားနိုင်ခြင်းမရှိပဲ အလုပ်နှင့် ဆက်နွယ်သောထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများအတွက် ကုန်ကျစရိတ်များကို ကိုယ်တိုင်ကျခံရသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်မှုနှင့်အတူ ကုန်ထုတ်စွမ်းအားနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုကို တပြိုင်တည်းမြှင့်တင်ပေးနိုင်မည့်

နည်းပညာများနှင့် အကျင့်အကြံများကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကုန်ထမ်းသူများနှင့် ကြားခံဆောင်ရွက်သူများ (intermeidary) မှာ အကျိုး ကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည်။

ကုန်လှောင်ရုံများအတွင်းနှင့် အပြင်ဘက်တွင် အမျိုးသမီးများအဓိကပါဝင်သည့် အလုပ်သမားများကို ချင်းရွေးရန်နှင့် ချင်းဆေးရန်အတွက် ကုန်သည်များကငှားရမ်းလုပ်ကိုင်စေသည်။ ထိုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိုအမျိုးသမီးများမှာ အမျိုးမျိုးသော ဇီဝခန္ဓာပိုင်းဆိုင်ရာဘေးအန္တရာယ်များ (biological hazards) နှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) တို့နှင့် ထိတွေ့နေရသည်။ အလုပ်လုပ်ကိုင်မှု ကိုယ်ဟန်အနေအထားများကြောင့် အရိုးအဆစ်နှင့်ကြွက်သားရောဂါဝေဒနာ များဖြစ်ပေါ်လာရပြီး ခလုတ်တိုက် လဲခြင်းနှင့်ချော်လဲခြင်း ဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရသည်။ ချင်းဆေးခြင်းနှင့် ချင်းရွေးခြင်းတို့မှာ ရာသီအလိုက်လုပ်ကိုင်ရသောအလုပ်များဖြစ်သည်။ သို့သော် အချို့ရောင်းဝယ်ရေးလုပ်ငန်းများတွင် ချင်းရွေးသူအနည်းငယ်ကို တစ်နှစ်ပတ်လုံးအတွက် အလုပ်ခန့်အပ်ထားရှိသည်။ အလုပ်ရှင်များနှင့် အလုပ်သမားများမှာ OSH နှင့်သက်ဆိုင်သောဥပဒေများကို ကောင်းစွာနားလည်သိမြင်မှု မရှိကြောင်း၊ စစ်ဆေးမှုများကိုလည်းပုံမှန်ဆောင်ရွက် လေ့မရှိကြောင်း တွေ့မြင်ရသည်။ ယေဘုယျအားဖြင့် ကြိုတင်ကာကွယ်တားဆီးရေးနှင့် အကာအကွယ်ပေးရေး OSH အခြေခံလုပ်ဆောင်ချက်များပင်ကင်းမဲ့နေသည်။ ချင်းရွေးသူများနှင့် ချင်းဆေးသူများမှာ လူမှုဖူလုံရေးအကျိုးခံစားခွင့်ကို ရရှိခံစားနိုင်ခြင်းမရှိပေ။ လုပ်ငန်းခွင်ဆိုင်ရာရောဂါရမှုများ သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုများဖြစ်ပွားခဲ့လျှင် ကုန်ကျစရိတ် များအတွက် အကူအညီပေးသည့်အနေနှင့် ကုန်သည်များက ၎င်းတို့၏သဘောဆန္ဒအလျောက် ရုပ်ဝတ္ထုပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအနေဖြင့်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း ထောက်ပံ့ပေးအပ်နိုင်သည်။

နိုင်ငံခြားတင်ပို မှုအတွက် ချင်းစိမ်းအဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများကို ချင်းအဆင့်မြှင့်တင်ပြုပြင်သူများ-တင်ပို့သူများ (processors-exporters) က ၎င်းတို့၏အလုပ်ရုံများတွင် ဆောင်ရွက်သည်။ (၁) ချင်းရွေးသူများနှင့် ချင်းဆေးသူများ (အများအားဖြင့် နေ့စား သို့မဟုတ် ရာသီ အလိုက်လုပ်ကိုင်သူ အမျိုးသမီးများ) နှင့် (၂) ချင်းဖြတ်စက်မောင်းသူများ (အများအားဖြင့် အမြဲတမ်းဝန်ထမ်းအမျိုးသားများ) ကို ခန့်အပ်တာဝန်ပေးလုပ်ကိုင်စေသည်။ အလုပ်ရုံများအတွင်း လေဝင်လေထွက်မကောင်းခြင်းက အလုပ်သမားများအား မြေကြီး၊ ဖုန်မှုန့်များနှင့် ပိုမိုဆိုးရွားစွာထိတွေ့စေသည်။ စက်မောင်းသူများမှာ လက်၊ လက်မောင်းနှင့် တစ်ကိုယ်လုံးတုန်ခါမှုများ၊ ကျယ်လောင်သောဆူညံသံများနှင့် တစ်နေကုန် တစ်နေခန်း ထိတွေ့ခံစားရသည်။ ထိုအလုပ်သမားများသည် တစ်ကိုယ်ရည် အကာအကွယ်ပစ္စည်းကိရိယာများကို အသုံးမပြုကြပေ။ ချင်းဆေးသူများနှင့်ချင်းရွေးသူများအဖပို့ တစ်ခါတစ်ရံတွင် မြင့်မားသောအပူချိန်များတွင် အလုပ်လုပ်ကိုင်ကြရသည်ဖြစ်ရာ အပူဒဏ်ကြောင့်နွမ်းနယ်ပင်ပန်းမှုများ ခံစားရနိုင်သည်။ ထိုစက်ရုံအလုပ်ရုံများသည် OSH နှင့်သက်ဆိုင်သော ဥပဒေ တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် တွင်ပြင်ဆင်ရေးဆွဲခဲ့သည့် စက်ရုံအလုပ်ရုံများအက်ဥပဒေ (၁၉၅၁ ခုနှစ်) နှင့် အကျုံးဝင်သက် ဆိုင်သည်။ ကုမ္ပဏီများသည် ယေဘုယျအားဖြင့် အလုပ်သမားများအားလုံးအတွက် ရှေးဦးသူနာပြုစုရေးဆေးသေတ္တာများ (first aid kits) နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေခံအထောက်အကူပစ္စည်းများ ပေးအပ်ထားသော်လည်း အချို့ဘေးအန္တရာယ်များကို လေ့လာဖော်ထုတ်ခြင်း (သို့) ကိုင်တွယ်စီမံခန့်ခွဲခြင်း မပြုရသေးပါချေ။ စက်ရုံအလုပ်ရုံစစ်ဆေးခြင်းနှင့် သင်တန်းပို့ချခြင်းတို့မှတဆင့် OSH စည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်ထိန်းသိမ်းရန်တာဝန်ရှိသော အာဏာပိုင် အဖွဲ့အစည်းဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) အောက်မှ စက်ရုံအလုပ်ရုံများနှင့် အထွေထွေအလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန (FGLLID) သည် OSH အသိပညာပေးခြင်း၊ သင်တန်းပို့ချခြင်းနှင့်စစ်ဆေးမှုများပြုလုပ်ခြင်းတို့အတွက် အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ နည်းပါးလွန်းနေသည်။ ကုမ္ပဏီများသည် တရားဝင်အလုပ်ခန့်ထားမှုစာချုပ်များနှင့် လူမှုဖူလုံ ရေးအကျိုးခံစားခွင့်များရရှိသည့် အလုပ်သမား (၁၀) ဦးမှ (၁၅) ဦး အထိပါဝင်သော ပင်မအလုပ်သမားအုပ်စုတစ်စုကို အလုပ်ခန့်အပ်ထားလေ့ရှိသည်။ ရာသီအလိုက်နှင့် နေ့စားအလုပ်သမားများမှာမူ ၎င်းတို့၏ဘေးကင်း လုံခြုံမှုကင်းမဲ့သော အလုပ်အကိုင်အခြေအနေများကြောင့် ထိခိုက်ပျက် စီးဆုံးရှုံးနိုင်ခြေပိုမိုမြင့်မားသည်။ အမြဲတမ်းအလုပ်သမားများမှာ ထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများဖြစ်ပွားလျှင် လျော်ကြေးငွေများတောင်းခံလျှောက်ထားနိုင်သည်။ သို့သော် ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်၏ ကြီးမားသော ရာခိုင်နှုန်းတစ်ခုကို အလုပ်သမားများကသာ ကျခံနေရဆဲဖြစ်သည်။

ချင်းတန်ဖိုးမြှင့်ကွင်းဆက်အတွင်းမှ OSH တိုးတက်ကောင်းမွန်ရေး မောင်းနှင်အားများနှင့် အဟန့် အတားများအပြင် ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ (vulnerability profiles) များကိုအခြေခံပြီး တန်ဖိုးမြှင့်ကွင်းဆက်၏ ယှဉ်ပြိုင်နိုင် စွမ်းနှင့် OSH ရလာဒ်အဖြေများကို တိုးတက်ကောင်းမွန်စေရန်ဦးတည်သော အားထုတ်ကြိုးပမ်း ဆောင်ရွက်ချက်များက ထွက်ပေါ်လာမည့် OSH ဥပဒေ နှင့်အတူ အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု၊ အော်ဂဲနစ်၊ လူမှုရေးနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများကို အမှန်တကယ်လိုက်နာစေရေးအတွက် အလေးပေးအာရုံစိုက်နိုင်မည်ဖြစ်သည်။ နယ်မြေဒေသတွင်း OSH ဆိုင်ရာအသိအမြင်နှင့် စွမ်းဆောင်ရည်များ အားကောင်းခိုင်မာစေပြီး စိုက်ပျိုးရေးဓာတုပစ္စည်းများ၊ အော်ဂဲနစ်သွင်းအားစုများနှင့် စိုက်ပျိုးရေးကိရိယာများ သင့်တော်မှန်ကန်စွာ အသုံးပြုရေးနှင့် ပတ်သက်၍ အကြံဉာဏ်ပေးရေးလုပ်ဆောင်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်သည်။ သွင်းအားစုကုမ္ပဏီများ၏ OSH ဆိုင်ရာ အကြံပေးဝန်ဆောင်မှုများကို ပံ့ပိုးကူညီပေးနိုင်မည့် အင်စတီကျူးရှင်းဆိုင်ရာစွမ်းဆောင်ရည်ကိုလည်း ဖြည့်ဆည်းမြှင့်တင်ပေးနိုင်သည်။ OSH ဆိုင်ရာ အသိပညာပေးစည်းရုံး လှုံ့ဆော်မှုများနှင့် သင်တန်းပို့ချမှုများ ပြုလုပ်နိုင်ရန်အတွက် နယ်မြေဒေသစွမ်းဆောင်ရည်ကို တည်ဆောက်သွားရန် အကြံပြုလိုပါသည်။ ဆင့်ပွားဆောင်ရွက်မှုနှင့် တာရှည်တည်တံ့ ခိုင်မြဲမှုကို ထိန်းသိမ်းသွားနိုင်ရန်အတွက်ဖြစ်သည်။ OSH ဝန်ဆောင်မှုများပေးအပ်ခြင်း ဆိုင်ရာ နယ်မြေဒေသတွင်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ကမ္ဘာလုံးဆိုင်ရာ GAP နှင့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်များပေးအပ်မှုနှင့် ချိတ်ဆက်နိုင်ပေသည်။ သမဝါယမအသင်းများဖွဲ့စည်းရန် အတွက်လည်းပံ့ပိုးကူညီနိုင်သည်။ အခြားလုပ်ဆောင်ချက်များကို ကုန်သွယ်ရောင်းဝယ်ရေးကဏ္ဍအတွင်းမှ ကြားခံဆောင်ရွက်သူများ (intermediaries) နှင့် အလုပ်သမားကြား ဘေးအန္တရာယ်ကင်းရှင်းရေး ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အလေးပေးဆောင်ရွက်နိုင်သည်။ ကုန်ထုတ်စွမ်းအား တိုးတက်စေရန်နှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးသတ်မှတ်ချက်များကို လိုက်နာဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်သည်။ လယ်ယာမြေအဆင့်တွင် တူးဖော်နုတ်ယူပြီးချိန်နောက်ပိုင်း အဆင့်မြှင့်တင်ပြုပြင်ရေး နေရာဌာနများ (postharvest facilities) တည်ထောင်မှုကို မြှင့်တင်ခြင်းဖြင့် တောင်သူများမှာ စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်ပြီး အလုပ်လုပ်ကိုင်ဆောင်ရွက်မှုအခြေ အနေများ တိုးတက်ကောင်းမွန်လာနိုင်သည်။ မြန်မာ့ချင်းလုပ်ငန်းသည် OSH တိုးတက်ကောင်းမွန်စေရေးအတွက် တပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မဟာဗျူဟာနှစ်ရပ်မှ အကျိုးအမြတ်ကြီးကြီး မားမားရရှိပေလိမ့်မည်။ (၁) ဥရောပနှင့် အမေရိကန်ပြည်ထောင်စု အရည်အသွေးမြင့်ပရီမီယမ်ဈေးကွက်များ၏ သတ်မှတ်စံချိန်စံညွှန်းများ (အော်ဂဲနစ်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ) အတိုင်းလိုက်နာဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်ဦးတည် သောမဟာဗျူဟာတစ်ရပ်နှင့် (၂) ချင်းတန်ဖိုးမြှင့်ကွင်းဆက်အတွင်း OSH နှင့်သက်ဆိုင်သော အခွင့်အာဏာ တစ်ရပ်ရှိသည့် အင်စတီကျူးရှင်းများကို ပိုမိုအားကောင်းခိုင်မာစေမည့် အမျိုးသားမဟာဗျူဟာတစ်ရပ် (သို့ဆိုလျှင် ထိုအင်စတီကျူးရှင်းများသည် အထက်ဖော်ပြပါ အဓိကကျသောလုပ်ဆောင်သူများ (actors) များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်) တို့ဖြစ်သည်။

# မိတ်ဆက်နိဒါန်း

ဤအသေးစိတ်သုတေသနပြုလေ့လာမှုကို VZF Myanmar စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် VZF ဦးဆောင်ဦးရွက်ပြုလုပ်ရားဆောင်ရွက်မှု (initiative) မှရွေးချယ်ခဲ့သည့် ကနဦး နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ VZF သည် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်စည် ပံ့ပိုးရောင်းချရေးကွင်းဆက် (GCSs) များတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် (သို့မဟုတ်) ပူးပေါင်းပါဝင်ရန်မျှော်လင့်နေသည့် ကဏ္ဍများအတွင်း အလုပ်နှင့် ဆက်နွယ်သောသေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများကို ကာကွယ်တားဆီးရန် ရည်ရွယ်သည်။ G7 ခုနှစ်နိုင်ငံအုပ်စုက ဦးဆောင်ဦးရွက်ပြုကာ G20 နိုင်ငံနှစ်ဆယ်အုပ်စုက အားပေးထောက်ပံ့သော VZF သည် အလှူရှင် အဖွဲ့ အစည်းများစွာကလွှဲအပ်ထားသော ရန်ပုံငွေတစ်ရပ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) သည် ထို ရန်ပုံငွေ၏စီမံကိန်းများကို စီမံခန့်ခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သည်။ VZF စီမံကိန်းများသည် *လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးရေး တစ်ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက် (OSH-GAP) ပင်မအစီအစဉ် နှင့် တစ်ကမ္ဘာလုံးဆိုင်ရာကုန်စည်ပံ့ပိုးရောင်းချရေးကွင်းဆက်များအတွင်းမှ ကောင်းမွန်သင့်လျော်သောအလုပ်အကိုင်ဆိုင်ရာ ၂၀၁၇-၂၀၂၁ ခုနှစ် ILO ဆောင်ရွက်ချက်အစီအစဉ် (ILO Programme of Action 2017-2021 on Decent Work in Global Supply Chains)* တို့ကို အကောင်အထည်ဖော်နိုင်အောင် ပံ့ပိုးကူညီပေးသည်။ VZF ၏အဓိကရည်မှန်းချက်မှာ ဝင်ငွေနည်းပါးသော နှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများအတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ဆောင်ချက်များ ဖြစ်ထွန်းခိုင်မာအားကောင်းစေမည့် အများပြည်သူနှင့် ပုဂ္ဂလိက စုပေါင်းဝိုင်းဝန်းဆောင်ရွက်ချက် (collective public and private action) ကိုမြှင့်တင်သွားရန်ဖြစ်သည်။ VZF စီမံကိန်းများ သည် ပထမဆုံးအနေနှင့် အထည်အလိပ်နှင့် စိုက်ပျိုးထုတ်ကုန်အစားအစာ တန်ဖိုးမြှင့်ကွင်းဆက်များကို အလေးပေးအာရုံစိုက်သည်။ ရွေးချယ်ခဲ့သောတန်းဖိုးမြှင့်ကွင်းဆက်တစ်ခုချင်းစီအတွက် အသေးစိတ်လေ့လာမှုတစ်ရပ်ပြုလုပ်ကာ OSH တိုးတက်ကောင်းမွန်ရေးအတွက်မောင်းနှင်အားများနှင့်အဟန့်အတားများတို့အပြင်ဝင်ရောက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လေ့လာဖော်ထုတ်သည်။



ကုန်စည်ပံ့ပိုးရောင်းချရေးကွင်းဆက် (supply chain) ရွေးချယ်ရန်၊ ကွင်းဆက်မြေပုံရေးဆွဲရန် (mapping) နှင့် လေ့လာ ဆန်းစစ်မှုပြုရန်နှင့် ပါဝင်ဆောင်ရွက်မှုပုံစံများ (intervention models) ရေးဆွဲချမှတ်ခြင်းအတွက် ကျင့်ကြံအသုံးပြုသော နည်းလမ်းမှာ ပိုမိုဘေးကင်းလုံခြုံသောလုပ်ငန်းခွင်များဆိုင်ရာ G20 ၏လုပ်ငန်းကို ပံ့ပိုးကူညီရန်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပံ့ပိုးရောင်းချရေးကွင်းဆက်များ အတွင်း သတင်းအချက်အလက်မျှဝေရာနေရာဌာန (knowledge base) နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာမှုတို့ကို မြှင့်တင်ပေးမည့် ILO-EU ပူးတွဲစီမံကိန်း အောက်တွင် ရေးဆွဲဖန်တီးခဲ့ သော နည်းလမ်းဖြစ်သည် (သင့်တော် ကောင်းမွန်သောအလုပ်အကိုင်အတွက်ဈေးကွက်စနစ်များ (the Market Systems for Decent Work)) နည်းလမ်းကို အလိုက်သင့်ပြင်ဆင်မွမ်းမံထားခြင်းဖြစ်သည်။)

မြန်မာနိုင်ငံ ချင်းတန်ဖိုးမြှင့်ကွင်းဆက်[1] ကို (အခြားသတ်မှတ်စံနှုန်းများအပါအဝင်) အောက်ပါအကြောင်းအချက်များကြောင့် ရွေးချယ်ခဲ့သည်။ OSH ရင်းနီးမြှုပ်နှံမှုများကို တုံ့ပြန်ချီးမြှင့်သွားမည့် ဈေးကွက်သစ်များအတွင်းသို့ ဝင်ရောက်နိုင်မည့် ဖြစ်နိုင်ခြေအလားအလာမြင့်မားခြင်း၊ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဘေးအန္တရာယ်အလွန်များသောလုပ်ငန်းစဉ်များပါဝင်နေခြင်း၊ အခြားသီးနှံများအတွက် ဆင့်ပွားရယူကျင့်ကြံနိုင်မည့် ဖြစ်နိုင်ခြေမြင့်မားခြင်း၊ အကောင်အထည်ဖော်နေပြီးဖြစ် သောဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အပြန်အလှန်အကျိုးပြုကာ ဆပွားအကျိုးကျေးဇူးများပေးအပ်နိုင်ခြင်း (synergy) အစရှိသည်တို့ဖြစ်၏။ ရွေးချယ်ပြီးသည်နှင့်တပြိုင်နက် မတူခြားနားသောလုပ်ဆောင်သူ (actor) အမျိုးအစားများနှင့် ၎င်းတို့၏ အင်စတီကျူးရှင်းဆိုင်ရာ ဝန်းကျင်နှင့် ဈေးကွက်ဝန်းကျင်ကို အသေးစိတ်လေ့လာတင်ပြရန်အတွက် ကုန်စည်ပံ့ပိုးရောင်းချ ရေးကွင်းဆက် (supply chain) ကို မြေပုံရေးဆွဲမှု (mapping) ပြုခဲ့သည်။ ထို့နောက် OSH တိုးတက်ကောင်းမွန်ရေးဆိုင်ရာ မောင်းနှင်အားများနှင့် အဟန့်အတားများကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်းများအား နားလည်သိမြင်နိုင်ရန်အတွက် အရည်အသွေးလက္ခဏာရပ်ဆိုင်ရာခွဲခြမ်းလေ့လာဆန်းစစ်မှု (qualitative analysis) တစ်ရပ်ကို ထဲထဲဝင်ဝင်ပြုလုပ်ခဲ့သည်။ ယင်းလေ့လာဆန်းစစ်မှုကို မတူခြားနားသောလုပ်ဆောင်သူ (actors) အမျိုးအစားများ၏အတွေ့အကြုံနှင့် ဈေးကွက်ဝန်းကျင်နှင့်အင်စတီကျူးရှင်းဆိုင်ရာ ဝန်းကျင် သုတေသနပြုလေ့လာမှုတို့အပေါ်တွင် အခြေခံသည်။ အသုံးပြုသော သုတေသနပြုလေ့လာမှုနည်းစနစ်က ထုတ်လုပ်မှုအဆင့် တစ်ခုချင်းစီတွင်ရှိသော ထိခိုက်ပျက်စီးလွယ်မှု အကြောင်းအရာများ (vulnerability profiles) (လုပ်ငန်းခွင်ဘေးအန္တရာယ်များလေ့လာဖော်ထုတ်မှုအပါအဝင်) အပြင် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေးအစီအစဉ်၏လွှမ်းခြုံမှု၊ အလုပ်ခန့်ထားမှုပုံစံအနေအထား (employment status) ကဲ့သို့သော အကြောင်းတရားများနှင့် ၎င်းတို့ကြားဆက်နွယ်မှုကိုလည်း လေ့လာဖော်ထုတ်ခဲ့သည်။ အဆိုပါလေ့လာ ဆန်းစစ်မှုအပေါ်အခြေခံပြီး သက်ဆိုင်သူများ (stakeholders) နှင့် ဆွေးနွေးတိုင်ပင်မှုပြုကာ ပါဝင်ဆောင်ရွက်မှုပုံစံများ (intervention models) ကို ရေးဆွဲချမှတ်ခဲ့သည်။

လေ့လာမှုနှင့် ပါဝင်ဆောင်ရွက်မှုပုံစံကို အားလုံးပူးပေါင်းပါဝင်သောလုပ်ငန်းစဉ်တစ်ရပ်ကိုအသုံးပြုကာ အကောင်အထည် ဖော်ဆောင်ရွက်သည်။ ထိုလုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းများပါဝင်သည်။

- စာပေစာတမ်းကနဦးလေ့လာသုံးသပ်မှုတစ်ရပ် (သိပ္ပံနှင့်နည်းပညာဆိုင်ရာ စာအုပ်စာပေများ၊ ကုန်ထုတ်လုပ်သော နိုင်ငံတွင်း လက်ရှိဥပဒေနှင့် သက်ဆိုင်ရာမူဝါဒများ၊ ကုန်သွယ်ရေးစာရင်းအင်း အချက်အလက်များ၊ OSH အချက် အလက်များအပါအဝင် အလုပ်လုပ်ကိုင်မှု အခြေအနေများနှင့် သက်ဆိုင်သော အချက်အလက်များ၊ ပြည်တွင်းနှင့် နိုင်ငံ တကာ သတင်းဆောင်းပါးများနှင့် ရွေးချယ်ထားသော ဝက်ဘ်ဆိုက်များပါဝင်သည်)

1. The ILO သည် "global supply chains" နှင့် "global value chains" ဟူသောစကားအသုံးအနှုန်းများအတွက် အတည်ဖြစ်သောအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ် သတ်မှတ်သုံးစွဲလာခဲ့ခြင်းမရှိသေးပါ။ မကြာသေးမီက "ကမ္ဘာ့အလုပ်အကိုင်နှင့်လူမှုရေးဆိုင်ရာအနာဂတ်မျှော်မှန်းချက်" ဟူ သောအစီရင်ခံစာတွင် the ILO (2015a) သည် ၁၉၉၅ ခုနှစ် မှ ၂၀၁၃ ခုနှစ် အထိကာလအတွင်း နိုင်ငံပေါင်း ၄၀ အတွက် GVCs တွင်ပါဝင် နေသောအလုပ်အကိုင်အရေအတွက်ခန့်မှန်းချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထိုသို့ ခန့်မှန်းထုတ်ပြန်နိုင်ရန်အတွက် သုတေသနပြုလေ့လာ ရေးအဖွဲ့မှအသုံးပြုခဲ့သော GVC ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ " (ထုတ်လုပ်ရေးလုပ်ငန်းစဉ်တစ်ခု၏ မတူခြားနားသောလုပ်ငန်းတာဝန်များကို နှစ်ခု သို့မဟုတ် ထို့ထက်ပိုသောနိုင်ငံများတွင်ဆောင်ရွက်သည့်) နယ်စပ်ဖြတ်ကျော်ပြီး ထုတ်လုပ်ရေးကိုအပိုင်းပိုင်းဖြတ်ကာဖော်ဆောင်ခြင်း မှ ပေါ်ထွက်လာသော ဝယ်လိုအား-ရောင်းလိုအား ဆက်ဆံရေး" (Krugman, 1995; Antras & Chor, 2013) ဟူသောဖွင့်ဆိုချက်ဖြစ်သည်။ The ILO သည် တန်ဖိုးကွင်းဆက်အတွက်လည်း အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုခဲ့သည်။ တန်ဖိုးကွင်းဆက်ဟူသောစကားအသုံး အနှုန်းမှာ "ကုန်စည်တစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခု စတင်သန္ဓေတည်ခြင်းမှ ထုတ်လုပ်ရေးကြားခံအဆင့်များကိုဖြတ်သန်းကာ နောက် ဆုံးစားသုံးသူများထံသို့ ပေးပို့ခြင်းနှင့် အသုံးပြုပြီး နောက်ဆုံးပြန်လည်စွန့်ပစ်ခြင်း အထိ သယ်ဆောင်သွားရန်လိုအပ်သော ကျယ်ပြန့်လှ သောလုပ်ဆောင်ချက်အမျိုးမျိုး ကိုဆိုလိုသည်" (Kaplinsky & Morris, 2002)။ လိုအပ်သောလုပ်ဆောင်ချက်အမျိုးမျိုးတွင် ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အထောက်အပံ့ပေးရေးဝန်ဆောင်မှုများပါဝင်သည်။ တန်ဖိုးကွင်းဆက်တစ်ခုတွင်ပါဝင် သော လုပ်ဆောင်ချက်များကို "စီးပွားရေးလုပ်ငန်းတစ်ခုတည်းအတွင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများစွာကြားဖြန့်ကျက်ကာ၊ ပထဝီနယ် မြေတစ်ခုတည်း သို့မဟုတ် ပိုမိုကျယ်ပြန့်သောနယ်မြေဒေသတလျှောက်ဖြန့်ကျက်ကာ" ဆောင်ရွက်နိုင်သည် (ILO, 2015a)။ ကမ္ဘာ့ကုန် သွယ်ရေးအဖွဲ့အစည်း (WTO) က အခိုင်အမာထပ်မံတင်ပြထားသည်မှာ "ဗန်းစကားအသုံးအနှုန်းများက ကွဲပြားနိုင်သည် - GVC အစား ကုန်သွယ်မှုကို တန်ဖိုးမြှင့်တင်သော၊ ထုတ်လုပ်မှုကိုမျှဝေလုပ်ကိုင် သော၊ ထုတ်ကုန်ပံ့ပိုးရောင်းချရေးကွင်းဆက်များ၊ ပြင်ပမှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုရယူသော၊ ပင်လယ်ရပ်ခြားတွင်လုပ်ကိုင်သော၊ ဒေါင်လိုက်ပေါင်းစပ်စုစည်းခြင်း သို့မဟုတ် အပိုင်းပိုင်းဖြတ် တောက်ထားသောထုတ်လုပ်မှု စသည်ဖြင့် - သို့သော် နိုင်ငံတကာပါဝင်သော လက်တွဲချိတ်ဆက်ဆောင်ရွက်သည့်ထုတ်လုပ်ရေး ဟူသော ပင်မအဓိပ္ပာယ်မှာ မပြောင်းမလဲပဲရှိပါသည်။" လေ့လာမှုနည်းနိဿယအတွက် စကားအသုံးအနှုန်းနှစ်ခုကို အပြန်အလှန်ဖလှယ်အသုံးပြု ကြပါသည်။

- အရည်အသွေးလက္ခဏာရပ်ဆိုင်ရာ တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGD) ကို အခြေခံသော လက်တွေ့ကွင်းဆင်းသုတေသနပြုလေ့လာမှု (တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများကို တန်ဖိုးမြှင့်ကွင်းဆက်နှင့် ဈေးကွက်နှင့်အင်စတီကျူးရှင်းဆိုင်ရာ ဝန်းကျင်အတွင်းမှ လုပ်ဆောင်သူ (actors) အမျိုးအစားအားလုံး၏ နမူနာ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည်)။ အဓိကကျသော သတင်းအချက်အလက်ပေးသူများ ပါဝင်သည့် အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGDs) တွင် ဈေးကွက်လုပ်ဆောင်သူများ (market actors) များ၊ အလုပ်သမားများ၊ အစိုးရအဖွဲ့ များ (စိုက်ပျိုးရေးဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံများနှင့် အထွေထွေအလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန စသည်)၊ ဖွံ့ဖြိုးရေးအစီအစဉ်များ၊ အလုပ်ရှင်အသင်းအဖွဲ့များ၊ နိုင်ငံခြားတင်ပို့သူ-ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူ (exporter-processor) အသင်းအဖွဲ့များနှင့် အလုပ်သမားသမဂ္ဂများပါဝင်သည်။ ထိုဆွေးနွေးမှုများအပြင် အစက်ကပ်စေသောနည်းဖြင့်စစ်တမ်းကောက်ယူမှုတစ်ရပ် (Dot survey) ကို တောင်သူလယ်သမားများ၊ လယ်ယာမြေအလုပ်သမားများတို့နှင့် လုပ်ဆောင်ခဲ့သည်။
- လက်တွေ့ကွင်းဆင်းလေ့လာမှုမှရရှိသော ရလာဒ်အဖြေများကို အခြေခံကာ သက်ဆိုင်သူများ (stake-holders) က OSH တိုးတက်ကောင်းမွန်စေရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက် ကောင်းမွန်ရေးအတွက် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့သည်။

ဤအသေးစိတ်လေ့လာမှုစာတမ်းသည် အထက်ဖော်ပြပါသုတေသနပြုလေ့လာမှုအဆင့်များမှထွက်ပေါ်လာသောရလာဒ် အဖြေများကို တင်ပြထားသည်။ ယင်းသည် ချင်းထုတ်လုပ်ပံ့ပိုးရေးကွင်းဆက် (supply chain)၏ယေဘုယျအကြောင်း အရာနှင့် ၎င်းကွင်းဆက်အပေါ်လေ့လာဆန်းစစ်မှု၊ ကွင်းဆက်တစ်နံတစ်လျားမှ လုပ်ငန်းများအားလုံးတွင် OSH တိုးတက် ကောင်းမွန်ရေးအတွက် မောင်းနှင်အားများနှင့် အဟန့်အတားများ၊ OSH တိုးတက်ကောင်းမွန်ရေးအခွင့်အလမ်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ကောင်းမွန်ရေးအခွင့်အလမ်းများတို့ကို ဖော်ပြထားပေသည်။

## | Step 1: Selection





## | Step 3: Analysis





# | Step 2: Mapping






# | Step 4: Intervention







# ၁ မြန်မာနိုင်ငံမှ ချင်းတန်ဖိုးမြှင့်ကွင်းဆက် (The ginger value chain from Myanmar)

## ၁.၁။ ထုတ်ကုန်နှင့်ဈေးကွက်

### ထုတ်ကုန်

ချင်းသည်နှစ်ရှည်ခံပင်ပျော့တစ်မျိုးဖြစ်ပြီး ၎င်း၏အနံ့ပြင်းသောမြေအောက်ပင်စည် (ချင်းတက်) များအတွက် တစ်နှစ်ခံပင်အဖြစ် စိုက်ပျိုးလေ့ရှိသည်။ ချင်းကို ဟင်းခတ်အမွှေးအကြိုင်တစ်ခုအဖြစ်အသုံးပြုပြီး ချိုချဉ်များ၊ ဖျော်ရည်များ၊ အရက်၊ ရေခဲမုန့်၊ ပေါင်မုန့်၊ ကိတ်မုန့်နှင့် မီးဖိုဖြင့်ဖုတ်သောအစားအစာများ၊ ငရုတ်သီးမှုန့်အရောအနှော၊ တာရှည်ခံချင်းနှင့် အမျိုးမျိုးသောဟင်းခတ်မှုန့်များအတွင်းမှ ပါဝင်ပစ္စည်းအဖြစ် အသုံးပြုသည်။ ဆေးဖက်ဝင်အပင်များကိုအသုံးပြုသောဆေးဝါးများ (herbal medicine) တွင်လည်းအသုံးပြုသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်ကာလအထိ ကာလအတွင်း ကမ္ဘာ့တစ်ဝှမ်းတွင် ချင်းကို ပါဝင်ပစ္စည်းတစ်ခုအဖြစ် ထည့်သွင်းထားသောထုတ်ကုန်ပေါင်း ၂၇၄၄၇ ခု စတင်မိတ်ဆက် ရောင်းချခဲ့သည်။[2] ချင်းကို ပုံစံအမျိုးမျိုးဖြင့် စားသုံးကြသည်။ အစိမ်း၊ အခြောက်၊ ဆီစိမ်၊ အနှပ်၊ တာရှည်ခံချင်းဆားရည်စိမ်၊ သကြားအုပ်၊ သကြားလုံးနှင့် အမှုန့် ပုံစံတို့ဖြင့် စားသုံးကြသည်။ ချင်းခြောက်များကို အခွံပါလျက်သော်လည်းကောင်း အခွံချွတ်၍သော်လည်းကောင်း

ပုံ (၁) ချင်းတက်.



*ရင်းမြစ်- မြန်မာနိုင်ငံတွင် VZF မှရိုက်ကူးခဲ့သောဓာတ်ပုံ*

2 Colmar Brunton. 2014. ကမ္ဘာလုံးဆိုင်ရာ ချင်းဈေးကွက် လေ့လာဆန်းစစ်မှု Global Ginger Market Assessment Trends. PowerPoint presentation available at: http://www.australianginger.org.au/wp-content/uploads/2016/08/8.2.7-Global-Ginger-Market-Assessment-Trends-by-Colmar-Brunton-2014.pdf [Accessed 30 Sept 2017].

အတက်အလက်စုံစုံလင်လင်နှင့် ချင်းတက်တစ်ခုလုံးအနေဖြင့် ရောင်းချသကဲ့သို့ ပါးလွှာစွာလှီးဖြတ်၍လည်း ရောင်းချသည်။ ချင်းခြောက် (၁) ကီလိုဂရမ်ထုတ်လုပ်ရန်အတွက် ချင်းတက်အစိမ်း (၅-၇) ကီလိုဂရမ်ခန့် လိုအပ်သည်။ ချင်းမှုန့်သည် ချင်းခြောက်မှပြုလုပ်သော ဝါညိုဖျော့ရောင်ဟင်းခတ်အမွှေးအကြိုင်မှုန့် ဖြစ်သည်။ လက်လီဖြန့်ဖြူး ရောင်းချသောစျေးကွက်တွင် ချင်းမှုန့်ကို နာမည်ကြီးအမှတ်တံဆိပ်ကုန်စည်များ (branded products) အဖြစ် ရောင်းချလေ့ရှိသည်။

မတူခြားနားသောချင်းအမျိုးအစားများစွာရှိသည်။ အများဆုံးရှာဖွေဝယ်ယူကြသော အမျိုးအစားများမှာ ယေဘုယျအားဖြင့် အညိုဖျော့ရောင်အခွံရှိပြီး စိမ်းပြာဖျော့ရောင်အသားပါရှိသည်။ အရောင်ရင့်သောချင်းများတွင် အပူပိုမိုပါရှိပြီး အဆီအနှစ် ထုတ်ယူရန်အတွက် ပိုမိုနှစ်ခြိုက်ကြသည်။ မြန်မာနိုင်ငံတွင် အမျှင်နှင့်ရေဓာတ်နည်းပါးပြီး အနံ့အရသာအလယ်အလတ် အဆင့်ဖြစ်သည့် "ရန်ကုန်မျိုး" ကို ချင်းခြောက်ထုတ်လုပ်သူများက ပိုမိုသဘောကျနှစ်သက်သည်။ 'ရန်ကုန်မျိုး' ချင်းတက် များမှာ အလယ်အလတ်အရွယ်အစားရှိပြီး ကောင်းစွာပြန့်ကားနေသောအတက်အလက်များပါဝင်သည်။ တစ်ဖက်တွင် အနံ့ အရသာပါဝင်မှုပိုမိုနည်းပါးပြီး ရေဓာတ်များသော "တရုတ်မျိုး" ကို ချင်းစိမ်းစျေးကွက်အတွက် အဓိကရောင်းချသည်။ ယင်းချင်းတက်များမှာ ယေဘုယျအားဖြင့် ကြီးမားပြီး အဝါဖျော့ရောင်အသားပါရှိသည်။ ချင်းရိုင်း တစ်မျိုးဖြစ်သော "ပန်းရောင်ချင်း" ကို တိုင်းရင်းဆေးဝါးများနှင့် အဖျော်ယမကာများတွင် အဓိကအသုံးပြုသည်။

မတူခြားနားသောသက်ဆိုင်သူများ (stakeholders) နှင့်တွေ့ဆုံမေးမြန်းမှုများအရ ချင်းလုပ်ငန်းသည် ၎င်း၏ တစ်မူထူးခြား သောထုတ်ကုန်အားရောင်းချရန်ကမ်းလှမ်းချက် (Unique Sales Proposition) နှင့် ထုတ်ကုန်၏ကိုယ်ပိုင်လက္ခဏာရပ် (မြန်မာနိုင်ငံတွင်း အများအပြားစိုက်ပျိုးထုတ်လုပ်သော ချင်းအမျိုးအစား၏ သဘာဝလက္ခဏာများ အပါအဝင်) တို့ကို အပြည့်အဝသတ်မှတ်ရေးဆွဲနိုင်ခြင်းမရှိသေးပေ။ မူရင်းထုတ်လုပ်ရာနိုင်ငံမှာ ကုန်သွယ်ရေးကုမ္ပဏီများနားလည်မှတ်ယူ ထားသောအရည်အသွေးအချို့ (အရသာ၊ ပုံသဏ္ဍာန်၊ အနံ့စသည့်ထုတ်ကုန်အရည်အသွေးလက္ခဏာများ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ စသည်) နှင့် ဆက်နွယ်နေ၍သာ အတိုင်းအတာတစ်ခုအထိ အရေးပါခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ချင်းကို ချင်းစိမ်းနှင့်ချင်းခြောက်ပုံစံများဖြင့် အဓိကတင်ပို့သည်။ နယ်စပ်ကုန်သွယ်ရေးတွင် ချင်းစိမ်းကို ယေဘုယျအားဖြင့် အကြီးစား၊ အလတ်စားနှင့် အသေးစားဟူ၍ သုံးမျိုးခွဲခြားသည်။ သင့်လျော် မှန်ကန်စွာထုပ်ပိုးသိမ်းဆည်းသည်ဆိုပါက ချင်းအရွယ်အစားကြီးလေလေ ယေဘုယျအားဖြင့် ပိုမိုတာရှည်အထားခံလေလေဖြစ်သည်။ ပင်လယ်ရပ်ခြား စျေးကွက်တွင် အမျှင်ဓာတ်နည်းသည့်၊ အလယ်အလတ်မှအကြီးစားအရွယ်ရှိသည့်၊ အတက်အလက်များအရွယ်ညီပြီး သန့် ရှင်းပြောင်လက်သောပုံပန်းသဏ္ဍာန်ရှိသည့် ချင်းတက်များကို အရည်အသွေးမြင့်ချင်းစိမ်း၏ လက္ခဏာရပ်များအဖြစ် သတ်မှတ်သည်။ ချင်းခြောက်အတွက်မှာမူ အရောင်အဆင်းသဏ္ဍာန်၊ အငွေ့ပျံနိုင်သောအဆီနှင့် အမျှင်ဓာတ်ပါဝင် မှုအချိုးအစား၊ အနံ့ပြင်းမှုအဆင့်နှင့် အနံ့အရသာနှင့်ပတ်သက်သည့် သီးခြားကိုယ်ပိုင်အကဲဖြတ်သုံးသပ်ချက်တို့က ပိုမိုအရေးပါသည်။ အလယ်အလတ်အရွယ်အစားချင်းတက်များပါရှိပြီး ရေထုတ်အခြောက်ခံပြီးစီးမှုရာခိုင်နှုန်း (curing percentage) မြင့်မားသောချင်းများကို ချင်းခြောက် ထုတ်လုပ်ရေးအတွက် ပိုမိုနှစ်ခြိုက်ကြသည်။

ရည်ရွယ်ထားသောအသုံးပြုမှုအပေါ်အခြေခံပြီး ချင်းတက်များ တူးဖော်နုတ်ယူရမည့်အချိန်ကို သတ်မှတ်ဆုံးဖြတ်သင့်သည်။ ချင်းတက်များ၏ မရှိမဖြစ်အဆီ (essential oil) နှင့် အနံ့အရသာ ပါဝင်မှုအချိုးအစားမှာ ကိုးလအရွယ်ခန့်တွင် အမြင့်ဆုံးသို့ ရောက်ရှိပြီး ထို့နောက်တွင် တစ်ဖြည်းဖြည်း လျော့နည်းသွားသည်။ တစ်ဖက်တွင်မူ အမျှင်ဓာတ်ပါဝင်မှု အချိုးအစားက အရွယ်နှင့်အမျှ ဆက်လက်များပြားလာသည်။ ငါးလသားအရွယ်တွင် တူးဖော်နုတ်ယူသောချင်းများမှာ ကြီးရင့်ခြင်းမရှိသေးပဲ ချင်းစိမ်းသို့မဟုတ် တာရှည်ခံချင်းဆားရည်စိမ် ပုံစံဖြင့်အသုံးပြုလျှင် အကောင်းဆုံးဖြစ်သည်။ ထိုချင်းများသည် အလွန်ပါးလွှာသောအခွံရှိပြီး ချင်းတက်များက အလွန်နူးညံ့ကာ အရသာပျော့သည်။ ချင်းခြောက်အတွက်ကိုမူ အနံ့ အရသာပြည့်ဝမွှေးကြိုင်အောင်အထိကြီးရင့်ပြီးဖြစ်သောချင်းတက်များအား အသုံးပြုသည်။

မြန်မာနိုင်ငံတွင်နိုင်ငံခြားပို့ကုန်စျေးကွက်များသို့တင်ပို့ရောင်းချပြီးတစ်ကီလိုလျှင်(၅၀)ကျပ်ခန့်ဖြစ်သောအထူးပရီမီယမ်စျေး နှုန်းကိုရရှိသည့် တောင်သူများမှာ ချင်းသီးနံ့များအားမည်သို့အသုံးပြုမည်ဟူသော အချက်ပေါ်မူတည်ပြီး မှန်ကန်သော တူးဖော်နုတ်ယူမှုအစီအစဉ်ဇယားတစ်ခုကို ပိုမိုကြိုးပမ်းလိုက်နာ ဆောင်ရွက်ကြသည်။ သို့သော် တောင်သူအများစု ကြားတွင်မူ ဖြစ်တည်နေသောစျေးကွက်စျေးနှုန်းနှင့် ငွေလိုအပ်မှုတို့က မည်သည့်အချိန်တွင် ချင်းတူးဖော်ထုတ်ယူမည်ဟူသော ဆုံးဖြတ်ချက်အပေါ် ယေဘုယျလွှမ်းမိုးနေသည်။ တောင်သူအများစုမှာ အောင်ပန်းနှင့်ကလောမြို့နယ်ပြင်ပမှ စျေးကွက်များကို အမှန်တကယ်သိမြင်မှုမရှိပေ။ ထိုမြို့နယ်များမှာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကကျသော ကုန်သွယ်ရေးဗဟိုဌာနဖြစ်ပြီး မြန်မာနိုင်ငံတွင်း ချင်းထုတ်လုပ်ရေးအတွက် အရေးအပါဆုံးနယ်မြေဒေသဖြစ်သည်။

မြန်မာနိုင်ငံတွင် ချင်းစိုက်ပျိုးရေးကို နယ်မြေဒေသလေးခုတွင် အဓိကလုပ်ကိုင်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည် နယ်၊ မွန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်သည်။

ပုံ (၂) မြန်မာနိုင်ငံတွင်း ချင်းထုတ်လုပ်မှုကို အဓိကထုတ်လုပ်ရာနယ်မြေဒေသများအလိုက်

| နယ်မြေဒေသ | စိုက်ပျိုးမြေဧရိယာ (ဧက) | ပမာဏ (မက်ထရစ်တန်ပေါင်း) | အထွက်နှုန်း (MT/acre) | ထုတ်လုပ်မှု စုစုပေါင်း၏ % |
|---|---|---|---|---|
| ချင်း | ၃၂၆၀ | ၅၁၉၂ | ၁.၅၉ | ၉% |
| မွန္တလေး | ၇၀၄ | ၂၄၀၉ | ၃.၄၂ | ၄% |
| ရှမ်းတောင် | ၇၇၆၄ | ၅၀၅၃၅ | ၆.၅၁ | ၈၄% |
| ဧရာဝတီ | ၅၉၀ | ၁၇၅၄ | ၂.၉၇ | ၃% |
| **စုစုပေါင်း** | **၁၂၃၁၈** | **၅၉၈၈၉** | **၄.၈၆** | **၁၀၀%** |

*ရင်းမြစ် - ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန - ချင်းသုတေသနပြုလေ့လာမှု (၂၀၁၇ ခုနှစ်)*

ပုံ (၃) မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တည်နေရာပြမြေပုံ




*ရင်းမြစ် - မြန်မာသတင်းအချက်အလက်စီမံခန့် ခွဲရေးအဖွဲ့ (MIMU) ၂၀၁၆ ခုနှစ်*

## ဈေးကွက်

ကမ္ဘာ့တစ်ဝှမ်းတွင် ချင်းစားသုံးမှုက တောက်လျှောက်မြင့်တက်နေသည်။ ဥရောပတွင် ၂၀၁၂ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်ကြား ကာလအတွင်း၌ အလုံးလိုက်/ပါးပါးလှီးဖြတ်ထားသောချင်း (ချင်းစိမ်းနှင့်ချင်းခြောက် များပါဝင်သည်) တင်သွင်းမှုနှင့် အမှုန့် ကြိတ်/ထောင်းထားသောချင်း (အမှုန့်နှင့်အလားတူပုံသဏ္ဍာန်များ) တင်သွင်းမှုတို့မှာ တစ်နှစ်လျှင် ၁၅% နှင့် ၇၅% အသီးသီးမြင့်တက်လာခဲ့သည်။[3] ၂၀၁၂ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ကြားကာလတွင် အမေရိကန်ပြည်ထောင်စု၏ အလုံးလိုက်/ပါး ပါးလှီးဖြတ်ထားသောချင်း တင်သွင်းမှုများမှာ တစ်နှစ်လျှင် ၁၀% မြင့်တက်နေခဲ့သည်။[4] ဥရောပနိုင်ငံများနှင့် အမေရိကန် ပြည်ထောင်စုတို့တွင် ချင်းဝယ်လိုအားမြင့်တက်နေရခြင်းမှာ အောက်ပါအကြောင်းတရားများကြောင့်ဖြစ်သည်။ (က) စားသုံးသူများက ပိုမိုကျန်းမာစေသော အစားအစာတွင်းပါဝင်ပစ္စည်းများကို ရှာဖွေလာခဲ့ခြင်း - ချင်းကို ကျန်းမာရေးအတွက် အကျိုးဖြစ်ထွန်းစေကြောင်း အသိအမှတ်ပြုလက်ခံထားပြီး အစားအစာတွင်းထည့်သွင်းသောအခြားပစ္စည်းများ (ဥပမာ ဆား၊ သကြား၊ သဘာဝမဟုတ်သောဟင်းခတ်ပစ္စည်းများ) နေရာတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားထိုးပစ္စည်းတစ်ခု အဖြစ် မြှင့်တင်ပံ့ဖော်နေခဲ့သည်။ (၂) ချင်းကိုပုံမှန်ထည့်သုံးလေ့ရှိသော တိုင်းရင်းမျိုးနွယ်စု (သို့) ဝေးလံသောနိုင်ငံရပ်ခြား မှဟင်းလျာများအားပိုမိုရေပန်းစားလူကြိုက်များလာခဲ့ခြင်းတို့ဖြစ်သည်။ ထိုဖြစ်ပေါ် ပြောင်းလဲမှုလမ်းကြောင်းသည် ပြည်သူများကြား ယဉ်ကျေးမှုများ ပိုမိုများပြားစုံလင်လာခဲ့ခြင်းနှင့် အွန်လိုင်းဈေးဝယ်ထွက်မှုကို လုပ်ဆောင်လာနိုင်ခြင်းတို့နှင့် ဆက်နွယ်နေနိုင်သည်။

နိုင်ငံတကာကုန်သွယ်ရေးဗဟို (ITC) ကုန်သွယ်ရေးမြေပုံမှ ၂၀၁၆ ခုနှစ် ချင်းတင်သွင်းမှုအချက်အလက်များအရ ဘင်္ဂလား ဒေ့ရှ် (၁၂%)၊ အမေရိကန်ပြည်ထောင်စု (၁၁%)နှင့် ဥရောပနိုင်ငံများ (၂၂%) တို့မှာ အလုံးလိုက်/ပါးပါးလှီးဖြတ်ထားသော ချင်းတင်သွင်းမှုတွင် ကမ္ဘာ့ပထမအများဆုံးတင်သွင်းသောနိုင်ငံများဖြစ်သည်။ ထောင်းထားသော နှင့်/သို့မဟုတ် အမှုန့်ကြိတ်ထားသောချင်း တင်သွင်းမှုအများဆုံး ထိပ်တန်းနိုင်ငံများမှာ မလေးရှား (၃၃%)၊ ဥရောပနိုင်ငံများ (၃၀%)၊ ဂျပန် (၁၁%) နှင့် အိုမန် (၆%) နှင့် အမေရိကန်ပြည်ထောင်စု (၆%) တို့ဖြစ်သည်။

ဥရောပတွင် ယေဘုယျအားဖြင့် ဝယ်လိုအားမှာ ဈေးနှုန်းအပြောင်းအလဲများကြောင့် များစွာပြောင်းလဲသွားခြင်းမျိုး မရှိပေ။ ဥရောပသို့ချင်းခြောက်တင်ပို့ရန်အတွက် တင်ပို့သူများမှာ အစားအစာဘေးအန္တရာယ် ကင်းရှင်းမှုနှင့် အရည်အသွေးဆိုင်ရာသတ်မှတ်ချက်များကို မဖြစ်မနေလိုက်နာရမည်။ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့သည်လည်း ထုတ်ကုန်အရည်အသွေး စံချိန်စံညွှန်းများကို တင်းတင်းကျပ်ကျပ် သတ်မှတ်ပြဌာန်းထားသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စု နှင့်ဥရောပနိုင်ငံများကဲ့သို့သော တိုင်းပြည်များမှ ဝယ်လက်များသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတာဝန်ယူ မှုကို ပိုမိုအလေးပေးအာရုံစိုက်ကြသည်။ အမေရိကန်နိုင်ငံတွင် အော်ဂဲနစ်ချင်းတင်သွင်းမှုပမာဏမှာလည်း မြင့်တက်နေပြီး တရုတ်နှင့်ပီရူးနိုင်ငံတို့က အဓိက တင်ပို့ရောင်းချသူများဖြစ်သည်။ တရုတ်နိုင်ငံသည် အော်ဂဲနစ်ချင်းထုတ်လုပ်မှုပမာဏ အများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေသော်လည်း US မှဝယ်ယူသူများကြားတွင် ပီရူးလူမျိုးတို့၏ အော်ဂဲနစ်ချင်းကို ပိုမိုသဘောကျနှစ်သက်မှုများ ဆက်လက်မြင့်တက်နေသည်။ ပီရူးနိုင်ငံတွင်း ချင်းထုတ်လုပ်မှုက လူမှုရေးဆိုင်ရာ ပိုမို တာဝန်ယူမှုရှိသည်ဟု အချို့ကသတ်မှတ်ယူဆသောကြောင့်ဖြစ်သည်။[5]

အချက်အလက်များအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ချင်းအများဆုံးထုတ်လုပ်သူ ဖြစ်ပြီး ကမ္ဘာ့တစ်ဝှမ်း ထုတ်လုပ်မှုပမာဏ၏ ၃% ခန့်ကို ထုတ်လုပ်နေခြင်းဖြစ်သည်။[6] တရုတ်နှင့်အိန္ဒိယတို့က တစ်ကမ္ဘာလုံးဆိုင်ရာဝေစု၏ ၄၉% ခန့်ဖြင့် ကမ္ဘာ့ချင်းစိမ်းထုတ်လုပ်မှုကို ဦးဆောင်နေပြီး ထို့နောက်တွင် အင်ဒိုနီးရှား၊ နီပေါ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိနေသည်။ ရရှိနိုင်သောအချက်အလက်များအရ မြန်မာနိုင်ငံ (တိတိကျကျဆိုရလျှင် ရှမ်းပြည်နယ်) တွင်း တစ်ဟက် တာပျမ်းမျှ ချင်းအထွက်နှုန်းမှာ ချင်းအဓိက ထုတ်လုပ်တင်ပို့သောနိုင်ငံအများစုထက် ပိုမိုမြင့်မားနေသည်။ ထိုအချက်ကိုကြည့်လျှင် မြန်မာနိုင်ငံသည် ကမ္ဘာ့ ဈေးကွက်တွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိမည့် အလားအလာကောင်းကို ပိုင်ဆိုင်ထားပေသည်။

3 ITC Trade MAP, Products 091011 and 091012. Available at: https://www.trademap.org/Index.aspx [Accessed 30 Sept. 2017].

4 ITC Trade MAP, Product 091011. Available at: https://www.trademap.org/Index.aspx [Accessed 30 Sept 2017].

5 The Fresh Plaza. 2017."US က ပီရူးတို့ ၏ချင်းကို ပိုမိုသဘောကျနှစ်ခြိုက်၏။ The US prefers Peruvian ginger", 19 May. Available at: http://www.freshplaza.com/ [Accessed 18 Sept. 2017].

6 တောင်ကြီး ကုန်သွယ်ရေးဝန်ကြီးဌာနရုံး (၂၀၁၇ ခုနှစ်) မှ ပြုလုပ်ခဲ့သောသုတေသနတစ်ရပ်အရ မြန်မာနိုင်ငံ၏နှစ်စဉ် ချင်းထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန်ချိန် ၅၉၈၈၉ ဖြစ်သည်။ ထိုအချက်အလက်ကို FASOSTAT ဒေတာဘေ့စ် နှင့် ချိတ်ဆက်လေ့လာကြည့်လျှင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ချင်း သတ္တမမြောက်အများဆုံးထုတ်လုပ်ရာနိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးထုတ်လုပ်မှု၏ ၃%ရှိကြောင်းတွေ့မြင်ရသည်။

၂၀၁၆ ခုနှစ်အတွင်း Winrock International အဖွဲ့မှပြုလုပ်ခဲ့သည့် တန်ဖိုးမြှင့်ကွင်းဆက် (value chain) လေ့လာမှုအရ မြန်မာနိုင်ငံချင်းထုတ်လုပ်မှုပမာဏ၏ ၆၀% ကို နိုင်ငံခြားသို့တင်ပို့ပြီး ၄၀% ကို ပြည်တွင်းဈေးကွက်များတွင်ရောင်းချသည်။[7] တောင်ကြီးမြို့တွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှပြုလုပ်ခဲ့သောလေ့လာမှုတစ်ရပ်အရ ၂၀၁၆-၂၀၁၇ ခုနှစ် တွင် နိုင်ငံခြားသို့ ချင်းစိမ်းနှင့်ချင်းခြောက်တင်ပို့မှုပမာဏမှာ မက်ထရစ်တန်ချိန် (၁၆၁၀) ရှိပြီး ငွေတန်ဖိုးအားဖြင့် အမေရိ ကန်ဒေါ်လာ (၁.၅၀၂) သန်းရှိသည်။[8] ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံမှတင်ပို့ခဲ့သော ချင်းစိမ်းနှင့်ချင်းခြောက်စုစု ပေါင်းပမာဏ၏ ၆၁% ခန့်ကို နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ခဲ့ခြင်းဖြစ်သည်။ အောင်ပန်းမှကုန်သည်များနှင့်တွေ့ဆုံမေး မြန်းမှုများအရ နယ်စပ်ကုန်သွယ်ရေး အဓိကချင်းဈေးကွက်များမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ ဖြစ်သည်။ အခြားတစ်ဖက်တွင် ပင်လယ်ရပ်ခြားတင်ပို့မှုများမှာ အဓိအားဖြင့် ချင်းခြောက်များဖြစ်သည်။ အချက်အလက်များအရ ပင်လယ်ရပ်ခြားကုန်သွယ်ရေးလမ်းကြောင်းမှတဆင့် ရောင်းချသောချင်းများက နယ်စပ်ကုန်သွယ်ရေးမှတဆင့် ရောင်းချသောချင်းများထက် ငွေကြေးပိုမိုရရှိသည်။ ဥရောပတွင် ဂျာမနီနိုင်ငံသည် မြန်မာ့ချင်းခြောက်အတွက် အဓိကဈေးကွက်ဖြစ်သည်။[9] မြန်မာနိုင်ငံမှ ချင်းတင်ပို့သူများက သူတို့သည် သီရိလင်္ကာ၊ စင်ကာပူ၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံများမှ ချင်းဝယ်ယူတင်သွင်းသူများထံသို့လည်း ရောင်းချခဲ့ပြီး ထိုသူတို့က ဥရောပမှ ၎င်းတို့၏ဝယ်လက်များဆီသို့ထပ်ဆင့်တင် ပို့ရောင်းချကြောင်း ပြောကြားတင်ပြခဲ့ကြသည်။ ပင်လယ်ရပ်ခြားပို့ကုန်ဈေးကွက်ကို မြှင့်တင်ရန်နှင့် ဖွံ့ ဖြိုးစေရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

# ၁.၂။ တန်ဖိုးမြှင့်ကွင်းဆက် (value chain) ၏ ဖွဲ့ စည်းမှုပုံစံ

မြန်မာနိုင်ငံတွင် နိုင်ငံခြားသို့တင်ပို့ရန်အတွက် ချင်းကိုအဓိကပုံစံနှစ်မျိုးဖြင့် ကူးသန်းရောင်း ဝယ်မှုပြုသည်။

- ချင်းစိမ်း (အလုံးလိုက်/ပါးပါးလှီးဖြတ်ထားသော)
- ချင်းခြောက် (အလုံးလိုက်/ပါးပါးလှီးဖြတ်သော)

တန်ဖိုးမြှင့်ကွင်းဆက်၏ဖွဲ့စည်းမှုပုံစံမှာ ရှုပ်ထွေးလှပြီး အမျိုးစုံလင်သောအကြောင်းတရားများကြောင့် ကွဲပြားခြားနားမှုများ ရှိနေသည်။ ပုံ (၂) တွင် မြန်မာနိုင်ငံတွင်း ချင်းဈေးကွက်စနစ်ကို ခြုံငုံရေးဆွဲတင်ပြထားသည်။ အဓိကဈေးကွက်လမ်း ကြောင်း (market channel) သုံးခုရှိသည်။

(က) တောင်သူများမှ ကျေးရွာအဝယ်တော်များထံ (၎င်းတို့က အောင်ပန်းမှပွဲစားများထံ ပြန်လည်ရောင်းချ၏)

(ခ) တောင်သူများထံမှ အောင်ပန်းမှပွဲစားများထံ (၎င်းတို့ကချင်းအဆင့်မြှင့်တင်ပြုပြင်သများ- နိုင်ငံခြားသို့တင်ပို့သူများ၊နယ်စပ်ကုန်သွယ်ရေးအတွက်ကုန်စည်ဝယ်ယူစုစည်းသူများ(consolidator)နှင့်မြန်မာနိုင်ငံတွင်းမှ အဓိကလက်ကားဈေးကွက်များထံသို့ပြန်လည်ရောင်းချသည်)

(ဂ) တောင်သူများမှ ချင်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားသို့တင်ပို့သူများ (ရှင်းလင်းတိကျစွာသတ်မှတ်ပြဌာန်းထားခြင်းမရှိသော စိုက်ပျိုးရေးသဘောတူစာချုပ်များဖြင့်)

လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးမှာ နိုင်ငံခြားသို့ချင်းစိမ်းတင်ပို့မှုအတွက် အလွယ်တကူလက်လှမ်းမီနိုင်သည့် အဓိက လမ်းကြောင်းဖြစ်သည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ပင် ပင်လယ်ရပ်ခြားတင်ပို့မှုများ (overseas exports) တွင် အဓိကအားဖြင့် ချင်းခြောက်ကိုတင်ပို့ကြသည်။

7 Winrock International. 2016. ချင်းတန်ဖိုးကွင်းဆက် လေ့လာဆန်းစစ်မှုအနှစ်ချုပ် (Ginger Value Chain Assessment Summary)

8 ကုန်သွယ်ရေးဝန်ကြီးဌာန (၂၀၁၇) ချင်းသုတေသနပြု လေ့လာမှု (တောင်ကြီး)

9 ITC Trade MAP. Available at: https://www.trademap.org/Index.aspx?lang=fr [Accessed 30 September 2017]

ပုံ(၄) မြန်မာနိုင်ငံတွင်း ချင်းဈေးကွက်စနစ်ကို ခြုံငုံရေးဆွဲဖော်ပြခြင်း




*ရင်းမြစ် - ရေးဆွဲသူ Marian Boquiren*

## သွင်းအားစုရောင်းချသူများ (Input Suppliers)

**မျိုးစေ့များ။** ချင်းကို ချင်းတက်အပိုင်းအစများ သို့မဟုတ် အစိတ်အပိုင်းများ စိုက်ပျိုးခြင်းဖြင့် ထပ်ဆင့် ပေါက်ပွားစေသည်။ ချင်းမျိုးအစိတ်အပိုင်းများကို လယ်ယာမြေထဲမှပင် ယမန်နှစ်သီးနှံမှ ရွေးချယ်ရယူစိုက်ပျိုးလေ့ရှိသည်။ နှစ်စဉ်ထုတ် လုပ်သောချင်းပမာဏစုစုပေါင်း၏ ၄% ခန့်ကို ချင်းမျိုးများအဖြစ် အသုံးပြုသည်။ ယမန်နှစ်သီးနှံမှ မျိုးအစိတ်အပိုင်းများ ရယူခြင်းက ရောဂါပိုးမွှားကျရောက်နေသောလယ်ယာမြေမှ ပိုးမွှားများနှင့်ရောဂါများ ကူးစက်ပျံ့နှံ့လာမည့်ဘေးအန္တရာယ် ကိုလျှော့ချပေးသည်။ သို့သော် မျိုးသန့်များရယူရန် ချင်းတက်များကို ထိထိရောက်ရောက်သန့်စင်မှု (treatment) ပြုလုပ်ခြင်းမရှိပါက လယ်ယာမြေအတွင်း၌ ရောဂါပိုးမွှားများ စွဲစွဲမြဲမြဲ ဖြစ်တည်ပွားများလာနိုင်သည်။

**မြေသြဇာများ။** ချင်းစိုက်တောင်သူများကြားတွင် ယူရီးယားနှင့် နွားချေးတို့မှာ အသုံးပြုမှုအများဆုံးမြေသြဇာများဖြစ်၏။ မြန်မာနိုင်ငံတွင် ယူရီးယားထုတ်လုပ်သော်လည်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်သော အစိုးရပိုင် ယူရီးယားစက်ရုံသုံးခုမှ နှစ်စဉ်ထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန်ချိန်တစ်သိန်းသာရှိပြီး နှစ်စဉ်လိုအပ်ချက်ပမာဏမှာ မက်ထရစ်တန်ချိန်ရှစ်သန်းရှိသည်။[10] လက်လီရောင်းဝယ်ဖြန့်ဖြူးသူများမှရောင်းချသော မြေသြဇာအများစုမှာ တရုတ်အမှတ်တံဆိပ်မြေသြဇာများဖြစ်သည်။ ဓာတ်မြေသြဇာများအသုံးပြုမှု၏ အဓိကပြဿနာတစ်ရပ်မှာ မြေအောက်ရေညစ်ညမ်းခြင်းဖြစ်သည်။ နိုက်ထရိုဂျင်ဓာတ်မြေသြဇာများက နိုက်ထရိတ်များအဖြစ်ပြိုကွဲသွားပြီး မြေကြီးအတွင်းသို့အလွယ်တကူဖြတ်သန်းဝင်ရောက်သွားသည်။ နိုက်ထရိတ်ကရေတွင်ပျော်ဝင်နိုင်ပြီး မြေအောက်ရေထဲတွင်ဆယ်စုနှစ်ပေါင်းများစွာဆက်လက် တည်ရှိနေနိုင်သည်ဖြစ်ရာ နှစ်ပေါင်းများစွာကြာအောင် နိုက်ထရိုဂျင်ပေါင်းထည့်ခြင်း၏အကျိုးသက်ရောက်မှုတစ်ရပ်ကို ဖြစ်ပေါ်စေသည်။ ယူရီးယားသည် ချင်းစိုက်တောင်သူများကြားတွင် အသုံးအများဆုံးဖြစ်သော နိုက်ထရိုဂျင်ပါဝင်သည့်မြေသြဇာဖြစ်သည်။ ချင်းစိုက်တောင်သူများက ယူရီးယားပမာဏ (နှိုင်းရပမာဏ) အနည်းငယ်ကိုသာအသုံးပြုသည်ကို ထည့်သွင်းစဉ်းစားလျှင် လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်နေသော မြေသြဇာများ၏ဘေးအန္တရာယ်များမှာ ဈေးကွက်တွင်ရောင်းချနေသောမြေသြဇာများ၏ အရည်အသွေးနှင့်ပတ်သက်၍ ပုံမှန်စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိသော အစိုးရ၏စွမ်းဆောင်ရည်ကြောင့်သာ ပိုမိုဖြစ်ပေါ်နေရကြောင်း သိရှိနိုင်သည်။ အရည်အသွေးနိမ့်သော သို့မဟုတ် ရောနှော ထားသော/ပြင်းအားနိမ့်သော ဓာတ်မြေသြဇာများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေခြင်း (နှင့်/သို့မဟုတ်) တောင်သူများကြား သင့်လျော်မှန်ကန်သော မြေသြဇာစီမံခန့်ခွဲမှုနှင့် အသုံးချမှုဆိုင်ရာ အသိအမြင်ဗဟုသုတကင်းမဲ့ခြင်းတို့ကြောင့် တောင်သူ များသည် မြေသြဇာများက မျှော်မှန်းထားသောရလာဒ်များပေးစွမ်းနိုင်ခြင်းမရှိဟု ထင်မြင်ခံစားလာရလျှင် မြေဆန်းစစ်လေ့လာမှု၏အကူအညီမပါပဲ မြေသြဇာပမာဏကို လက်လွတ်စပယ်တိုးမြှင့်ထည့်သွင်းလေ့ရှိသည်။ တောင်သူအများစုက သုံးစွဲပုံအညွှန်းများကို ဖတ်လေ့မရှိပေ။ အညွှန်းအများစုကိုလည်း တရုတ်ဘာသာဖြင့်သာရေးသားဖော်ပြထားသည်။

**ပေါင်းသတ်ဆေးများ/ပိုးသတ်ဆေးများ။** တောင်သူများသည် ပေါင်းပင်များကြီးထွားမှုကို တားဆီးနှိမ်နင်းရန်အတွက် ပေါင်းသတ်ဆေးများကို (အထူးသဖြင့် ပေါင်းပင်မထွက်မီအဆင့်နှင့် ပေါင်းပင်စတင်ထွက်ပေါ်သောအဆင့်တွင်) ပိုမိုတိုးမြှင့် အသုံးပြုလာခဲ့သည်။ တောင်သူများအများဆုံး အသုံးပြုသောပေါင်းသတ်ဆေးများအတွက်ကုန်ကျစရိတ်မှာ လက်ဖြင့်ပေါင်းသင်ရန်အတွက် ကုန်ကျသောလုပ်အားခထက် ၆၀% မှ ၇၀% ခန့်ထိ ပိုမိုများပြားသည်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများမှတင်သွင်းလာသောပိုးသတ်ဆေးများကို အောင်ပန်းမြို့နှင့် ကျေးရွာများတွင် အလွယ်တကူရရှိနိုင်သည်။ ထိုပိုးသတ် ဆေးများကို ပုံမှန်အားဖြင့် မှတ်ပုံတင်ထားသောပြည်တွင်းအမှတ်တံဆိပ်ပိုးသတ်ဆေးဈေးနှုန်းများ၏ ၃၀% မှ ၅၀%ခန့်ဖြင့်ရောင်းချသည်။ နယ်စပ်ကုန်သွယ်ရေးမှတင်သွင်းလာသောပိုးသတ်ဆေးများနှင့် မှတ်ပုံတင်ထားသောအရည်အသွေးမြင့် အမှတ်တံဆိပ်ပိုးသတ်ဆေးများကြား ဈေးနှုန်းကွာဟချက်မှာ ၄၀၀% ခန့် အထိရှိနိုင်သည်။ တင်သွင်းလာသောပိုးသတ် ဆေးအများစုတွင် ဒေသသုံးဘာသာစကားများဖြင့် ရေးသားဖော်ပြထားသောသုံးစွဲပုံအညွှန်းများမပါရှိပဲ အရည်အသွေးမှာလည်း အနိမ့်အမြင့်ရောနှောနေသည်။ တောင်သူများကြိုက်နှစ်သက်မှုအရှိဆုံးသော ပေါင်းသတ်ဆေးမှာ ပါရာဂွက် (Paraquat) ဖြစ်သည်။[11] ယင်းသည်ဈေးချိုပြီး ပေါင်းသတ်ရာတွင် ထိရောက်ကောင်းမွန်သည်။ ဥရောပသမဂ္ဂ (EU) နိုင်ငံများအပါအဝင် နိုင်ငံများစွာတို့တွင် ပါရာဂွက်ကိုတားမြစ်ပိတ်ပင်ထားခဲ့ပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင်းတားမြစ်ပိတ်ပင်ထားသောပေါင်းသတ်ဆေးများတွင် ပါရာဂွက်မပါဝင်ပေ။ ပါရာဂွက် ထုတ်လုပ်သောလုပ်ငန်းများစွာတည်ရှိနေသည့် တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးဝန်ကြီးဌာနက ပါရာဂွက်အသုံးပြုမှုကို တားမြစ်ပိတ်ပင်ထားသည်။ သို့သော် ပါရာဂွက် ထုတ်လုပ်မှုကိုမူ နိုင်ငံခြားသို့တင်ပို့ရန်ရည်ရွယ်ထုတ်လုပ်သည်ဆိုပါက ဆက်လက်ခွင့်ပြုထားဆဲဖြစ်သည်။[12] တရုတ်နိုင်ငံသည်

10 World Bank. 2016. Global Agriculture and Food Security Program (GAFSP): private sector window: Agribusiness country diagnostic – Myanmar. Washington, D.C.: World Bank Group. Available at: http://documents.worldbank.org/curated/en/541101490092426376/Agribusiness-country-diagnostic-Myanmar [Accessed 8 Oct. 2017].

11 (ပါရာဂွက်အတွက် နိုင်ငံတကာ ဓာတုဗေဒဆိုင်ရာ လုံခြုံရေးကဒ်) The International Chemical Safety Card for Paraquat is available in the ICSC database at: https://www.ilo.org/dyn/icsc/showcard.homesafework/info/publications/WCMS_113134/lang--en/index.htm

12 Multiwatch, et al. 2016. Open Letter to Mr. Han Chang Fu: (စင်ဂျန်တာ နှင့် အခြားကုမ္ပဏီများမှထုတ်လုပ်သော ပါရာဂွက် များကို တရုတ်နိုင်ငံသို့ တင်ပို့ခြင်းအားရပ်ဆိုင်းပါ) Stop export of Paraquat produced by Syngenta and others to China! Available at https://www.grain.org/bulletinboard/ exportof- [Accessed 8 Oct. 2017].

ပါရာကွက်ပေါင်းသတ်ဆေး အသုံးပြုမှုနှင့် ရောင်းချမှုအား ၂၀၂၀ ခုနှစ် စက်တင်ဘာလကိုနောက်ဆုံးထားပြီး တားမြစ် ပိတ်ပင်သွားမည်ဟုယူဆရသည်။[13]

## ထုတ်လုပ်သူများ။

မြန်မာနိုင်ငံတွင်း နှစ်စဉ်ချင်းထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန်ချိန် ၅၉၈၈၉ ရှိသည်ဟု ခန့်မှန်းရသည်။[14] ချင်းထုတ်လုပ်ရာ အဓိကနယ်မြေဒေသလေးခုအနက် ရှမ်းပြည်နယ်တောင်ပိုင်းတွင် မက်ထရစ်တန်ချိန် ၆.၅၁ ဖြင့် တစ်ဧကအထွက်နှုန်းအများဆုံးဖြစ်သည်။ ချင်းသည် ရှမ်းပြည်နယ်တောင်ပိုင်းမှ အသေးစားလယ်ယာမြေပိုင်ရှင်များစွာတို့အတွက် အဓိကကျသောစီးပွားဖြစ်စိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ချင်းထုတ်လုပ်မှုထိပ်တန်း မြို့နယ်များမှာ ကလော၊ ပင်းတယနှင့် ပင်လောင်းတို့ဖြစ်သည်။

ဥပဒေအရ အစိုးရက နိုင်ငံအတွင်းမှလယ်ယာမြေအားလုံးကိုပိုင်ဆိုင်သည်ဖြစ်ရာ လယ်ယာမြေများကို အကောင်းဆုံးအသုံးချနိုင်ရန် ရည်ရွယ်ရေးဆွဲချမှတ်ထားသော ရှုပ်ထွေးလှသည့် မြေအမျိုးအစားခွဲခြားသတ်မှတ်မှုစနစ်တစ်ရပ်ပေါ်အခြေခံကာ လယ်ယာမြေများအား မည်သို့အသုံးချမည်ကို အဆုံးအဖြတ်ပေးရန် အခွင့်အာဏာပိုင်ဆိုင်သည်။[15] ပိုမိုလုံခြုံမှုရှိသော လယ်ယာမြေကာလရှည်ငှားရမ်းအသုံးချခွင့်သဘောတူညီချက်များ၊ လယ်ယာမြေမှတ်ပုံတင်ရေးလုပ်ထုံးလုပ်နည်းသစ်များနှင့် လယ်ယာမြေအငြင်းပွားမှုများကိုင်တွယ်ဖြေရှင်းရေး အသေးစိတ်လုပ်ငန်းစဉ်များ ပါဝင်သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့် ခွဲမှုဥပဒေ တို့ကို ၂၀၁၂ ခုနှစ်တွင် အတည်ပြုပြဌာန်းခဲ့သည်။ ထိုဥပဒေများသည် လူတစ်ဦးချင်းစီ၏ လယ်ယာမြေပေါ်နေထိုင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့်နှင့် ပေါင်နှံခွင့်တို့ကို အသိအမှတ်ပြုလက်ခံခြင်းနှင့် လယ်ယာမြေအသုံးချမှုအမျိုးအစားခွဲခြားသတ်မှတ်ချက်အမျိုးမျိုးကို ရှင်းလင်းဖွင့်ဆိုခြင်းဖြင့် လယ်ယာမြေလက်ရှိထားပိုင်ခွင့် (land tenure) အား တရားဝင်အတည်ဖြစ်စေရန် အားထုတ်ထားသည်။[16] သို့သော် တောင်သူလယ်သမားများမှာ ထိုဥပဒေများနှင့် အကောင်အထည်ဖော်ကျင့်သုံးမှု နည်းလမ်းများကို ရှင်းရှင်းလင်းလင်း သိနားလည်ခြင်းမရှိသေးကြောင်း တွေ့ မြင်ရသည်။

တောင်သူများတွင် ပုံမှန်အားဖြင့်မတူခြားနားသောသီးနှံများကိုစိုက်ပျိုးသည့် လယ်ယာမြေကွက်လေးကွက်မှခြောက်ကွက်ရှိသည်။ သူတို့သည် ထိခိုက်ဆုံးရှုံးနိုင်ခြေဘေးအန္တရာယ်ကို လျှော့ချရန်အတွက် မတူညီသောမြေပြင်အနေအထားများ (မြေနိမ့်၊ ကုန်းစောင်းနှင့် ကုန်းမြင့်) တွင် လယ်ယာမြေကွက်များ သီးနှံများခွဲခြားစိုက်ပျိုးခြင်းကို ပိုမိုနှစ်သက်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ချင်းစိုက်ပျိုးရေးကို ပျမ်းမျှမြေဧက ၀.၅ ဧကခန့် ပိုင်ဆိုင်သော အသေးစားလယ်ယာမြေပိုင်ရှင် (၁၅၀၀၀)ခန့် ကလုပ်ကိုင်ဆောင်ရွက်နေကြသည်။ ယမန်နှစ်စိုက်ပျိုးရာသီကရရှိသောဈေးနှုန်းသည် ချင်းအတွက်ခွဲဝေလျာထားမည့် စိုက်ပျိုးမြေအကျယ်အဝန်းအပေါ်အတိုင်းအတာတစ်ခုအထိလွှမ်းမိုးမှုရှိသည်။ တောင်သူများသည် ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးရေးစနစ်ကိုကျင့်သုံးကြ၏။ ကာလတစ်ခုကြာစိုက်ပျိုးမှုမပြုပဲ မြေလပ်အဖြစ်ထားရှိသောနည်းလမ်းတစ်ရပ်(a fallow period) ကိုလိုက်နာ ကျင့်ကြံဆောင်ရွက်သည်ဖြစ်ရာ တောင်ယာမြေကွက်တစ်ကွက်တွင် ချင်းကို သုံးနှစ်လျှင်တစ်ကြိမ်သာစိုက်ပျိုးသည်။ တောင်ကုန်းတောင်စောင်းများတွင် အသစ်ထွန်ယက်စိုက်ပျိုးသောလယ်ယာမြေများကို လေကာအထစ်များအဖြစ်ခုတ်ထွင်ရှင်းလင်းထားခြင်းမရှိသဖြင့် မြေဆီလွှာတိုက်စားမှုများဖြစ်ပေါ်လာနိုင်သည်။ ထို့အတူ တောင်ကုန်းတောင်တန်းထူထပ်သောနယ်မြေဒေသများတွင် အချိန်ကာလအတန်ကြာအောင်မြေလပ်အဖြစ်ထားရှိသောစနစ်ကို ကျင့်ကြံဆောင်ရွက်ခြင်းက မြေဆီလွှာတိုက်စားမှုဘေးအန္တရာယ်ကို ပိုမိုဆိုးရွားစေနိုင်သည်။

ရာသီဥတုပြောင်းလဲမှုနှင့်အတူ ပုံမှန်မဟုတ်သောမိုးရွာသွန်းမှုများနှင့် ပိုမိုမြင့်မားလာသောအပူချိန်တို့က စိုက်ပျိုးရေးအခြေ အနေများကို ပိုမိုခက်ခဲစေသည်။ အခြားဟင်းခတ်အမွှေးအကြိုင်အပင်များနှင့်နှိုင်းစာလျှင် ချင်းကို ယေဘုယျအားဖြင့် မြေအခြေအနေအမျိုးမျိုးနှင့် မြေမျက်နှာပြင်အနေအထားအမျိုးမျိုးတို့တွင် စိုက်ပျိုးနိုင်သည်။ သို့သော် ချင်းသည် စိုက်ပျိုး ရာသီအတွင်း၌ ကောင်းမွန်စွာပျံ့နှံ့ရွာသွန်းသည့် နှစ်စဉ်မိုးရေချိန် (၁၅၀၀) မီလီမီတာမှ (၃၀၀၀) မီလီမီတာအထိလိုအပ်ပြီး မြေယာပြင်ဆင်ထွန်ယက်ခြင်းမတိုင်မီနှင့် ချင်းတူးဖော်နုတ်ယူချိန်တွင် ဖွံ့ဖြိုးကြီးထွားမှုနှင့်အထွက်နှုန်းကောင်းမွန်စေရန် ခြောက်သွေ့သော

13 CCM Data & Business Intelligence. 2017. "(တရုတ်နိုင်ငံက ပါရာကွက် ရောင်းချမှုနှင့် အသုံးပြုမှုများအားလုံးကို ၂၀၂၀ ခုနှစ်တွင် ပိတ်ပင်တားမြစ်သွားတော့မည်) China about to ban all sales and use of paraquat by 2020", 31 July. Available at: http://www.cnchemicals.com/ [Accessed 30 Sept. 2017].

14 ကုန်သွယ်ရေးဝန်ကြီးဌာန (၂၀၁၇) ချင်းသုတေသနပြုလေ့လာမှု (တောင်ကြီး)

15 (လယ်ယာမြေအရေး ကိစ္စများဆိုင်ရာ လမ်းညွှန်ချက်မှတ်စု) Guidance Note on Land Issues – Myanmar (UNHCR, UN HABITAT, Norwegian Ministry of Foreign Affairs). Available at: http://www.burmalibrary.org/docs12/Guidance_Note_on_Land_Issues-Myanmar.pdf [Accessed 30 Sept. 2017].

16 Gurung, S.; Muench, S., Wattman, J. 2014. Visibility versus Vulnerability: (မြန်မာနိုင်ငံတွင်း မတည်ငြိမ်မှု နှင့် အခွင့်အလမ်းများကို နားလည်သိမြင်ခြင်း) Understanding instability and opportunity in Myanmar (Mercy Corps). Available at: https://www.mercycorps.org/sites/default/files/Mercy%20Corps%20Visibility%20vs%20Vulnerability%20in%20Myanmar%20-%20Full%20Report.pdf [Accessed 30 Sept. 2017].

ရာသီဥတုကိုလိုအပ်သည်။ ပိုမိုပူနွေးလာသောရာသီဥတုက မိုးများခြင်းဆီသို့ဦးတည်စေနိုင်ပြီး ရေတိုက်စားခြင်းနှင့် မြေဆီလွှာပျက်သုန်းခြင်းများ ပိုမိုဖြစ်ပွားစေနိုင်သည်။ အထူးသဖြင့် ရှမ်းပြည်နယ်မှတောင်သူများက ၎င်းတို့၏ လယ်ယာမြေထွန်ယက်ပြင်ဆင်မှုအကျင့်အကြံများကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲခြင်းမပြုပါက ထိုပြဿနာကို ပိုမိုရင် ဆိုင်ကြုံတွေ့ ရမည်ဖြစ်သည်။

ချင်းထွန်ယက်စိုက်ပျိုးမှုတွင် ယေဘုယျအားဖြင့် အောက်ပါအဆင့်လေးဆင့်ပါဝင်သည်။ လယ်ယာမြေပြင်ဆင်ထွန်ယက်ခြင်းကို လက်တွန်းလယ်ထွန်စက် နှင့်/သို့မဟုတ် ကျွဲ/နွားတို့ကို အသုံးပြုကာလုပ်ဆောင်သည်။ မြေယာထွန်ယက်ပြီးနောက် စိုက်ပျိုးရန်ပြင်ဆင်သည့်အနေဖြင့် နွားချေးများထည့်သွင်းသည်။ နွားချေးများဆွေးမြေ့သွားအောင် ရက်သတ္တပတ် အနည်းငယ်ထားရှိပြီး မြေကြီးများ မာကျစ်မနေစေရန် ထပ်မံထိုးဆွရသည်။ စိုက်ပျိုးသည့်အချိန်တွင် ယူရီးယားကိုလည်း ထည့်သွင်းနိုင်သည်။ ယေဘုယျအားဖြင့် ရှမ်းပြည်နယ်မှတောင်သူများသည် အခြားနယ်မြေဒေသများမှစိုက်ပျိုးသူများနှင့် နှိုင်းစာလျှင် ယူရီးယားအသုံးပြုနှုန်း ပိုမိုမြင့်မားသည်။

မြေကြီးက စိုက်ပျိုးရန်အတွက်အဆင်သင့်ဖြစ်လာပြီဆိုလျှင် ချင်းတက်အစိတ်အပိုင်းများကို စိုက်ပျိုးရသည်။ ထို့နောက် ရောဂါပိုးမွှားများနှင့်ပေါင်းပင်များကို ရှင်းလင်းနှိမ်နင်းရန်အတွက် ပေါင်းသတ်ဆေးများနှင့် ပိုးသတ်ဆေးများ ပက်ဖျန်းသည်။ ရှမ်းပြည်နယ်မှတောင်သူလယ်သမားများနှင့် မြေယာအလုပ်သမားများသည် စိုက်ပျိုးရေးဓာတုပစ္စည်းများပက်ဖျန်းရန် အတွက် ကျောပိုးပက်ဖျန်းဆေးဘူး (Knapsack Sprayers) များကို အများဆုံးအသုံးပြုလေ့ရှိသည်။ လူကိုယ်တိုင် ပေါင်းသင်ခြင်းလည်း ပြုလုပ်နိုင်သည်။ နောက်ဆုံးအနေနှင့် ချင်းတက်များကို လက်ဖြင့်တူးဖော်နုတ်ယူသည်။ ချင်းတက်များသည် တူးဖော်နုတ်ယူပြီးချိန်တွင် ရောဂါအချို့ ဖြစ်ပွားလွယ်သည်။

တူးဖော်နုတ်ယူခြင်းနှင့် ကိုင်တွယ်ခြင်းအကျင့်အကြံများကို ဂရုတစိုက်လိုက်နာဆောင်ရွက်ခြင်း၊ ဆေးကြောရန်အသုံးပြု သောရေကို သန့် ရှင်းစင်ကြယ်စေခြင်းနှင့် ရေဆေးပြီးနောက် အနာကျက်မြန်စေရန် အမြစ်များကိုရေထုတ်အခြောက်ခံခြင်း (curing) တို့ဖြင့် ဆွေးမြေ့ပုပ်သိုးမှုကို အနည်းဆုံးအဆင့်သို့ လျှော့ချနိုင်သည်။ အောင်ပန်းပွဲရုံတွင်တွေ့မြင်ခဲ့ရသော ချင်းပေးသွင်းမှုများကိုထောက်ရှုလျှင် လယ်ယာမြေစိုက်ပျိုးထုတ်လုပ်မှုအဆင့်တွင် ချင်းသန့်စင်ခြင်းနှင့် ဆေးကြောခြင်းတို့ကို လုပ်ဆောင်လေ့မရှိပေ။ တောင်သူများသည် အဆိုပါ လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် လိုအပ်သောအထောက်အကူ ပစ္စည်းများ (facilities) မရှိပေ။

နယ်မြေဒေသများစွာတို့တွင် ရေရရှိနိုင်မှုကလည်း အဟန့်အတားတစ်ရပ်ဖြစ်နေသည်။ ကုန်သည်များထံသို့ ချင်းပေးသွင်းရာတွင် မြေကြီးပါဝင်မှုမျက်မြင်အကဲဖြတ်ချက်အပေါ်အခြေခံပြီး တောင်သူများအားပေးအပ်ရမည့်ငွေပမာဏမှ ခုနှိမ်ခြင်း များရှိသည်။ ၂၀၁၇ ခုနှစ်အတွင်း ရှမ်းပြည်တောင်ပိုင်းမှ ဟင်းသီးဟင်းရွက်စိုက်ပျိုးသောလူမှုအသိုက်အဝန်းများအကြား Mercy Corps မှပြုလုပ်ခဲ့သောလေ့လာမှုတစ်ရပ်အရ[17]တောင်သူအများစုမှာ သောက်သုံးရန်နှင့် ရေသွင်းစိုက်ပျိုးရန်တို့အတွက် မိုးရေနှင့် သဘာဝစိမ့်စမ်းရေ (ထွက်ရှိရာနေရာသို့တိုက်ရိုက်သွားရောက်ရယူခြင်း သို့မဟုတ် စီးဆင်းလာသော ချောင်းများမှရယူခြင်း) တို့ကို မှီခိုနေရသည်။ စိမ့်စမ်းရေများ၊ ရေချောင်းများ၊ မြေအောက်ရေ၊ ရေကန်များ သို့မဟုတ် အခြားရေရင်းမြစ်များကို အနည်းငယ်မျှသောလူမှုအသိုက်အဝန်းများကသာ လက်လှမ်းမီကြသည်။ သူတို့သည် အိမ်သုံးရေအတွက် ရေရင်းမြစ်ဆီသို့ နှစ်မိုင်မှငါးမိုင်ခန့် ခြေလျင်သွားရလေ့ရှိသည်။[18]

နိုင်ငံခြားစျေးကွက်များကိုပံ့ပိုးရောင်းချပြီး တစ်ကီလိုလျှင် ၅၀ ကျပ်ခန့်ဖြစ်သော အထူးပရီမီယမ်စျေးနှုန်းကိုရရှိသည့် တောင်သူများမှာ ချင်းအသုံးပြုမှုရည်ရွယ်ချက်အပေါ်အခြေခံသည့် သင့်လျော်မှန်ကန်သော တူးဖော်နုတ်ယူမှုအစီအစဉ် ဇယားတစ်ခုကို ကြိုးပမ်းလိုက်နာကျင့်ကြံကြသည်။ သို့သော် တောင်သူအများစုကြားတွင်မူ ဖြစ်တည်နေသောစျေးကွက် စျေးနှုန်းနှင့် ငွေကြေးလိုအပ်ချက်တို့က မည်သည့်အချိန်တွင်တူးဖော်နုတ်ယူမည်ဟူသောဆုံးဖြတ်ချက်အပေါ် ယေဘုယျ လွှမ်းမိုးထားသည်။ တောင်သူအများစုမှာ အောင်ပန်းနှင့်ကလော မြို့နယ်များ၏ အပြင်ဘက်တွင်ရှိသောစျေးကွက်များကို အမှန်တကယ်သိမြင်ခြင်းမရှိပေ။ ထိုမြို့နယ်များမှာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကကုန်သွယ်ရေးဌာနဖြစ်သည်။

တောင်သူအများစုသည် သူတို့၏ချင်းများကို အောင်ပန်းမှပွဲစားများထံသို့တိုက်ရိုက်ရောင်းချသည်။ ဝေးလံသော ကျေးရွာများမှတောင်သူများမှာ ကျေးရွာအတွင်းမှအဝယ်တော်များထံရောင်းချပြီး ထိုအဝယ်တော်များက

17 Snoad, C. 2017. (ရေလက်လှမ်းမီရရှိနိုင်မှု ခွဲခြမ်းလေ့လာဆန်းစစ်ချက် - မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တောင်ပိုင်း) Water Access Analysis: South Shan, Myanmar (Mercy Corps, Freeway associates).

18 Winrock ၏ ချင်းရာသီသစ်စတင်ပွဲ တွင်ပါဝင်ခဲ့သော တောင်သူအုပ်စုများ၏အဆိုအရ (ချင်းတောင်သူအုပ်စုများနှင့်ဝယ်လက်များပွဲတော်- ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက်)

ချင်းများကို အောင်ပန်းသို့ပြန်လည်ပေးပို့သည်။ တောင်သူများမှာ ဈေးနှုန်းသတ်မှတ်ညှိနှိုင်းနိုင်စွမ်း နည်းပါးပြီး တရားဝင်စုဖွဲ့ထားခြင်းလည်းမရှိပေ။ ချင်းသည် ယေဘုယျအားဖြင့် ဝယ်ယူသူမောင်းနှင်သော ပံ့ပိုးရောင်းချရေးကွင်းဆက် (supply chain) တစ်ခုဖြစ်ပြီး တောင်သူများက စီးပွားရေးဆိုင်ရာထိခိုက်နစ်နာ ဆုံးရှုံးနိုင်မှုဘေးအန္တရာယ်ကို အများဆုံးရင်ဆိုင်ခံစားရသည်။ ယမန်နှစ် မြင့်မားသောချင်းပေါက်ဈေးက စိုက်ပျိုးတောင်သူများအား ချင်းစိုက်ပျိုးရန် အားပေးလှုံ့ဆော်မှုပြုသည်။ သို့သော် ချင်းဈေးနှုန်းမှာ နှစ်တစ်နှစ်အတွင်းမှာပင် လအလိုက်ပြောင်းလဲမှုရှိသည်။ အခြားစိုက်ပျိုးရေးထုတ်ကုန်များကဲ့သို့ပင် ချင်းစိမ်းသည် ချင်းအရောင်းအဝယ်ပါးချိန် (off season) (ဧပြီလမှ ဇူလိုင်လထိ) ဈေးမြင့်ပြီး တူးဖော်နုတ်ယူချိန် (ဒီဇင်ဘာလမှ ဖေဖော်ဝါရီလ) တွင် ဈေးနိမ့်သည်။ ရာသီအလိုက် ဈေးနှုန်းများပြောင်းလဲမှုကိုကြည့်လျှင် အကယ်၍ တောင်သူများက သူတို့၏ စိုက်ပျိုးထွက်ကုန်များကို သုံးလမှလေးလခန့် သိုလှောင်ထားနိုင်မည်ဆိုပါက ချင်းအရောင်းအဝယ်ပါးချိန် (off season) တွင် များစွာပိုမိုမြင့်မားသောဈေးနှုန်းများရရှိမည်ဖြစ်သည်။

တောင်သူများက သန့်ရှင်းသောရေနှင့် ကောင်းမွန်သောကုန်ထုတ်လုပ်မှုအကျင့်အကြံများ (GMP) နှင့် ကိုက်ညီသော နေရာ၊ အဆောက်အအုံ၊ ပစ္စည်းကိရိယာများ (facilities) ကို လက်လှမ်းမီရရှိနိုင်မည်ဆိုလျှင် တူးဖော်နုတ်ယူပြီးနောက်ပိုင်း ချင်းစိမ်းကိုင်တွယ်ပြုပြင်မှု (post-harvest handling) တွင်ပါဝင်သော လုပ်ငန်းစဉ်များအား လယ်ယာမြေစိုက်ပျိုးထုတ်လုပ်မှုအဆင့်တွင် လုပ်ဆောင်နိုင်ပေမည်။ ရှမ်းပြည်နယ် တောင်ပိုင်းမှ တောင်သူအချို့သည် သူတို့၏ချင်းများကို တာရှည်အထားခံနိုင်ရန်အတွက် အခြောက်ခံကြသည်။ ထိုသို့ဖြင့် ချင်းများကိုသိုလှောင်ထားနိုင်ပြီး ဈေးကောင်းရချိန် (ရိတ်သိမ်းမှုအများဆုံးရာသီချိန်ခါကို ကျော်လွန်ပြီးနောက်ပိုင်း) တွင် ထုတ်ရောင်းနိုင်သည်။ လယ်ယာမြေပေါ် တစ်ဝက်တစ်ပျက်ကုန်ချောထုတ်လုပ်မှု (intermediate processing) ကို ယာယီနေရာများ (သို့) ၎င်းတို့၏နေအိမ်များတွင်လုပ်ဆောင်သည်။ တောင်သူများသည် ချင်းအခြောက်ခံရန်အတွက် ထင်မီးပေါ်တွင်တင်၍ပြုတ်ကာ ချင်းတက်ကိုသေစေသည်။ ထို့နောက် ချင်းတက်များကို ရွက်ဖျင်ထည်ပေါ်တွင် ဖြန့်ပြီး နေရောင်ဖြင့်အခြောက်ခံသည်။[19] လယ်ယာမြေ၌ လှီးဖြတ်ထားသောချင်းခြောက် (split dried ginger) ထုတ်လုပ်ရာတွင် ဓားထက်ထက်တစ်ချောင်းဖြင့် လူကိုယ်တိုင်လှီးဖြတ်ရသည်။ ထိုနည်းစနစ်က ပြဿနာများစွာ ဖြစ်ပေါ်စေသည်။ ထွက်ကုန်နည်းခြင်းမှအစပြု၍ လူ့လုပ်အားအများအပြားအသုံးပြုရခြင်းနှင့် လှီးဖြတ်ထားသောချင်းတက်များ အထူအပါးမညီခြင်းအထိ ပါဝင်သည်။ ယင်းသည် အရည်အသွေးညံ့ဖျင်းသောထုတ်ကုန်များကို ဖြစ်ပေါ်စေသည်။ ထို့အပြင် တောင်သူများက ချင်းခြောက်များကို သူတို့၏ နေအိမ်အနီးတွင် သိုလှောင်သိမ်းဆည်းသည်ဖြစ်ရာ သူတို့ထုတ်လုပ်သော ချင်းခြောက်များ၏ အဏုဇီဝဆိုင်ရာ၊ အမြင်အနံ့အရသာဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာအရည်အသွေးလက္ခဏာ များမှာ နိုင်ငံခြားတင်ပို့သူတို့၏ သတ်မှတ်အရည် အသွေးများနှင့် ကိုက်ညီခြင်းမရှိပေ။

**အလုပ်ခန့်ထားမှု။** တောင်သူများသည်လယ်ယာလုပ်ငန်းအများစုကို အိမ်ထောင်စုဝင်များ၏အကူအညီ ဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ သီးနှံပြုစုပျိုးထောင်ရေးလုပ်ငန်းများ (ရောဂါပိုးမွှားများနှိမ်နင်းခြင်းနှင့် ပေါင်းသတ်ခြင်း၊ အပင်ရင်း၌မြေဖို့ခြင်း (hilling)) နှင့် တူးဖော်နုတ်ယူခြင်းလုပ်ငန်းတို့တွင် အလုပ်သမားများကို ငှားရမ်းလုပ်ကိုင်စေသည်။ ချင်းစိုက်ယာမြေတွင် တူးဖော်နုတ်ယူခြင်းအတွက် အလုပ်သမားအသုံးပြုမှုက အလုပ်သမားအသုံးပြုမှုစုစုပေါင်း၏ ၄၀% ကိုကိုယ်စားပြုပြီး ထို့နောက်တွင် သီးနှံပြုစုပျိုးထောင်ရေး လုပ်ငန်းများက ၃၄%၊ စိုက်ပျိုးခြင်းက ၁၇% နှင့် မြေထွန်ယက်ပြင်ဆင်ခြင်းက ၉% ရှိသည်။ ချင်းစိုက်တောင်သူများနှင့် လယ်ယာအလုပ်သမားများမှာ ကိုယ်ပိုင်လုပ်ကိုင်သူများ (self-employed) ဖြစ်သည်။ လယ်ယာမြေတွင်လုပ်ကိုင်သော အလုပ်သမားအုပ်စုနောက်တစ်စုမှာ အခကြေးငွေမပေးရသော မိသားစုဝင်များ ဖြစ်သည်။ ချင်းစိုက်ယာမြေများတွင် အလုပ်သမားများ၏လုပ်အားခမှာ အလုပ်အပေါ်မူတည်ပြီး ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ ထိ (US$ ၂.၆-၃.၇) ဖြစ်သည်။ မြေယာထွန်ယက်ပြင်ဆင်ခြင်းနှင့် သီးနှံပြုစုပျိုးထောင်ခြင်းလုပ်ငန်းများက လုပ်အားခအများဆုံးရရှိသည်။ ထိုအလုပ်များကိုထုံးတမ်းစဉ်လာအရအမျိုးသားများကလုပ်ကိုင်ဆောင်ရွက်သည်။ လက်ဖြင့်ပေါင်းသင်ခြင်းနှင့် တူးဖော်နုတ်ယူခြင်းတို့ကို အစဉ်အလာအရ အမျိုးသမီးများက လုပ်ဆောင်သည်။ ဝင်ငွေအဆင်ပြေစေရန်အတွက် တောင်သူများ ကျင့်သုံးသောနည်းဗျူဟာတစ်ရပ်တွင် ကိုယ်ပိုင်လယ်ယာမြေများ ကိုလုပ်ကိုင်ရင်း အခြားသူတို့၏လယ်ယာမြေ များတွင် ရာသီအလိုက်ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် လုပ်အားအပြန် အလှန်ဖလှယ်သောစနစ်များ ကျင့်သုံးလုပ်ဆောင်ခြင်း တို့ပါဝင်သည်။

19 Keesecker. J. 2017. (တန်ဖိုးကွင်းဆက်လေ့လာဆန်းစစ်ချက် - ချင်း) (တန်ဖိုးကွင်းဆက်လေ့လာဆန်းစစ်ချက် - ချင်း၊ မန်ကျည်းနှင့် ကြက်သွန်ဖြူ) ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်တောင်ပိုင်း (Myanmar Institute for Integrated Development).

## ဖြန့်ဖြူးရောင်းချသူများနှင့် အခြားကြားခံဆောင်ရွက်သူများ (intermediaries)

အောင်ပန်းသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကကျသောရောင်းဝယ်ရေးဗဟိုဌာနဖြစ်ပြီး ရန်ကုန်၊ မန္တလေးနှင့် နယ်စပ်ကုန်သွယ်ရေးသို့တင်ပို့ဖြန့်ဖြူးခြင်းမပြုမီ ချင်းများဝယ်ယူစုစည်းရာနေရာ ဖြစ်သည်။ မတူခြားနားသောအရောင်းအဝယ် ကြားခံဆောင်ရွက်သူ (intermediaries) အမျိုးအစားများတွင် ကျေးရွာအဝယ်တော်များ၊ ပွဲရုံ (BSC)၊ ပွဲစားများ၊ လက်ကား ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများပါဝင်သည်။ ကြားခံဆောင်ရွက်သူတစ်ဦးသည် နှစ်ခု သို့မဟုတ် အမျိုးစုံသော ဖြန့်ဖြူးရေးလုပ်ငန်းများတွင်ပါဝင်နိုင်သည်။ အရောင်းအဝယ်ကြားခံဆောင်ရွက်သူများသည် ချင်းဈေးနှုန်းညှိနှိုင်းခြင်း၊ ဝယ်ယူစုစည်းခြင်း၊ ချင်းဆေးခြင်း၊ ချင်းရွေးခြင်း၊ ထုပ်ပိုးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သည်။ တောင်သူများနှင့် ကြားခံဆောင်ရွက်သူများတို့ကြား ပေးချေမှုများကို အပြန်အလှန်ယုံကြည်မှုနှင့် သဘောတူညီမှု အပေါ် အခြေခံသည်။ ၎င်းတို့ကြားဆက်ဆံရေးတွင် အခြေခံအားဖြင့် ကုန်ပစ္စည်းအရောက် လက်ငင်းငွေချေမှုများ ပါဝင်သည်။ ကုန်သည်များသည် တောင်သူများအား ကြိုငွေများနှင့် ချေးငွေများထုတ်ပေးသည် (အထူးသဖြင့် စိုက်ပျိုးရေးသွင်း အားစုများဝယ်ယူရန်အတွက်)။

**ကျေးရွာအဝယ်တော်များ။** ထိုသူတို့မှာ အောင်ပန်းနှင့်ဝေးကွာသောကျေးရွာများမှ တောင်သူများနှင့် ကုန်ပမာဏအနည်း အကျဉ်းရောင်းချသောတောင်သူများထံမှ အဓိကဝယ်ယူသူများဖြစ်သည်။ ကျေးရွာအဝယ်တော်များသည် အောင်ပန်းရှိပွဲရုံ (BSC) နှင့် အခြားကြားခံဆောင်ရွက်သူများထံသို့ ပြန်လည်ရောင်းချသည်။ ကုန်တင်ကုန်ချကုန်ကျစရိတ်များ (သို့) ကုန်ထမ်းသူများအားငွေပေးချေမှုကို တောင်သူ သို့မဟုတ် ကျေးရွာအဝယ်တော်မှ ကျခံရသည်။ ကြားခံဆောင်ရွက်သူ နှင့်ချိတ်ဆက်ထားသောကုန်ထမ်းသူ များက ကုန်တင်ယာဉ်ပေါ်မှထမ်းပိုးသယ်မကာ ကုန်ပစ္စည်းတောင်းများကို ချရသည်။ ကုန်ပေးသွင်းမှုအတွက် ပေးချေမှုများကို ပွဲစားများက မြေကြီးနှင့်အခြားအပျက်အစီးအစအနများပါဝင်မှုအပေါ်ခန့်မှန်းပြီး ပေးသွင်းသော ကုန် အလေးချိန်ကိုအခြေခံကာ ငွေလက်ငင်းပေးချေသည်။ ခန့်မှန်းသောငွေကြေးပမာဏမှာ မြေကြီးနှင့်အပျက်အစီး အစအနပါဝင်မှုအပေါ်မျက်မြင်အကဲဖြတ်ချက်ကို အခြေခံသည်။ အတက်အလက်များညီညီညာညာ ပြန့်ကား နေပြီး အရွယ်အစားကြီးမားသောချင်းတက်များက ဈေးနှုန်းအမြင့်ဆုံးရရှိသည်။ သို့သော် အနိမ့်ဆုံးစံချိန် စံညွှန်းများကိုပြည့်မီသည့် ချင်းတက်များကိုလည်း တူညီသောဈေးနှုန်းဖြင့်ဝယ်ယူသည်။ ယေဘုယျအားဖြင့် အရည်အသွေး သို့မဟုတ် ဘေးအန္တရာယ် ကင်းရှင်းမှုလက္ခဏာရပ်များကို ထည့်သွင်းတွက်ချက်ခြင်းမပြုပေ။ သို့ဖြစ်ရာ ရောင်းချရန်အဆင်ပြေသည့် အနိမ့်ဆုံး အရည်အသွေးထက် ပိုမိုတိုးတက်ကောင်းမွန်လာအောင် မြှင့်တင်ရန်အတွက် တောင်သူများအားဆွဲဆောင်နိုင်မည့်မက်လုံး မရှိပေ။

ပုံ (၅) ချင်းအရောင်းအဝယ်ပြုလုပ်ရာနေရာ (ပွဲရုံ) တစ်ခုတွင် ချင်းအပြည့်ထည့်ထားသောတောင်းကို ချိန်တွယ်နေပုံ



*ရင်းမြစ် - မြန်မာနိုင်ငံတွင် VZF အဖွဲ့ မှရိုက်ကူးသောဓာတ်ပုံ*

**ပွဲရုံ (BSC)။** အဆိုပါကြားခံဆောင်ရွက်သူ (intermediary) သည် တောင်သူများနှင့်အဝယ်တော်များ ယူဆောင်လာသောချင်းများကို ရောင်းချရန်အတွက် စီစဉ်ရသည်။ ဝယ်လိုအားနှင့်ရောင်းလိုအားအပေါ် အကဲဖြတ်သုံးသပ်ချက်နှင့် အစိုးရ၏ဈေးနှုန်းလေ့လာစောင့်ကြည့်ရေး သတင်းအချက်အလက်တို့အပေါ် အခြေခံပြီး ဈေးနှုန်းသတ်မှတ်သည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့်တရုတ်နိုင်ငံအတွင်းမှ ရောင်းလိုအားနှင့် ဝယ်လိုအား အခြေအနေက မြန်မာနိုင်ငံပြည်တွင်းချင်းဈေးနှုန်းအပေါ် ကြီးကြီးမားမားလွှမ်းမိုးထားသည်။ ပွဲရုံ (BSC) သည် ပွဲစားများကိုယ်စားဝယ်ယူလေ့ရှိပြီး ကော်မရှင်ခ ၇% ရယူသည်။ ကုန်စည်ဆေးကြောသန့်စင်ခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကိုလုပ်ဆောင်သည်။ ပွဲရုံသည် တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများကို အကြွေးဖြင့်ပေးအပ်ကာ အတိုးငွေ တစ်လလျှင် ၃%နှုန်း ကောက်ခံရယူသည်။ ယနေ့အချိန်ထိအတွေ့အကြုံများအရ သွင်းအားစုချေးငွေများရရှိသောတောင်သူများက ယေဘုယျအားဖြင့် ပိုမိုသစ္စာရှိပြီး သူတို့၏ထုတ်ကုန်များကို ထိုကုန်သည်ထံသို့သာ ပေးသွင်းကြသည်။

**ပွဲစားများ။** ပွဲစားသည် တောင်သူများ သို့မဟုတ် အခြားသောကြားခံဆောင်ရွက်သူများ (intermediaries) ထံမှ ဝယ်ယူပြီး အတန်းအစားသတ်မှတ်ခြင်းနှင့် အမျိုးအစားအလိုက်ရွေးချယ်စုစည်းခြင်းတို့ကိုလုပ်ဆောင်သည်။ လက်ကားရောင်းချသူများနှင့် ကုန်ကြမ်းအဆင့်မြှင့်တင်ပြုသူများ (processors) အဓိကပါဝင်သော ဝယ်လက်များ၏ သတ်မှတ်စံချိန် စံညွှန်းများအပေါ် အခြေခံပြီး ချင်းများကိုပို့ဆောင်ဖြန့်ဝေသည်။ တစ်နှစ်လျှင် အနည်းဆုံး မက်ထရစ်တန်ချိန် (၅၀၀၀) ခန့် ကုန်သွယ်ရောင်းဝယ်သော အကြီးဆုံးချင်းပွဲစားသည် နိုင်ငံခြားပို့ကုန်ကိုဦးတည်သော ကုန်ကြမ်းအဆင့်မြှင့်တင်ပြု ပြင်သူများ (processors) အပါအဝင် ကုန်သွယ်ရေးလမ်းကြောင်းများအားလုံးသို့ ပို့ဆောင်ရောင်းချသည်။

အရောင်းအဝယ်ပြုလုပ်ရာနယ်မြေဒေသဖြစ်သောအောင်ပန်းမြို့တွင် ကုန်စည်လက်ခံရယူခြင်း၊ သိုလှောင်ခြင်း/ ကုန်လှောင် ရုံလုပ်ငန်း၊ ခင်းရွေးခြင်း၊ ချင်းဆေးခြင်းနှင့် ထုပ်ပိုးခြင်း အစရှိသောလုပ်ငန်းလုပ်ဆောင်မှု အမျိုးမျိုးကို သီးခြားခွဲမထားပဲ အလုံးစုံလုပ်ကိုင်ဆောင်ရွက်သည်။ ချင်းရွေးခြင်းကို ကုန်လှောင်ရုံအတွင်း (သို့) လမ်းဘေးတွင် နေ့စားအလုပ်သမားများမှ လုပ်ဆောင်သည်။ သယ်ယူပို့ဆောင်မှုစရိတ်ကြီးမြင့် သဖြင့် အောင်ပန်းမြို့မှ ကြားခံဆောင်ရွက်သူများ (intermediaries) သည် ဝယ်လက်က အမှာစာများကို အတည်ပြုပြီးချိန်မှသာ ပို့ဆောင်ပေးသည်။ ထိုနေရာတွင် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး (logistics) (ကုန်ထမ်းသူများကိုပေးအပ်သောကုန်တင် ကုန်ချလုပ်အားခများအပါအဝင်) ကုန်ကျစရိတ်များကို ဝယ်လက်များက ကျခံရှင်းပေးရသည်။ လက်ကိုင်ဖုန်းများ ပေါ်ထွက်လာခြင်းနှင့်အတူ ရန်ကုန်နှင့်အခြားနယ် မြေဒေသများမှဝယ်လက်များက အမှာစာများအတည်မပြုမီ ချင်းများ၏ ဓာတ်ပုံများကို အမြဲပင်တောင်းခံလေ့ရှိသည်။ ထို့အတူပင် သဘောတူညီမှုပြုထားသည့်အတိုင်းမဟုတ်ပဲ အရည်အသွေး ကွာဟချက်များရှိလာခဲ့ပါက ဝယ်လက်များသည် လက်ခံရရှိချိန်တွင်ရှိနေသော ကုန်ပစ္စည်းများ၏အခြေအနေကို ပြသရန်အတွက် ပေးသွင်းရောင်းချသူထံသို့ ဓာတ်ပုံရိုက်ကာပြန်လည်ပေးပို့လေ့ရှိသည်။ အောင်ပန်းမြို့တွင် အဓိကကုန်သည်လေးဦးက ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ချင်းရောင်းဝယ်မှုနှင့်ဖြန့်ဝေမှုကို အနည်းနှင့်အများ ထိန်းချုပ်ထားသည်။

**အလုပ်ခန့်ထားမှု။** ချင်းရောင်းဝယ်ရေးလုပ်ငန်းများသည် ဩဂုတ်လတွင်စတင်ပြီး ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် အလုပ်အများဆုံးဖြစ်သည်။ ရှမ်းပြည်နယ်တွင် နှစ်စဉ်ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်သော ချင်းခန့်မှန်းပမာဏ မက်ထရစ်တန်ချိန် (၃၅၃၇၅) ရှိသည်ကို ထောက်ရှုလျှင် ကြားခံဆောင်ရွက်သူ (intermediary) အလွှာအမျိုးမျိုး၌ အချိန်ပိုင်းအလုပ်သမားအပါအဝင် အလုပ်သမားစုစုပေါင်း (၁၆၁၂) ဦး ကြားတွင် အချိန်ပြည့်အလုပ်အကိုင် (၄၀၃) ခု ဖန်တီးပေးသည်ဟုခန့်မှန်းရ၏။ ကြားခံဆောင်ရွက်သူများ (intermediaries) သည် ကုန်ပစ္စည်းလက်ခံခြင်း၊ စစ်ဆေးခြင်း၊ ချိန်တွယ်ခြင်းနှင့် ငွေပေးချေခြင်း တို့အပြင် ကုန်ပစ္စည်းအထွက်လုပ်ငန်း (outbound function) အားလုံးအတွက် တာဝန်ယူဆောင်ရွက်ရန် အမြဲတမ်းအလုပ်သမားသုံးဦးမှ ငါးဦးအထိ ခန့်ထားသည်။ ကုမ္ပဏီများနှင့် ဘဏ္ဍာရေး/စီမံခန့်ခွဲရေးဝန်ထမ်းများကြားတွင် တရားဝင် အလုပ်ခန့်ထားမှုဆက်ဆံရေးနှင့်ဆင်တူသည့် အခြေအနေတစ်ရပ်ရှိသော်လည်း အရောင်းအဝယ်လုပ်ငန်းများအတွင်းမှ အလုပ်ခန့်ထားမှုမှာ ယေဘုယျအားဖြင့် နှစ်ဦးနှစ်ဘက်သဘောတူစာချုပ်များဖြင့် ခန့်အပ်တာဝန်ပေးခြင်း မျိုးမဟုတ်ပေ။ ခန့်မှန်းထားသော ချင်းနှင့်အခြားဟင်းသီးဟင်းရွက်ကုန်ပစ္စည်း အဝင်ပမာဏပေါ်မူတည်ပြီး အလုပ်သမားများ (အထူးသဖြင့် အမျိုးသမီးများ) ကိုငှားရမ်းကာ ဆေးကြောသန့်စင်ခြင်းနှင့် အမျိုးအစားခွဲခြားခြင်းလုပ်ငန်းများ လုပ်ကိုင်စေသည်။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားသူများကို တစ်နေ့လျှင် လုပ်အားခ ၄၀၀၀ မှ ၅၀၀၀ ကျပ်ပေးချေသည် (လက် ရှိအနိမ့်ဆုံးလုပ်ခလစာ ၃၆၀၀ ကျပ်ထက်ပိုသည်)။ တွေ့ဆုံမေးမြန်းခဲ့သောအလုပ်သမားများက သူတို့သည် ထိုစီးပွားရေး လုပ်ငန်းများတွင် နေ့စားအလုပ်သမားများအဖြစ်လုပ်ကိုင်လာခဲ့သည်မှာ ငါးနှစ်ကျော်လာပြီဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ အောင်ပန်းမှအရောင်းအဝယ်ပြုလုပ်ရာနေရာဌာနများ (ပွဲရုံများ) မှ အလုပ်သမားအုပ်စုနောက်တစ်စုမှာ အထမ်းသမားများဖြစ်သည်။ ထိုသူတို့သည် ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) အလုပ်သမားများဖြစ်ပြီး သက်ဆိုင်ရာပွဲရုံများနှင့်

ချိတ်ဆက်ထားကြသည်။ ကြားခံဆောင်ရွက်သူများ (intermediaries) သည် ကုန်တင်ကုန်ချအလုပ်များကို လျင်လျင်မြန်မြန်ဆောင်ရွက်ပေးသည့် သူတို့၏တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင်မရှိသော ကုန်ထမ်းသူအုပ်စုအပေါ် မှီခိုအားထားကြရသည်။ သူတို့သည် အလုပ်မရှိသောအချိန်ကာလအတွက် ထိုကျပန်းအလုပ်သမားများကို အဖိုးအခပေးရန် တာဝန်မရှိပေ။ အထမ်းသမားများကို ဖောက်သည်များ (ကုန်ပစ္စည်းပေးသွင်းသူများနှင့် ဝယ်ယူသူများ) က တစ်ပိဿာ ၄ ကျပ် နှုန်း (တစ်ပိဿာ=၁.၆၃ ကီလိုဂရမ်) ဖြင့် လုပ်အားခပေးချေသည်။ အလုပ်များအားလုံးကို လူအားဖြင့်လုပ်ဆောင်သည်။

## ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများ (processors) နှင့် နိုင်ငံခြားသို့တင်ပို့သူများ။

မြန်မာနိုင်ငံတွင်း ချင်းခြောက်ထုတ်လုပ်မှုအား ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများ (processors) က အဓိကဆောင်ရွက်ပြီး နိုင်ငံခြားပို့ကုန်စျေးကွက်ကို ဦးတည်ရည်ရွယ်သည်။ ပင်လယ်ရပ်ခြားစျေးကွက်အတွက်ဦးတည်သော (ချင်းတူးဖော်နုတ်ယူပြီးနောက်ပိုင်း) ချင်းစိမ်း အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများတွင် အောက်ပါလုပ်ငန်းစဉ်များပါဝင်သည်။ ချင်းရွေးခြင်း၊ ဖိအားမြင့်ရေဖြင့် ချင်းဆေးခြင်း၊ ဓားဖြင့်တိဖြတ်ခြင်း၊ ဓာတုဆေးရည်အတွင်းထည့်စိမ်ခြင်း၊ အခြောက်ခံခြင်းနှင့် ထုပ်ပိုးခြင်းတို့ဖြစ်သည်။ ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားသို့တင်ပို့သူများ အသုံးပြုသော နောက်ထပ်နည်းလမ်းတစ်ရပ်မှာ အခြောက်ခံခြင်းမပြုမီ ချင်းတက်များခြစ်ခြင်း၊ အခွံခွာခြင်း သို့မဟုတ် ပါးပါးလှီးဖြတ်ခြင်းတို့ဖြစ်သည်။ ကိစ္စရပ်အများစုတွင် ဝယ်လက်များက အခွံချန်ထားခြင်းကိုပိုမိုသဘောကျနှစ်သက်သည်။ အခွံခွာခြင်းက ပါဝင်သောအဆီအချို့ကိုဖယ်ရှားမိနိုင်ပြီး (အဆီများက အခွံတွင် ပိုမိုစုပြုံတည်ရှိသည်) အနံ့ပျော့ပြယ်သွားစေနိုင်ခြင်းကြောင့်ဖြစ်သည်။ အချို့ဝယ်လက်များအတွက်မူ အဆင်းသဏ္ဍာန်ပိုမိုလှပစေရန်အတွက် အခြောက်ခံခြင်းမပြုမီ လှီးဖြတ်ထားသောချင်းများကို အရောင်ချွတ်ပေးရန်လည်း လိုအပ်သည်။

လက်ရှိတွင် ပင်လယ်ရပ်ခြားသို့ ချင်းတင်ပို့ရောင်းချသူသုံးဦးမှာ လူသိများထင်ရှားသည်။ အဆိုပါ ကုန်ကြမ်းအဆင့်မြှင့် တင်ပြုပြင်သူများ-နိုင်ငံခြားတင်ပို့သူများနှင့် ၎င်းတို့၏ ချင်းပို့ကုန်များမှာ အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ် (organic certification) ရရှိထားပြီးဖြစ်သည်။

နိုင်ငံခြားပို့ကုန်စျေးကွက်အတွက် ချင်းအဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန်စီစဉ်နေသော အခြား ကုမ္ပဏီနှစ်ခု ရှိသည်။ ကုမ္ပဏီတစ်ခုမှာ မန္တလေးမြို့ တွင်အခြေစိုက်ပြီး ယခင်က ချင်းနပ် (pickled ginger) ကို ဂျပန်နိုင်ငံ သို့တင်ပို့ခဲ့သောကုမ္ပဏီဖြစ်သည်။ ထိုကုမ္ပဏီသည် ကာလအတန်ကြာလုပ်ငန်းများရပ်ဆိုင်းထားခဲ့ပြီးနောက် ယခုအခါ ၎င်း၏စီးပွားရေးလုပ်ငန်းကို ပြန်လည်အသက်သွင်းရန် စီစဉ်နေသည်။ နောက်ကုမ္ပဏီတစ်ခုမှာ ယခင်က ပြည်တွင်း စျေးကွက်တွင် ချင်းစိမ်းရောင်းဝယ်ရေးလုပ်ကိုင်ခဲ့ပြီး ယခုအခါ ချင်းစိမ်းများကို နိုင်ငံခြားသို့ စတင်ပို့နေခဲ့သည်။

**အလုပ်ခန့်ထားမှု။** ရှမ်းပြည်နယ်တောင်ပိုင်းမှနှစ်စဉ်ထုတ်လုပ်သောချင်းပမာဏ၏ ၃၀% ခန့်ကို ချင်းလှီးခြောက်များအဖြစ် ပြုပြင်မြှင့်တင်လုပ်ထုတ်လျက်ရှိရာ ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများသည် အချိန်ပိုင်းအလုပ်သမားများအပါ အဝင် အလုပ်သမားပေါင်း (၁၆၂၄) ဦးကြားတွင် အချိန်ပြည့်အလုပ်အကိုင်ပေါင်း (၄၀၇) ခု ဖန်တီးပေးသည်ဟုခန့်မှန်းရ၏။ ကုမ္ပဏီများသည် တရားဝင်အလုပ်ခန့်ထားမှုသဘောတူစာချုပ်များနှင့်လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိသည့် အမြဲတမ်း အလုပ်သမား ၁၀ ဦးမှ ၁၅ ဦးအထိပါဝင်သော ပင်မအုပ်စုတစ်စုကို တာဝန်ပေးခန့်အပ်ထားသည်။ အမြဲတမ်းအလုပ် သမားများတွင် စက်မောင်းသူများ၊ ချင်းရွေးခြင်း၊ ချင်းဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးထိန်းချုပ်ခြင်းတို့အတွက် တာဝန်ယူကြီးကြပ်ရသော ဝါရင့်ဝန်ထမ်းများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများပါဝင်သည်။ ချင်းဆေးသူများနှင့် ချင်းရွေးသူများကို အလုပ်အများဆုံး တူးဖော်နုတ်ယူမှု ရာသီချိန်ခါအတွင်း၌ တစ်လမှသုံးလခန့် ငှားရမ်းလုပ်ကိုင်စေသည် သို့မဟုတ် နေ့စား အဖြစ် ငှားရမ်းလုပ်ကိုင်စေသည်။ ရှေ့တွင်ဖော်ပြခဲ့သကဲ့သို့ပင် ချင်းဆေးသူနှင့်ချင်းရွေးသူအများစုမှာ အမျိုးသမီးများဖြစ်ပြီး တစ်ရက်လျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ခန့် ရရှိသည်။

## ချင်းဝယ်ယူတင်သွင်းသူများ။

အမေရိကန်ပြည်ထောင်စုနှင့်ဥရောပနိုင်ငံများသည် ချင်းခြောက်ကိုကြီးမားသော အစိတ်အပိုင်းများ (ချင်းတက်တစ်ခုလုံးအနေနှင့် (သို့) လှီးဖြတ်ထားသောအစိတ်အပိုင်းများအနေနှင့်)အနေနှင့် တင်သွင်းပြီးမှ ပြန်လည်အမှုန့်ကြိတ်လေ့ရှိသည်။ ချင်းခြောက်တစ်ခုလုံးထက်စာလျှင် လှီးဖြတ်ထားသောချင်းများကို အမှုန့်ကြိတ်ရန်ပိုမိုလွယ်ကူပြီး အထွက်နှုန်းလည်းပိုများသဖြင့် ချင်းလှီးခြောက်များကို ပိုမိုနှစ်သက်ကြသည်။ ချင်းမှုန့်တင်သွင်းမှုမှာ ယေဘုယျအားဖြင့်အနည်းဆုံးဖြစ်သည်။ သန့်စင်မှုနှင့် EU စည်းမျဉ်းစည်းကမ်းများလေးစား လိုက်နာမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ဖြစ်သည်။ ကုန်သွယ်ရောင်းဝယ်မှုအများစုမှာ အရေအတွက်အနည်းငယ်မျှသော ပွဲစားကြီးများ၊ ကုန်သည်ကြီးများနှင့် ဝယ်ယူတင်သွင်းသူများမှတဆင့် ဥရောပသို့ဝင်ရောက်သည်။ တင်သွင်းပြီးနောက်ပိုင်းတွင် တင်သွင်းသူများသည် အရောအနှောအညစ်အကြေးများကိုဖယ်ရှားရန်အတွက် စက်ဖြင့်ဆေးကြောသန့်စင်မှုပြုလုပ်သည်။ ထို့နောက် ဘက်တီးရီးယားများနှင့်မှိုများကို အလုံးစုံဖယ်ရှားရန်အတွက် ရေငွေ့ဖြင့်ပိုးသတ်ခြင်း (steam sterilization) ပြုလုပ်သည်။ ဝယ်ယူတင်သွင်းရေးကုမ္ပဏီကြီးများသည် ဟင်းခတ်အမွှေးအကြိုင်များကို အခြားသော EU နှင့် မြောက်အမေရိကဈေးကွက်များသို့ တင်ပို့ရောင်းချခြင်းမပြုမီ အမှုန့်ကြိတ်မှုကိုလည်း လုပ်ဆောင်သည်။ ပိုမိုသေးငယ်သောကုမ္ပဏီများမှာ ဟင်းခတ်အမွှေးအကြိုင်များကို တိုက်ရိုက်ဝယ်ယူတင်သွင်းမှုပြုသော်လည်း အထူးပြုသောကုန်ပစ္စည်းပမာဏအနည်းငယ်ဝယ်ယူခြင်းနှင့် ပတ်သက်၍ ပိုမိုအဆင်ပြေစေသော စည်းကမ်းသတ်မှတ်ချက်များနှင့် ပံ့ပိုးရောင်းချရေးသဘောတူညီချက်များကို ပေးနိုင်သည့် ကုမ္ပဏီကြီးများထံမှလည်း ဝယ်ယူသည်။ ထိုကုမ္ပဏီငယ်များက ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆေးဖက်ဝင်အပင်များကို အစားအစာကုန်သွယ်ရေးလမ်းကြောင်း နှင့် အစားအစာမဟုတ်သောလမ်းကြောင်းများမှ ရောစပ်ထုတ်လုပ်ရေး ကုမ္ပဏီများ၊ ထုပ်ပိုးရေးကုမ္ပဏီများနှင့် နောက်ဆုံးအသုံးပြုသူများ (end users) ထံသို့ ဖြန့်ဖြူးရောင်းချသည်။

ဖော်ပြခဲ့သကဲ့သို့ပင် ဂျာမနီသည် မြန်မာ့ချင်းခြောက်အတွက် အဓိကဈေးကွက်ဖြစ်သည်။ မြန်မာနိုင်ငံမှ ချင်းတင်ပို့သူများက သူတို့သည် သီရိလင်္ကာ၊ စင်ကာပူ၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံမှဝယ်ယူတင်သွင်းသူများထံသို့လည်းရောင်းချပြီး အဆိုပါချင်းတင်သွင်းသူများသည် ကုန်စည်များကို ဥရောပမှ ၎င်းတို့၏ဝယ်လက်များထံသို့ ထပ်မံတင်ပို့ရောင်းချကြသည်ဟု ပြောဆိုတင်ပြခဲ့သည်။ ချင်းခြောက်ကိုနောက်ဆုံးအသုံးပြုသူများ (end users) တွင် အောက်ဖော်ပြပါလုပ်ငန်းများပါဝင်သည်[20] (၁) အသားအဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်း (အများစုက ဂျာမနီတွင်) (၂) အစားအစာအဆင့်မြှင့်တင်ပြုပြင်ရေး လုပ်ငန်း (အသင့်စားအစားအစာထုတ်လုပ်သူများ) (၃) အစားအစာဝန်ဆောင်မှုလုပ်ငန်း (၄) မုန့်ဖုတ်လုပ်ငန်း (၅) ဟင်း ခတ်အမွှေးအကြိုင် ရောစပ်ထုတ်လုပ်ရေးလုပ်ငန်း (ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်လုပ်ငန်းများ သို့မဟုတ် လက်လီထုပ်ပိုး ရေးလုပ်ငန်းများ) တို့ဖြစ်သည်။

မြန်မာနိုင်ငံမှချင်းစိမ်းများကို အဓိကတင်သွင်းသောနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ချင်းစိမ်းများအား နောက်ဆုံးအသုံးပြုသူများ (end users) မှာ လက်လီရောင်းချသူများ၊ အစားအစာဝန်ဆောင်မှု ပေးရေးလုပ်ငန်းများနှင့် အစားအစာအဆင့်မြှင့်တင်ပြုပြင်များ ဖြစ်သည်။ ဝယ်ယူတင်သွင်းသောနိုင်ငံများတွင် ချင်းစိမ်းတက်များကို အအေးခန်းကွန်တိန်နာများဖြင့် သယ်ယူပို့ဆောင်သည်။ ချင်းအဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများစွာကို ဝယ်ယူတင်သွင်းသောနိုင်ငံများတွင်

20 Peneva T.; Vancura, L. 2014. (နီပေါချင်းနှင့်ချင်းထွက်ပစ္စည်းများအတွက် EU ဈေးကွက်ဝင်ရောက်နိုင်မည့်အခွင့်အလမ်းများ) Opportunities for Nepalese Ginger and Derivative Products to Access the EU (A Study of The Netherlands) – (ဆာရမ့်နီပေါ အတွက် အစီရင်ခံစာတစ်စောင်) a report for Samarth-Nepal (Promar Consulting).

အကောင်အထည်ဖော်ဆောင်ရွက်သည်။ ချင်းစိမ်းသကြား/ဆားရည်စိမ်(preserved ginger or stem ginger) ပြုလုပ်ရန်အတွက် ချင်းတက်နကိုအခွံချွတ်ကာ ပါးပါးလှီးပြီး သကြားနှင့်ဆားရည်ပျစ်ပျစ်တွင် ချက်ပြုတ်ပြီးနောက် ၎င်းကို သကြားမုန့် များနှင့် အချိုပွဲများတွင် ထည့်သွင်းအသုံးပြုသည်။ ချင်းသကြားလုံးများကိုထုတ် လုပ်ရန်အတွက် ချင်းကိုသကြားရည်တွင် ချက်ပြုတ်ပြီး လေဖြင့်အခြောက်ခံကာ သကြားအုပ်ရသည်။ သြစတေးလျနိုင်ငံသည် ချင်း သကြားလုံးများတင်ပို့ရောင်းချမှုအများဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ချင်းဆီကို ပင်စည်အား ပေါင်းခံခြင်းဖြင့် ထုတ်ယူရရှိသည်။ ချင်းဆီအဓိကထုတ်လုပ်သော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားနှင့် နီပေါနိုင်ငံ တို့ဖြစ်သည်။ နောက်ဆုံးအနေနှင့် ချင်းနပ် (pickled ginger) မှာ သကြားရည်နှင့်ရာလကာရည်တွင် နပ်ထားသော ပါးပါးလှီးထားသည့်ချင်းနချိုဖြစ်သည်။

## မြန်မာနိုင်ငံတွင်း တန်ဖိုးမြှင့်ကွင်းဆက် (value chain)၏ အင်စတီကျူးရှင်းဆိုင်ရာ ဝန်းကျင်

မြန်မာနိုင်ငံတွင်း တန်ဖိုးမြှင့်ကွင်းဆက် (value chain) ၏ အင်စတီကျူးရှင်းဆိုင်ရာဝန်းကျင်ကို အောက်ပါ အာဏာပိုင်များ ဖြင့် ဖွဲ့ စည်းထားသည်။

- **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP)** MOLIP သည် အလုပ်သမားနှင့် လူမှုဖူလုံရေးကိစ္စရပ်များအတွက် တာဝန်ရှိသော အဓိကအဖွဲ့ အစည်းဖြစ်သည်။ OSH နှင့်သက်ဆိုင်သောဥပဒေများ[21]ကို အားပေးမြှင့်တင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ တွင်ပါဝင်သည့် MOLIP လက်အောက်ရှိ အဓိကအေဂျင်စီများမှာ အလုပ်ရုံများနှင့် အထွေထွေအလုပ် သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (FGLLID) နှင့် လူမှုဖူလုံရေးအဖွဲ့ (SSB) တို့ဖြစ်သည်။
- FGLLID သည် အလုပ်ရုံစစ်ဆေးမှုများနှင့် သင်တန်းပို့ချခြင်းတို့မှတဆင့် OSH စည်းမျဉ်းစည်းကမ်း များကို ကပ်မတ်ထိန်းသိမ်းရန်တာဝန်ရှိသည်။ FGLLID ၏လုပ်ငန်းများကို ဥပဒေနှစ်ရပ်ကဦးဆောင်လမ်း ညွှန်သည်။ ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော အလုပ်ရုံများအက်ဥပဒေ (၁၉၅၁ ခုနှစ်) နှင့် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော ဆိုင်များနှင့်အလုပ်ဌာနများဥပဒေ (၁၉၅၁ ခုနှစ်) တို့ဖြစ်သည်။
- SSB သည် အကျိုးခံစားခွင့်များနှင့် ထည့်ဝင်ကြေးများအပါအဝင် လူမှုဖူလုံရေးအစီအစဉ်များကို စီမံခန့်ခွဲသည်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသည် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု သို့မဟုတ် အလုပ်တွင်ထိခိုက်မှုတို့ဖြစ်ပွားသောကိစ္စရပ်များတွင် အလုပ်သမားများကို အကာအကွယ်ပေးရန်အတွက် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်ကို ပြဌာန်းသည်။ ထို့အပြင် အဆိုပါဥပဒေသည် အကောင်အထည်မဖော်ရသေးသည့် အခြားသောအာမခံများ (ဥပမာ အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် ပင်စင်ထောက်ပံ့ကြေးတို့နှင့်ဆိုင်သည့် အာမခံများ) ကိုလည်း သတ်မှတ်ပြဌာန်းသည်။ အလုပ်သမားငါးဦးနှင့် အထက်ရှိသောကုမ္ပဏီများအားလုံးသည် လုပ်ငန်းစတင်သည့်နေ့မှရက်ပေါင်း (၃၀) အတွင်း SSB ၏ မြို့နယ် လူမှုဖူလုံရေးရုံးတွင် မဖြစ်မနေမှတ်ပုံတင်ရမည်ဖြစ်ပြီး အလုပ်သမားလစာ၏ ၅%နှင့်ညီမျှသော ပုံမှန်ထည့်ဝင်ကြေးများကိုပေးသွင်းရမည်။ အလုပ်ရှင်များက ထည့်ဝင်ကြေး၏ ၃% ကိုတာဝန်ယူပေးသွင်းကာ ကျန် ၂% ကို အလုပ်သမားများမှ ကျခံပေးသွင်းရမည်။ မှတ်ပုံတင်ရန်မလိုအပ်သောအလုပ်ရှင်များ၏ အလုပ်သမားများမှာ မိမိသဘောဆန္ဒအလျောက်မှတ်ပုံတင်နိုင်သည်။ [22]အာမခံအလုပ်သမား များကို ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ရန်အတွက် နိုင်ငံအတွင်း၌ SSB လက်အောက်မှ အလုပ် သမားဆေးရုံ (၃) ရုံနှင့် ဆေးခန်း (၉၂) ခန်းရှိသည်။ ၂၀၁၃ ခုနှစ်စာရင်းအရ ရှမ်းပြည်နယ်တွင် SSB ဆေးခန်း (၁၅) ခန်းရှိသည်။[23]

21 ထောင့်စုံဘက်စုံလွှမ်းခြုံသော OSH ဥပဒေတစ်ရပ်ကို ၂၀၁၃ ခုနှစ်ကတည်းက ရေးဆွဲနေခဲ့သည်။ ကြားကာလတွင် အမျိုးမျိုးသောဥပဒေများက OSH နှင့်စပ်ဆိုင်သည်။

22 ILO. 2017. ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ အလုပ်သမားဥပဒေဆိုင်ရာ ILO လမ်းညွှန်ချက် (Yangon, ILO Liaison Office in Myanmar).

23 Tessier, L.; Thidar, M. W. 2014. မြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ အပေါ် အကဲဖြတ်ဆန်းစစ်ခြင်း r, ILO-MDRI technical report (Geneva, ILO).

- **စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊** ဘွိုင်လာစစ်ဆေးရေးဌာန၏အဓိကလုပ်ငန်းတာ ဝန်များမှာ (၁) ဘွိုင်လာများကိုနှစ်စဉ်စစ်ဆေးမှုပြုရန် (၂) ဘွိုင်လာအသုံးပြုခွင့်လိုင်စင်များ ထုတ်ပေးရန် (၃) ဘွိုင်လာကိုင်တွယ်သူသင်တန်းများနှင့်အဆင့်မြင့်သင်တန်းများပို့ချရန် တို့ဖြစ်သည်။ ထိုဝန်ကြီးဌာနအောက်၌ပင်ရှိသော လျှပ်စစ်စစ်ဆေးရေးဌာနမှာ ကုန်ထုတ်လုပ်ရေးအလုပ်ဌာနများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို ကြီးကြပ်သည်။ မီးသတ်ဦးစီးဌာနမှာ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေးအတွက် တာဝန်ရှိသည်။
- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI)** MoALI လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန (DoA) သည် စိုက်ပျိုးရေးကဏ္ဍနှင့်သီးသန့်သက်ဆိုင်သော သင်တန်းများပို့ချရန်နှင့် နည်းပညာဆိုင်ရာအကြံဉာဏ်များ ပေးအပ်ရန် တာဝန်ရှိသည်။ MoALI တွင် မြန်မာ့စိုက်ပျိုးရေးဝန်ဆောင်မှု (MAS) ၏ သီးနှံကာကွယ်ရေးဌာနခွဲ (PPD) သည် ပိုးသတ်ဆေးမှတ်ပုံတင်ရေးအဖွဲ့ မှတဆင့် ပိုးသတ်ဆေး ဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲသည်။ မြန်မာ့စိုက်ပျိုးရေးဝန်ဆောင်မှု (MAS) သည် လယ်ယာမြေအလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး၊ ပိုးမွှားများအား စုပေါင်းစီမံခန့် ခွဲခြင်းနှင့် ကောင်းမွန်သောစိုက်ပျိုးရေး အကျင့်အကြံများ (GAP) ဆိုင်ရာ သင်တန်းများပို့ချသည်။
- **ကျန်းမာရေးဝန်ကြီးဌာန (MoH)** ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းခွင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာ ရေးဌာနခွဲ၏ အဓိကလုပ်ငန်းတာဝန်များမှာ အလုပ်နှင့်ဆိုင်သောထိခိုက်မှုများနှင့်ရောဂါရမှုများကို ကြိုတင်ကာ ကွယ်တားဆီးရန်နှင့် ကဏ္ဍအမျိုးမျိုးမှအလုပ်သမားများ၏ကျန်းမာရေးကိုမြှင့်တင်ရန်ဖြစ်သည်။ ထိုဌာနခွဲသည် စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် (hazards) နှင့် ထိခိုက်ပျက်စီးနိုင်ခြေ (risks) အကဲဖြတ် လေ့လာဆန်းစစ်မှုများပြုလုပ်ကာ ပတ်ဝန်းကျင်လေအရည်အသွေးကို စောင့်ကြည့်လေ့လာစစ်ဆေးပြီး အလုပ်သမားများအတွက် ကျန်းမာရေးစစ်ဆေးမှုများ (medical check-ups) ပြုလုပ်သည်။

# ၂။ OSH တိုးတက်ကောင်းမွန်ရေးအတွက် မောင်းနှင်အားများနှင့် အဟန့် အတားများ

## ၂.၁။ OSH သတ်မှတ်ချက်များရှိသောစျေးကွက်သစ်များအတွင်း ဖွံ့ဖြိုးကြီးထွားနိုင်မည့် အလားအလာများ

ဝယ်လက်များက အော်ဂဲနစ်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာစံချိန်စံညွှန်းများအတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်မှုအပေါ် ပိုမိုအလေးပေးလာသည့် ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ချင်းဝယ်လိုအားမြင့်တက်လာခဲ့ခြင်းနှင့်အတူ ချင်းဝယ်ယူတင်သွင်းသူများက ပံ့ပိုးရောင်းချသူများအား သင့်တော်ကောင်းမွန်သောလုပ်ငန်းလုပ်ကိုင်မှုအခြေအနေများဆိုင်ရာသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပိုမိုတင်းတင်းကျပ်ကျပ်ထိန်းသိမ်းလာခဲ့သည်။ သို့ဖြစ်ရာ ဝယ်လက်များနှင့် နောက်ဆုံးအသုံးပြုသူများ(end users) များ တောင်းဆိုသောစံချိန်စံညွှန်းအမျိုးမျိုးကို အကောင်းဆုံးအသုံးပြုကာ အလုပ်သမားများ၏ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးကို မြှင့်တင်နိုင်သည်။ လိုက်နာကျင့်ကြံဆောင်ရွက်ရေးဆိုင်ရာ ပုဂ္ဂလိက ဦးဆောင်ဦးရွက်ပြုလုပ်ရှားဆောင်ရွက်မှု(PCIs) အမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းများက မြန်မာနိုင်ငံအား အရည်အသွေးမြင့်ပရီမီယမ်စျေးကွက်သစ်များသို့ ဝင်ရောက်ရန်နှင့် ပိုမိုပါဝင်ဆောင်ရွက်ရန် ကူညီပေးနိုင်သည်။ အဆိုပါစျေးကွက်များအတွင်းဝင်ရောက်ဆောင်ရွက်နိုင်ခြင်းက ချင်းလုပ်ငန်းအတွက် မက်လုံးတစ်ရပ်ဖြစ်၏။ တန်ဖိုးကွင်းဆက်အတွင်းမှ လုပ်ငန်းများအားလုံးတွင် OSH တိုးတက်ကောင်းမွန်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာအောင်ဆွဲဆောင် နိုင်မည့်မက်လုံးပင်ဖြစ်သည်။

အာရှနှင့်ဂျာမနီနိုင်ငံရှိကုန်စည်တင်သွင်းသူများမှဆင့် ပင်လယ်ရပ်ခြားတင်ပို့မှုသည် ချင်းခြောက်နှင့် ချင်းမှုန့်တင်ပို့ရောင်းချရေးအဓိကလမ်းကြောင်းဖြစ်သည်။ အရည်အသွေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ပံ့ပိုးရောင်းချသူများ (suppliers) အတွက် သတ်မှတ်အရည်အချင်းများအရ ထိုလမ်းကြောင်းသည် ကြပ်မတ်ထိန်းသိမ်းမှု အတင်းကျပ် ဆုံးလမ်းကြောင်းဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရွက်နေပြီးဖြစ်သော ပင်လယ်ရပ်ခြားပို့ကုန်စျေးကွက်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးကြီးထွားရေး ဆောင်ရွက်ချက်များက ချင်းလုပ်ငန်းအတွင်းမှ ကုန်ထုတ်လုပ်မှုယေဘုယျစံချိန်စံညွှန်းများကို တိုးတက်ကောင်းမွန်လာအောင် ကူညီပေးနိုင်သည်။ မြန်မာနိုင်ငံ ချင်းခြောက် အဆင့်မြှင့်တင်ပြုပြင်ရေးကဏ္ဍ ဆထက်တံပိုး ဆက်လက်ဖွံ့ဖြိုးကြီးထွားလာခြင်းက မြန်မာ့ချင်းလုပ်ငန်း၏တာရှည်တည်တံ့ခိုင်မြဲမှုကို အားဖြည့်ကူညီပံ့ပိုးနိုင်သည့်အပြင် အလုပ်လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေများ (လူမှုရေးဆိုင်ရာအကာအကွယ် ပေးခြင်းနှင့် OSH အပါအဝင်) အား ပိုမိုကောင်းမွန်လာအောင် မြှင့်တင်ပေး နိုင်မည့်လမ်းကြောင်း တစ်ရပ်ကိုလည်း ပေးစွမ်းနိုင်သည်။

OSH က ဝယ်လက်များ၏ သတ်မှတ်အရည်အချင်းတစ်ရပ်ဖြစ်နေသည့် စျေးကွက်များအတွင်းသို့ မြန်မာ့ချင်းများဝင်ရောက်နိုင်မည့်အခွင့်အလမ်းများရှိနေသည်။ သို့သော် ထိုအခွင့်အလမ်းများမှာ အောက်ပါအကြောင်းအချက်များကြောင့်အကောင် အထည်ပေါ်မလာသေးပေ။ (က) ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အခြားသောလုပ်ဆောင်သူများ (actors) က ပင်လယ်ရပ်ခြား ချင်းပို့ကုန်စျေးကွက်များနှင့်ပတ်သက်၍ သတင်း အချက်အလက်များရရှိနိုင်မှုနည်းပါးခြင်း (၂) စျေးကွက် ရှာဖွေချဲ့ထွင်ရေးဆောင်ရွက်ချက်များအပေါ် ရင်းနှီးမြှုပ်နှံသော အရင်းအမြစ်များနည်းပါးခြင်း တို့ဖြစ်သည်။ ကုန်အမှတ် တံဆိပ်မြှင့်တင်မှုအားနည်းခြင်း၊ ဘုံမျှော်မှန်းချက်ကင်းမဲ့ခြင်းနှင့် ကုန်ထုတ်လုပ်သူများ-ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားတင်ပို့သူများကြား

အတူလက်တွဲဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု နည်းပါးခြင်းတို့ကလည်း အဟန့်အတားများ ဖြစ်နေနိုင်သည်။

## ပိုမိုအားကောင်းသော တာရှည်တည်တံ့စေခြင်း (sustainability) အတွက် ဖိအား

တာရှည်တည်တံ့စေခြင်း (sustainability) သည် ဟင်းခတ်အမွှေးအကြိုင်ကဏ္ဍတစ်ခုလုံး၏ ရည်မှန်းချက်များတွင် ထိပ်ပိုင်းမှပါဝင်နေသည်။ ဥရောပတန်ဖိုးမြှင့်ကွင်းဆက်တွင် အရေးအပါဆုံး လူပုဂ္ဂိုလ်အဖွဲ့အစည်းများသည် ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆေးဖက်ဝင်အပင်များတန်ဖိုးမြှင့်ကွင်းဆက်အား တာရှည်တည်တံ့မှုကို ပိုမိုပေးစွမ်းနိုင်သည့် ကွင်းဆက်ဖြစ်လာစေရန် စုပေါင်းကြိုးပမ်းဆောင်ရွက်နေကြသည်။ အီးယူနှင့် အမေရိကန် ပြည်ထောင်စုမှဝယ်လက်များသည် ပိုမိုအားကောင်းသော တာရှည်တည်တံ့နိုင်မြဲစေရေး သတ်မှတ်စံချိန်စံညွှန်းများ (OSH အပါအဝင်) အတွက် တွန်းအားပေးလုပ်ဆောင်နေကြသည်။ ဥရောပ ဝယ်လက်များမှ စိုးရိမ်ပူပန်မှုဖြစ်နေရသည့် အရေးအကြီးဆုံးလူမှုရေးဆိုင်ရာ ပြဿနာအရေးကိစ္စများမှာ (၁) ကလေးလုပ်သား (၂) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး (၃) အလုပ်သမားဥပဒေများကို လေးစားလိုက်နာခြင်း (၄) အနိမ့်ဆုံးလုပ်ခလစာပေးခြင်းနှင့် (၅)ပိုးသတ်ဆေးများ မှန်မှန်ကန်ကန်အသုံးပြုခြင်း ကိစ္စရပ်များဖြစ်သည်။[24]

ကမ္ဘာ့စျေးကွက်အတွင်းရှိ အဆင့်မြှင့်တင်ပြုပြင်ထားသောချင်းထုတ်ကုန်များနှင့် ဘေးထွက်ပစ္စည်းများမှာ အရည်အသွေးမြင့် အမှတ်တံဆိပ်ထုတ်ကုန်များဖြစ်သည်။ အမှတ်တံဆိပ်ထုတ်ကုန်များကိုရောင်းချသော ကုမ္ပဏီများမှာ ဂုဏ်သိက္ခာပိုင်းဆိုင်ရာဘေးအန္တရာယ်များကြောင့် ကြီးကြီးမားမားထိခိုက်ဆုံးရှုံးနိုင်သည် ဖြစ်ရာ သူတို့ထံ ပေးသွင်းရောင်းချသူများ (suppliers) များအကြား (ပိုမိုကောင်းမွန်သော အလုပ်သမားဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပါအဝင်) တာရှည်တည်တံ့စေမည့်ကုန်ထုတ်လုပ်ရေး (sustainable production) ကိုမြှင့်တင်ရန်အတွက် ပိုမိုအရေးယူဆောင်ရွက် လာနိုင်သည်။ McCormick ၊ Olam နှင့် Unilever ကဲ့သို့သော အဓိကအမှတ်တံဆိပ်ပိုင်ရှင်များသည် သူတို့ထံ ကုန်စည် ပံ့ပိုးရောင်းချမှုကွင်းဆက် (supply chain) တစ်ခုလုံးတွင် တာရှည်တည်တံ့စေမည့်အကျင့်အကြံများကို[25] အားပေးမြှင့်တင် နေခဲ့ပြီး သူတို့၏အမှတ်တံဆိပ်နှင့်အရည်အသွေးကို တာရှည်တည်တံ့စေခြင်းနှင့် တိုက်ရိုက်ချိတ်ဆက်နေပေသည်။[26]

နောက်ထပ်ဥပမာတစ်ရပ်မှာ ဒတ်ချ်ဟင်းခတ်အမွှေးအကြိုင်စျေးကွက်မှ ထင်ရှားကျော်ကြားသောကုမ္ပဏီလေးခု (Euroma ၊ Intertaste ၊ Verstegen နှင့် Unispices) က ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဟင်းခတ်အမွှေးအကြိုင်ကဏ္ဍတစ်ခုလုံးကိုလွှမ်းခြုံသော အဖွဲ့အစည်းတစ်ခု (တာရှည်တည်တံ့စေသော ဟင်းခတ်အမွှေးအကြိုင် ဦးဆောင်ဦးရွက်ပြုလုပ်ရားဆောင်ရွက်မှု (SSI))[27] ပင်ဖြစ်သည်။ ထိုကုမ္ပဏီများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ[28] (CSOs) များနှင့်အတူပူးပေါင်းကာ ၎င်းတို့၏ ကုန်စည်များကို

24 (နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှသွင်းကုန်တင်သွင်းမှုမြှင့်တင်ရေးဗဟို) Centre for Promotion of Imports from developing countries (CBI) Ministry of Foreign Affairs. 2017. " (မည်သည့်ဖြစ်ပေါ်ပြောင်းလဲမှုလမ်းကြောင်းများက ဥရောပဟင်းခတ်အမွှေးအကြိုင်များနှင့် ဆေးဖက်ဝင်အပင်များစျေးကွက်အတွက် အခွင့်အလမ်းများဖန်တီးပေးနေသနည်း။) Which trends offer opportunities on the European spices and herbs market?", 31 January. Available at: https://www.cbi.eu/market-information/spices-herbs/trends/ [Accessed 16 Sept 2017].

25 ဥပမာ။ Olam အဖွဲ့ ၏ရေရှည်တည်မြဲသောဟင်းခတ်အမွှေးအကြိုင်အစီအစဉ် (SSP) သည် အားကောင်းခိုင်မာသော ပိုးမွှားစုပေါင်းစီမံခန့် ခွဲမှုနှင့် ကောင်းမွန်သောရိတ်သိမ်းပြီးချိန်အကျင့်အကြံများဖြင့် ရေရှည်တည်မြဲစေသောပုံစံဖြင့်စိုက်ပျိုးထုတ်လုပ်ထားသော၊ ပင်ရင်းထွက်ရှိရာနေရာကိုခြေရာကောက်နိုင်သော ဟင်းခတ်အမွှေးအကြိုင်များ ဝယ်ယူခြင်းနှင့် စျေးကွက်တင်ခြင်းတို့ ကို အဓိကအလေးပေးသည်။ Olam သည် တောင်သူများနှင့်အတူလက်တွဲလုပ်ဆောင်ကာ ဓာတုပစ္စည်းများ မှန်မှန်ကန်ကန်အသုံးချမှုနှင့် ပိုးမွှားနှင့်မှိုရောဂါထိန်းချုပ်ရေးအတွက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း အသိပညာပေးသည်။ ဤသင်တန်းများက လယ်ယာကုန်ထုတ်စွမ်းအားနှင့် ဘေးကင်းလုံခြုံမှုကိုတိုးတက်ကောင်းမွန်စေသည့်အပြင် ထွက်ရှိလာသောသီးနှံများက USA, EU နှင့် Codex standards တို့ သတ်မှတ်ထားသော ပိုးသတ်ဆေးအကန့် အသတ်ပမာဏနှင့်ကိုက်ညီမှုရှိအောင် ပံ့ပိုးပေးသည်။

26 Centre of Promotion of Imports from developing Countries (CBI), Ministry of Foreign Affairs. 2015. CBI Product Factsheet: "(ဥရောပတွင် ရေရှည်တည်မြဲစေသော ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆေးဖက်ဝင်အပင်များ - ဟဂ်မြို့ ၊ နယ်သာလန်နိုင်ငံ)) Sustainable Spices and Herbs in Europe, Hague – Netherlands", 15 Oct. Available at: https://www.cbi.eu/ [Accessed 16 Sept 2017]

27 (အဓိကဝယ်လက်များမှာ SSI အဖွဲ့ ဝင်များဖြစ်သည်) Major buyers are members of the SSI: McCormick, Unilever, Intersnack, Kerry, Olam, Kutas, Intersnack, Intertaste, Nedspice, ITC India, Jayanti, Griffith Foods, etc.

28 (အရပ်ဘက်လူမှုအဖွဲ့ အစည်းများ) Civil society organizations such as the Royal Tropical Institute (KIT), ICCO, and SNV.

တာရှည်တည်တံ့စေသည့် စံနှုန်းများနှင့်ကိုက်ညီသောပေးသွင်း ရောင်းချသူများထံမှဝယ်ယူရန် (sustaibably sourcing)နှင့် သူတို့ထံကုန်ပစ္စည်းပံ့ပိုးရောင်းချရေးကွင်းဆက် (supply chains) များအပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုတစ်ရပ်ပေးစွမ်းနိုင်ရန် သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်နေခဲ့သည်။ SSI သည် စိုက်ပျိုးရေး ဓာတုပစ္စည်းများအသုံးပြုမှုနှင့်ဆိုင်သော ကောင်းမွန်သောအကျင့်အကြံများကို အားပေးမြှင့်တင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် တုံ့ပြန်နိုင်စွမ်းတည်ဆောက်ခြင်း၊ အသေးစားလယ်ယာမြေပိုင်ရှင်များ၏ လူမှု စီးပွားရေးအခြေအနေများကို တိုးတက်ကောင်းမွန်စေခြင်းနှင့် ကောင်းမွန်သောအလုပ်လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများကို အားပေးမြှင့်တင်ခြင်း စသည်တို့ကိုအလေးပေးဆောင်ရွက်သည်။

ပီရူးနိုင်ငံသည် တာရှည်တည်တံ့စေမှု(sustainability) က အဓိကကျသောစံချိန်စံညွှန်းတစ်ရပ်ဖြစ်နေသည့် ဈေးကွက်တစ်ခုအတွင်း ကိုယ့်ကိုယ်ကိုအောင်မြင်စွာနေရာချနိုင်ခဲ့ခြင်းအတွက် နမူနာကောင်းတစ်ရပ်ဖြစ်သည်။ အမှန်မှာ ပီရူးနိုင်ငံသည် ၎င်း၏ချင်းထုတ်ကုန်အား နာမည်ကောင်းရအောင်မြှင့်တင်ရာတွင် ချင်းအရသာနှင့် တာရှည်တည်တံ့စေသောထုတ်လုပ်မှု တို့နှင့် စွဲစွဲမြဲမြဲချိတ်ဆက်ထားခဲ့သည်။ အော်ဂဲနစ်ဈေးကွက်တွင် တရုတ်နိုင်ငံမှအော်ဂဲနစ်ချင်းများထက် ပိုမိုဈေးမြင့်သော်လည်း ပီရူးနိုင်ငံထွက်ချင်းများကို ဝယ်လက်များ (အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှ) က ပိုမိုနှစ်သက်အားပေးနေခဲ့သည်။[29]

## အသိအမှတ်ပြုလက်မှတ်ရရှိသော အော်ဂဲနစ်ချင်းများအတွက် ပိုမိုကြီးမားလာသော ဝယ်လိုအား

အမေရိကန်ပြည်ထောင်စု၏ အော်ဂဲနစ်ချင်းဝယ်ယူတင်သွင်းမှုပမာဏစုစုပေါင်းမှာ ၂၀၁၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၆၉၄၇.၆၁ ရှိရာမှ ၂၀၁၆ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၇၅၉၇.၇၉ အထိမြင့်တက်လာခဲ့သည်။[30] ၂၀၁၇ ခုနှစ်၏ ပထမနှစ် ဝက်ကာလအတွင်း၌ မြန်မာနိုင်ငံသည် အော်ဂဲနစ်ချင်း ၁၈ မက်ထရစ်တန်ကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရောင်းချခဲ့သည်။[31] ဥရောပနိုင်ငံများ၏ အော်ဂဲနစ်ချင်းဝယ်ယူမှုတွင် စားသုံးသူများထံသို့ ရောင်းချသောချင်းတက်တစ်ခုလုံးအနေနှင့် ဝယ်ယူမှုများ အများဆုံးပါဝင်သည်။ အော်ဂဲနစ်ချင်းအသုံးပြုသော အခြားလုပ်ငန်းများမှာ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများဖြစ်သည်။ ဥရောပနိုင်ငံများမှဝယ်ယူ တင်သွင်းသော အော်ဂဲနစ်ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆေးဖက်ဝင်အပင်များ စာရင်းအင်းအချက်အလက်များကို အလွယ်တကူမရနိုင်ပေ။ နိုင်ငံတကာအခွန်အမျိုးအစားခွဲခြားသတ်မှတ်မှုများတွင် အော်ဂဲနစ်နှင့် သမာရိုးကျစိုက်ပျိုးထုတ်လုပ်သောထုတ်ကုန်များကို ခွဲခြားထားခြင်းမရှိသောကြောင့်ဖြစ်သည်။ သွင်းကုန်မြှင့်တင်ရေးဗဟို (the Centre for Promotion of Imports) ၏အစီရင်ခံစာအရ အသိအမှတ်ပြုလက်မှတ်ရရှိသော အော်ဂဲနစ် ချင်းများအတွက် စိတ်ဝင်စားစရာအကောင်းဆုံးဈေးကွက်များမှာဂျာမနီနှင့်နယ်သာလန်နိုင်ငံတို့ဖြစ်သည်။ သို့သော် ပရိုမာ အကြံပေး (Promar Consulting) [32] အဖွဲ့၏သုတေသနပြုလေ့လာချက်အရ ချင်းခြောက်နောက်ဆုံးအသုံးပြုသူ (end users) စက်မှုလုပ်ငန်းကြီးများ (ဥပမာ အသားအဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းနှင့် ဟင်းခတ်အမွှေးအကြိုင်ရောစပ်ထုတ်လုပ်ရေး လုပ်ငန်း) တို့မှာ အော်ဂဲနစ်ချင်းအပေါ် အလွန်အမင်းစိတ်ဝင်စားမှုမရှိပေ။ ချင်းခြောက်အသုံးပြုသောစက်မှုလုပ်ငန်းများ အတွက် အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်ထက် ပိုမိုအရေးပါသည်မှာ ပိုးသတ်ဆေးအကြွင်းအကျန်ပမာဏများ၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တာရှည်တည်တံ့စေသော (sustainable) ကုန်ထုတ်လုပ်ရေး တို့ဖြစ်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးဆီသို့ရွှေ့ပြောင်းလာခဲ့ခြင်းက မြန်မာနိုင်ငံမှ တောင်သူလူမှုအသိုက်အဝန်းများနှင့် အလုပ်သမားများ ကြား ဓာတုပစ္စည်းထိတွေ့ ကိုင်တွယ်မှုနှင့်ဆက်နွယ်နေသောဘေးအန္တရာယ်များကို လျှော့ချရန် သို့မဟုတ် အလုံးစုံဖယ်ရှားရန်အတွက် ကူညီပေးနိုင်သည်။ လက်ရှိတွင် တောင်သူများသည် အော်ဂဲနစ်စိုက်ပျိုး ရေး ပရိုတိုကောများ (protocols) အတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်နိုင်မည့်စွမ်းဆောင်ရည်များ ကင်းမဲ့နေသည်။ စိုက်ပျိုးရေးဦးစီးဌာနတွင် အရင်းအမြစ်များ(လူ ့စွမ်းအားအရင်းအမြစ်များရော၊ ဘဏ္ဍာရေးအရင်းအမြစ်များပါ) နည်းပါးသည့်အပြင် ချင်းနှင့်ပတ်သက်၍ အော်ဂဲနစ် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ပို့ချသင်ကြားပေးနိုင်မည့် စွမ်းဆောင်ရည်မှာလည်း အကန့်အသတ်ရှိနေသည်။ တောင်သူတစ်ဦးချင်းစီက အော်ဂဲနစ်အသိအမှတ်ပြု

29 According to the United States Department of Agriculture Foreign Agricultural Service's Global Agricultural Trade System, during the 1st semester of 2017, (US သွင်းကုန်ဝယ်ယူတင်သွင်းသူတို့ သည် ပီရူး အော်ဂဲနစ်ချင်း အတွက် ပျမ်းမျှဈေးနှုန်း တစ်ကီလိုလျှင် ၂.၂ ဒေါ်လာနှင့် တရုတ် အော်ဂဲနစ်ချင်း အတွက် တစ်ကီလိုလျှင် ၁.၁ ဒေါ်လာပေးသည်) US importers paid an average price of US$ 2.2/kg for Peruvian organic ginger and US$ 1.1 /kg for Chinese organic ginger. Available online at: https://apps.fas.usda.gov/Gats/ [Accessed 30 Sept 2017].

30 United States Department of Agriculture (USDA) Foreign Agricultural Service: (၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အမေရိကန် ပြည်ထောင်စုမှဝယ်ယူတင်သွင်းသော အော်ဂဲနစ်ချင်း ပမာဏ) United States Import Volume of Organic Ginger, 2013 to 2017 (1st Semester), Compounded Annual Growth Rate (Global Agricultural Trade System). Available online at: https://apps.fas.usda.gov/Gats/ [Accessed 30 Sept 2017].

31 Ibid, United States Department of Agriculture (USDA) Foreign Agricultural Service.

32 Peneva T.; Vancura, L. 2014. (နီပေါချင်းနှင့်ချင်းထွက်ပစ္စည်းများအတွက် EU ဈေးကွက်ဝင်ရောက်နိုင်မည့်အခွင့်အလမ်းများ) Opportunities for Nepalese Ginger and Derivative Products to Access the EU (A Study of The Netherlands) – (ဆာရမ့်- နီပေါ အတွက် အစီရင်ခံစာတစ်စောင်) a report for Samarth-Nepal (Promar Consulting).

လက်မှတ်ပိုင်ဆိုင်သူများ ဖြစ်မလာနိုင်ပေ။ သို့ဖြစ်ရာ တရားဝင်စုဖွဲ့ခြင်းက အသိအမှတ်ပြုလက်မှတ်ရရှိရေးဆီသို့ ဦးတည်သော ခြေလှမ်းတစ်ရပ် ဖြစ်နိုင်ပေသည်။

အသေးစားချေးငွေအင်စတီကျူးရှင်းများ၏ လက်ရှိဖြစ်တည်နေသော ကုန်ထုတ်လုပ်ရေးချေးငွေအမျိုးအစား အုပ်စုများက အဓိကကောက်ပဲသီးနှံများအပေါ် ဦးစားပေးအာရုံစိုက်သည်။ တောင်သူများတွင် မိရိုးဖလာစိုက်ပျိုးရေးမှ အော်ဂဲနစ် စိုက်ပျိုး ရေးဆီသို့ကူးပြောင်းသော အကူးအပြောင်းကာလအတွင်း သီးနှံအထွက်နှုန်း လျော့နည်းဆုံးရှုံးမှုကို ဖာထေးကုစားပေးနိုင်မည့် အခြားဝင်ငွေရင်းမြစ်များ မရှိပေ။ [33]

ဆန့်ကျင်ဘက်အနေနှင့် တောင်ကုန်းတောင်တန်းထူထပ်သောနေရာဒေသများအတွင်း မြေလပ်အဖြစ်ကာလအတန်ကြာ ထားရှိသောကျင့်ကြံလုပ်ဆောင်မှုစနစ်က သက်ဆိုင်ရာတောင်သူများအတွက် အားသာချက်တစ်ရပ်ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ အကယ်၍ လယ်ယာမြေတစ်ကွက်ကို မြေလပ်အဖြစ် အနည်းဆုံးသုံးနှစ်ခန့်ထားရှိပြီးဖြစ်လျှင် သို့မဟုတ် ထိုမြေယာကွက်က အသစ်ခုတ်ထွင်ရှင်းလင်းခဲ့သည့် မြေယာကွက် (မကြာသေးမီကမှစတင်ပြီး ချင်းစိုက်ပျိုးခဲ့သည့်မြေရိုင်း) ဖြစ်နေခဲ့လျှင် တောင်သူမှာ အော်ဂဲနစ်အသိအမှတ်ပြုမှုရရှိရန်အတွက် သုံးနှစ်တာကြာမြင့်သော ပြောင်းလဲခြင်း သို့မဟုတ် အကူးအပြောင်းကာလတစ်ခု (conversion or transition period) ကို ဖြတ်သန်းနေစရာမလိုတော့ပေ။ မြန်မာနိုင်ငံတွင်း အော်ဂဲနစ်အသိအမှတ်ပြုထောက်ခံချက်ပေးရေး လက်ရှိလုပ်ငန်းစဉ်များတွင် အကူးအပြောင်းကာလ (transition period) နှင့်ပတ်သက်၍ တင်းတင်းကျပ်ကျပ်ကြပ်မတ်ထိန်းချုပ်ခြင်းမရှိပဲ လွန်ခဲ့သောနှစ်ကာလများအတွင်း စိုက်ပျိုးရေးဓာတုပစ္စည်းများကို တောင်သူများအသုံးပြုခဲ့ခြင်းမရှိဟု ယုံကြည်ယူဆရလျှင် လယ်ယာမြေကွက်များကို "အလိုအလျောက်အော်ဂဲနစ် ဖြစ်သည် (organic by default)" ဟု သတ်မှတ်ကာ အသိအမှတ်ပြုထောက်ခံချက်ပေးသည်။

နောက်ထပ်အဟန့်အတားတစ်ရပ်မှာ နယ်မြေဒေသတွင်း၌ ချင်းအတွက်သီးသန့်ဖြစ်သော အော်ဂဲနစ်မြေသြဇာများနှင့် သွင်းအားစုများ ပံ့ပိုးရောင်းချမှုမရှိခြင်းပင်ဖြစ်သည်။ အရည်အသွေးကောင်းသောအော်ဂဲနစ်သွင်းအားစုများ အများအပြား ရှိခြင်း၊ အလွယ်တကူရရှိနိုင်ခြင်းနှင့် အသုံးပြုခြင်းတို့က ကုန်ထုတ်စွမ်းအားတိုးတက်ကောင်းမွန်စေရန်နှင့်ဓာတုသွင်းအားစုများအသုံးပြုမှုကိုအလုံးစုံဖယ်ရှားရန်အတွက်ထောက်ပံ့ကူညီပေးနိုင်သည်။ အောက်ဂဲနစ်သွင်းအားစုများကို လက်ရှိထုတ်လုပ်ရောင်းချနေသူများက ဘဏ္ဍာရေးဆိုင်ရာရှင်သန်ရပ်တည်နိုင်စွမ်း (financial viability) မရှိမည်ကို စိုးရိမ်သံသယဖြစ်နေကြသည်။ အမှန်တကယ်ဝယ်လိုအားကနည်းပါးနေဆဲဖြစ်ပြီး ပစ်မှတ်ထားသောဖောက်သည်များမှာလည်း တောင်ပေါ်နေရာဒေသများတွင်သာတည်ရှိနေသောကြောင့်ဖြစ်သည်။ အော်ဂဲနစ်သွင်းအားစုများကို စိုက်ပျိုးလုပ်ကိုင်သော ကျေးရွာများ၏ပြင်ပတွင်ထုတ်လုပ်ခြင်းက ထုတ်ကုန်စျေးနှုန်းများကို သဘာဝမဟုတ်သောလူလုပ်သွင်းအားစုများ၏စျေးကွက်ပေါက်စျေးထက် များစွာပိုမိုမြင့်မားစေမည်ဖြစ်သည်။ တောင်သူများသည် အော်ဂဲနစ်သွင်းအားစုများကို တိုးမြှင့် ထုတ်လုပ်နိုင်ရန်လိုအပ်သော နေရာဌာနအထောက်အကူပစ္စည်း ကိရိယာများ(facilities) နှင့်အရင်းအမြစ်များကို လက်လှမ်း မီရရှိနိုင်ခြင်းမရှိပေ။

အော်ဂဲနစ်အသိအမှတ်ပြုထောက်ခံချက်ရရှိသည့်လယ်ယာမြေများကိုပိုင်ဆိုင်သော တောင်သူပေါင်း ၁၀၀ မှ ၁၅၀ ခန့် ရှိ သည်။ ထိုလယ်ယာမြေများမှ နှစ်စဉ်ထုတ်လုပ်သောချင်းပမာဏမှာ မက်ထရစ်တန်ချိန် ၅၀၀ ခန့် ရှိသည်။ အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်ပိုင်ဆိုင်သောဝယ်လက်များမှာ အကန့်အသတ်ရှိသော ကုန်ကြမ်းအဆင့်မြင့်တင်ပြုပြင်ရေး စွမ်းဆောင် ရည်ကြောင့် မက်ထရစ်တန်ချိန် ၁၀၀ မှ ၁၅၀ ခန့် သာဝယ်ယူနိုင်သည်။ တစ်ပိသာ (၁.၆၃ကီလို)ကိုစျေးကွက်ပေါက်စျေးထက်၅၀ကျပ်ပိုပေးသောပရီမီယမ်နှုန်းထားတစ်ခုဖြင့်ဝယ်ယူခြင်းဖြစ်သည်။ တောင်သူများမှာ ကျန်ရှိသောကုန်စည် များကို သမာရိုးကျစျေးကွက်အတွင်း၌ ရောင်းချရသည်။ တောင်သူများတွင် အသိအမှတ်ပြုထောက်ခံချက်လက်မှတ်မရှိ သဖြင့် သူတို့၏ထုတ်ကုန်များမှာ အော်ဂဲနစ်အသိအမှတ်ပြုထောက်ခံချက်ရရှိသောထုတ်ကုန်များဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ပိုင်ဆိုင်ခြင်းမရှိသည့် အခြားဝယ်လက်များထံ အရေးဆိုနိုင်ခြင်းမရှိပေ။ တောင်သူများအား ဥပဒေအရ တရားဝင်ဖြစ်သောအဖွဲ့အစည်းများ (ဥပမာ သမဝါယမအသင်းများ) အဖြစ် စုဖွဲ့ခြင်းဖြင့် သူတို့သည် အော်ဂဲနစ်အသိ အမှတ်ပြုထောက်ခံချက်လက်မှတ်များ ရထိုက်ခွင့်ရှိလာမည်ဖြစ်သည်။

33 အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်သတ်မှတ်အရည်အချင်းကိုပြည့်မီရန်အတွက် ဓာတုသွင်းအားစုများကင်းလွတ်သော သုံးနှစ်တာ အကူးအပြောင်းကာလတစ်ခုကိုလိုက်နာရမည်

## အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးသတ်မှတ်ချက်များ

နိုင်ငံခြားပို့ကုန်စျေးကွက်များ (အထူးသဖြင့် ဥရောပနိုင်ငံများနှင့်အမေရိကန်ပြည်ထောင်စုအတွင်းရှိ) ကို ဝင်ရောက်နိုင်ရေး အတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကအခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်သည်။ အစားအစာဘေးအန္တရာယ်ကင်း ရှင်းရေးသည် ကမ္ဘာ့ဝယ်လက်များအတွက် အရေးအပါဆုံးဖြစ်၏။ ဥပမာ ဥရောပသို့ ချင်းခြောက်တင်ပို့ရောင်းချရန်အတွက် တင်ပို့သူသည် အောက်ဖော်ပြပါတရားဝင်သတ်မှတ်ချက်များ အတိုင်း မဖြစ်မနေလိုက်နာကျင့်ကြံဆောင်ရွက်ရမည်။ [34]

(က) အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး - ထုတ်လုပ်ရာနေရာ၊ ထုတ်လုပ်မှုဖြစ်စဉ်လမ်းကြောင်းကို ခြေရာကောက်နိုင် ခြင်း (traceability)၊ ကျန်းမာသန့် ရှင်းရေးနှင့် ထိန်းချုပ်ရေးလုပ်ဆောင်ချက်များ

(ခ) မှိုအဆိပ်ပါဝင်မှု - အေဖလာတောက်ဆင် (aflatoxin) နှင့် အိုခရာတောက်ဆင် (ochratoxin) ပါဝင်နိုင်မှု အမြင့်ဆုံးပမာဏ

(ဂ) ပိုးသတ်ဆေးပါဝင်နိုင်မှု အမြင့်ဆုံးပမာဏ

(ဃ) အဏုဇီဝပိုးမွှားပါဝင်မှု - ဆာမိုနဲလား (salmonella) မပါဝင်ရ

(င) အစားအစာတွင်းဖြည့်စွက်ပစ္စည်းများ (additives) နှင့် အခြားပစ္စည်းရောနှောမှု (adulteration) - ကြေညာ ဖော်ပြမထားသော၊ တရားမဝင်သော သို့မဟုတ် လွှန်လွှန်ကဲကဲထည့်သွင်းထားသော ထုတ်ကုန်နှင့် သက်ဆိုင် ခြင်းမရှိသည့်ပစ္စည်းများ မပါဝင်သင့်ပါ။

(စ) PAHs ပါဝင်နိုင်မှု အမြင့်ဆုံးပမာဏ - PAHs အများအပြားပါဝင်မှုမှာ ညံ့ဖျင်းသော အခြောက်ခံခြင်းအကျင့် အကြံများကြောင့်ဖြစ်သည်။

စက်မှုလုပ်ငန်းအကျင့်အကြံများကို ကောင်းမွန်သောစိုက်ပျိုးရေးအကျင့်အကြံများ (GAP) ၊ ကောင်းမွန်သော ကုန်ထုတ်လုပ် ရေးအကျင့်အကြံများ (GMP) နှင့် ဘေးအန္တရာယ်ဆန်းစစ်လေ့လာမှုနှင့်အဓိကထိန်းချုပ်မှတ်များ (HACCP) တို့နှင့်ကိုက်ညီစေခြင်းက အထက်ဖော်ပြပါသတ်မှတ်ချက်များအတိုင်း လိုက်နာကျင့်ကြံဆောင်ရွက် နိုင်အောင် ကူညီပေးနိုင်သည်။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များအတွက် Global GAP ထိန်းချုပ်မှတ် (၂၁၈) ခုတွင် (၂၈) ခုက အလုပ်သမားများဘေး အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကိုအဓိကအာရုံစိုက်သည်။ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဝယ်လက်များနှင့် လက်လီရောင်းချသူများစွာတို့ထံတင်ပို့ရောင်းချရန်အတွက် Global GAP လိုအပ်သည်။ ဥရောပနှင့် ဂျာမန်ဝယ်လက်များကလည်း Global GAP ကို ပိုမိုတောင်းဆိုလာကြသည်။ Global GAP စံချိန်စံညွှန်း၏ထပ်တိုးအပိုင်းတစ်ပိုင်းဖြစ်သော လူမှုရေးအကျင့်အကြံများဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေအကဲဖြတ် ဆန်းစစ်မှု (GRASP) အသိအမှတ်ပြုထောက်ခံချက်ပေးခြင်းလုပ်ငန်းသည် အလုပ်သမားများ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဖူလုံရေးတို့နှင့် သက်ဆိုင်သော လူမှုရေးဆိုင်ရာအကျင့်အကြံများအပေါ် အဓိက အာရုံစိုက်သည်။ [35]

လယ်ယာမြေစိုက်ပျိုးထုတ်လုပ်မှုအဆင့်တွင်ရှိသော ကုန်ထုတ်စွမ်းအားပြဿနာများနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာပြဿနာများစွာတို့ကို ကောင်းမွန်သောစိုက်ပျိုးရေးအကျင့် အကြံများအား လိုက်နာဆောင်ရွက်ခြင်းမှ တဆင့်ကိုင်တွယ်ဖြေရှင်းနိုင်သည်။ သို့သော်တောင်သူများတွင် Global GAPကို လိုက်နာကျင့်ကြံနိုင်မည့် စွမ်းဆောင်ရည်များကင်းမဲ့နေဆဲဖြစ်သည်။ သူတို့ရင်ဆိုင်ကြုံတွေ့ရသော အဟန့်အတားများမှာ အော်ဂဲနစ် အသိအမှတ်ပြုမှုရရှိရေးအတွက် လိုက်နာကျင့်ကြံ ဆောင်ရွက်ရာတွင် ရင်ဆိုင်ရသောအဟန့်အတားများနှင့် အတူတူပင်ဖြစ်သည်။ သူတို့သည် ပုဂ္ဂလိကကဏ္ဍကုန်စည်/ဝန်ဆောင်မှု ပေးအပ်သူများ (PSPs) အတွက် မြင့်မားသောကုန်ကျစရိတ်များကို ပေးချေနိုင်ခြင်းမရှိပေ။ အသေးစားချေးငွေ အင်စတီကျူးရှင်းများ၏ ရှိရင်းစွဲချေးငွေအုပ်စုအမျိုးအစားများမှာလည်း အဓိကကောက်ပဲသီးနှံများကို အလေးပေးအာရုံစိုက်သည်။ တောင်သူများအား တရားဝင်စုဖွဲ့ ထားခြင်းမရှိသဖြင့် Global GAP အသိအမှတ်ပြုထောက်ခံချက် ရထိုက်ခွင့်မရှိပေ။ စိုက်ပျိုးရေးဦးစီးဌာန (DoA) နှင့် အစိုးရစိုက်ပျိုးရေးအင်စတီ

34 Centre for Promotion of Imports from developing countries (CBI) Ministry of Foreign Affairs. 2017. "(ချင်းခြောက်များကို ဥရောပသို့ တင်ပို့ ခြင်း) Exporting Dried Ginger to Europe", June. Available at: https://www.cbi.eu/market-information/spices-herbs/dried-ginger/europe/ [Accessed 28 Aug 2017].

35 Centre of Promotion of Imports from developing Countries (CBI), Ministry of Foreign Affairs. 2014. CBI Product Factsheet: "ဂျာမနီနိုင်ငံတွင်းမှထောပတ်သီး (သင့်ထုတ်ကုန်အတွက် လက်တွေ့ စျေးကွက်အသိအမြင်များ) Avocado in Germany 'Practical market insights for your product' ". Available at: https://www.cbi.eu/ [Accessed 28 Aug 2017].

ကျူးရှင်းများတွင်လည်း လူ့အရင်းအမြစ်နှင့်ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ အကန့်အသတ်ရှိနေသဖြင့် ချင်းနှင့်ပတ်သက်၍ သီးခြား Global GAP သင်တန်းများပေးအပ်နိုင်မည့် စွမ်း ဆောင်ရည်များနည်းပါးနေသည်။

စိုက်ပျိုးရေးအကျင့်အကြံများကိုအဆင့်မြှင့်တင်ခြင်းက ဘေးအန္တရာယ်ကင်းရှင်းရေးသတ်မှတ်ချက်များ အတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်မှုများကို ပိုမိုဖြစ်ထွန်းပေါ်ပေါက်စေနိုင်သည်။ လယ်ယာမြေပေါ်မှ တစ်ဝက်တစ်ပျက်ကုန်ချော မြှင့်တင်ရေး နေရာအဆောက်အအုံ၊ ပစ္စည်းကိရိယာများ (facilities) သည် ထိုလိုက်နာကျင့်ကြံဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်သည့်အပြင် ထောက်ပံ့ပို့ဆောင်ရေး (logistics) အသုံးစရိတ်များကိုလျော့ကျစေပြီး ထုတ်ကုန်တန်ဖိုးကိုမြှင့်တင်ပေးနိုင်သည်။ လက်ရှိတွင် အလုပ်သမားများမှာ သန့်ရှင်းသောရေများမရနိုင်သည့်အပြင် တူးဖော်နုတ်ယူပြီးနောက်ပိုင်း ကုန်ကြမ်း အဆင့်မြှင့်တင်ပြုပြင်ရေးအတွက် လိုအပ်သော ဘုံနေရာအဆောက်အအုံ၊ ပစ္စည်းကိရိယာများ (facilities)ကိုလည်း လက်လှမ်းမီနိုင်ခြင်းမရှိပေ။ ဖော်ပြခဲ့သကဲ့သို့ပင် တောင်သူများမှ လက်ရှိထုတ်လုပ်နေသောချင်းခြောက်များ၏ အဏုဇီဝဆိုင်ရာ၊ အမြင်၊ အနံ့အရသာဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာလက္ခဏာများက နိုင်ငံခြားတင်ပို့သူတို့၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိပေ။ ကုန်ကြမ်းများထပ်ဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တောင်သူများသည် GMP နှင့် OSH တို့နှင့်ပတ်သက်သော ၎င်းတို့၏အသိအမြင် ဗဟုသုတများကို မြှင့်တင်သွားရန်လိုအပ်သည်။

ရှိရင်းစွဲ ကုန်ကြမ်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားတင်ပို့သူများ ကြားတွင် GMP ၊ HACCP နှင့် ကိုယ့်သဘောဆန္ဒ အလျောက် လိုက်နာကျင့်ကြံဆောင်ရွက်နိုင်သည့် စံချိန်စံညွှန်းများတို့ကို လိုက်နာဆောင်ရွက်မှု အားနည်းနေဆဲဖြစ်သည်။ ယင်းသည် ကုန်ကျစရိတ်နည်းနည်းနှင့်ထိရောက်ကောင်းမွန်ပြီး စီးပွားရေးလုပ်ငန်းငယ်များအတွက်သင့်တော်ကောင်းမွန် သည့် လက်တွေ့ကျသော အကောင်အထည်ဖော်ဆောင်ရွက်မှုနည်းလမ်းများနှင့်ပတ်သက်၍ လမ်းညွှန်ပေးနိုင်ခြင်းမရှိသော ရှိရင်းစွဲဝန်ဆောင်မှုပေးသူများ (providers) ၏ စွမ်းဆောင်ရည်နည်းပါးမှုကြောင့်ဖြစ်နိုင်သည်။ GMP ၊ HACCP နှင့် ကိုယ့် သဘောဆန္ဒအလျောက် လိုက်နာကျင့်ကြံဆောင်ရွက်နိုင်သည့် စံချိန်စံညွှန်းများအတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်ခြင်း၏ အကျိုးအမြတ်များကို လက်တွေ့ ထုတ်ဖော်ပြသနိုင်မည့် သက်သေသာဓကများလည်း မရှိပေ။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများက ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာစံချိန်စံညွှန်းများအား တိတိကျကျလိုက် နာဆောင်ရွက်ရန် တောင်းဆိုသော်လည်း တရုတ်တို့၏အလွန်တင်းကျပ်သော ပတ်ဝန်းကျင်သန့် ရှင်းရေးဆိုင်ရာ အရေး ယူဆောင်ရွက်မှုများကမူ မြန်မာနိုင်ငံအပေါ် လျော့ရဲစွာသာသက်ရောက်နေသည်ကို သတိပြုမှတ်သားရန် အရေးကြီးသည်။ ကုန်းတွင်းပိုင်းနယ်စပ်ကုန်သွယ်ရေးမှတဆင့် မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ သွင်းကုန်များမှာ ပတ်ဝန်းကျင်သန့် ရှင်း ရေး အသိအမှတ်ပြုလက်မှတ်များ (sanitary certificates) လိုအပ်ချက်မှ ကင်းလွတ်ခွင့်ရသည်။

## ၂.၂။ ကျေးလက်ဖွံ့ ဖြိုးရေးနှင့် စိုက်ပျိုးရေးအကျင့်အကြံများ အဆင့်မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီခြင်း

နောက်ဆုံးနှစ်နှစ်တာကာလအတွင်း စိုက်ပျိုးရေးအကျင့်အကြံများအား အဆင့်မြှင့်တင်ဆောင်ရွက်မှုအများစုကို USAID ၏ ရန်ပုံငွေပံ့ပိုးကူညီမှုဖြင့် အကျိုးအမြတ်မယူသောအဖွဲ့ အစည်းတစ်ခုဖြစ်သည့် Winrock International မှ အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေးအတွက်တန်ဖိုးမြှင့်ကွင်းဆက်များ (VC-RD) စီမံကိန်းက ပံ့ပိုးကူညီပေးခဲ့ သည်။ ရပ်ရွာဒေသခံပံ့ပိုးကူညီသူများ၊ ဦးဆောင်လယ်သမားများနှင့် ဘုန်းကြီးကျောင်းများအတွက် စီစဥ်ရေးဆွဲဖန်တီးထားသော သင်တန်းများကို လူမှုအသိုက်အဝန်းအား အခြေပြုကာပို့ချသင်ကြားပေးခြင်း (ရှေ့ ပြေးစီမံချက်)က လူမှုအသိုက်အဝန်းများကြားတွင် ကောင်းမွန်သော စိုက်ပျိုးရေးအကျင့်အကြံများ ပိုမိုထဲထဲဝင်ဝင် ကျယ်ကျယ်ပြန့် ပြန့် ရောက်ရှိ စေခဲ့သည်။ USAID စီမံကိန်းသည် ချင်းစိုက်ပျိုးရေးအတွင်းမှ OSH ကို အလေးပေးအာရုံစိုက်မှုနည်းပါးသည်။ သို့သော် Global GAP နှင့် အော်ဂဲနစ်စိုက်ပျိုးရေးကို အားပေးမြှင့်တင်ခြင်းမှတဆင့် ပိုးသတ်ဆေးများမှန်ကန်သင့်လျော်စွာအသုံးပြုရေးနှင့် ဓာတုသွင်းအားစုများအလုံးစုံဖယ်ရှားရေးတို့ကို ပိုမိုမြှင့်တင် ဆောင်ရွက်နေခဲ့သည်။

လယ်ယာမြေအတွင်း ရောဂါဘယတိုးပွားလာနိုင်ခြေဘေးအန္တရာယ်များကို အလုံးစုံဖယ်ရှားရန်အတွက် သန့်ရှင်းသော စိုက်ပျိုးရေးပစ္စည်းကိရိယာများအသုံးပြုခြင်းက စီမံကိန်း၏ပါဝင်လုပ်ဆောင်ချက်တစ်ရပ် ဖြစ်သည်။ VC-RD စီမံကိန်းသည် ဓာတ်မြေသြဇာအသုံးပြုသောအကျင့်အကြံများနေရာတွင် အစားထိုးတစ်ရပ်အနေနှင့် ဘိုခါရှီ (ဇီဝမြေဆွေး) အသုံးပြုမှုဆိုင်ရာသင်တန်းများကိုလည်း သင်ကြားပို့ချပေးခဲ့သည်။ ဘိုခါရှီသည် အကျိုးရရှိမှုလျင်မြန်ခြင်း၊ စီးပွားဖြစ်မြေသြဇာများထက် ဈေးနှုန်းချိုသာခြင်းနှင့် သမာရိုးကျမှအော်ဂဲနစ်စိုက်ပျိုးရေးသို့ကူးပြောင်းမှုကာလအတွက် ထိရောက်ကောင်းမွန်ခြင်းဟူသော အားသာချက်များရှိသည်။ ပိုမိုများပြားသောတောင်သူများက ဘိုခါရှီကိုအသုံးပြုလာခဲ့သော်လည်း တောင်သူများစွာတို့မှာ ကြိတ်ဖြတ်

ဖြစ်ဆုပ်ရန်အတွက် သင့်လျော်သောပစ္စည်းကိရိယာများမရှိခြင်းနှင့် လိုအပ်သောအရာဝတ္ထုပစ္စည်းများကို တစ်ဦးချင်း ရယူစုဆောင်းရန်ခက်ခဲခြင်းတို့ကြောင့် ဘိုခါရှီအသုံးပြုမှုကိုအလုပ်ရှုပ်လွန်းသည်ဟု မြင်နေဆဲဖြစ်သည်။ ကျေးရွာအဆင့် ဘိုခါရှီထုတ်လုပ်ရေးဘုံဌာန (facility) တစ်ခုက ဘိုခါရှီအသုံးပြုစိုက်ပျိုးမှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည့် အပြင် အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်မည့် ပိုမိုကောင်းမွန် သောအလုပ်လုပ်ကိုင်ဆောင်ရွက်မှုအခြေ အနေများကို ပေးစွမ်းနိုင်သည်။

ယေဘုယျအားဖြင့် တောင်သူများမှာ သူတို့၏ကျင့်ကြံလုပ်ဆောင်ပုံစနစ်များကို အဆင့်မြှင့်တင်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ သူတို့သည် ထိခိုက်ဆုံးရှုံးနိုင်ခြေဘေး အန္တရာယ်များ စီမံခန့်ခွဲရေးနှင့် လျှော့ချရေးလုပ် ဆောင်ချက်နည်းလမ်းများကို လိုက်နာကျင့်ကြံဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နေရာဌာန အထောက်အကူပစ္စည်း ကိရိယာများ (facilities) ၊ အရင်းအမြစ်များနှင့် အသိအမြင်ဗဟုသုတတို့ကို လက်လှမ်းမီရရှိနိုင်ခြင်းမရှိပေ။ ချင်းတောင်သူများသည် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ (ငွေစုငွေချေးဝန်ဆောင်မှုများ) ရရှိခံစားနိုင်မှုနည်းပါးသည်။ တောင်သူလူမှုအသိုက်အဝန်းများနှင့် မိတ်ဖက်လက်တွဲလုပ်ဆောင်ရန် သို့မဟုတ် ၎င်းတို့ကို အလုပ်ခန့်ထားရန် ဆန္ဒရှိသည့် ရင်းနှီးမြှုပ်နှံသူများလည်းမရှိပေ။ တောင်သူများသည် လယ်ယာမြေလက်ရှိထားပိုင်ခွင့်ဆိုင်ရာမလုံခြုံမှုကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ လယ်ယာမြေမှတ်ပုံတင်နှင့် အလားတူမြေပိုင်ဆိုင်မှုသက်သေအထောက်အထားများကင်းမဲ့ခြင်းက မြေယာလုံခြုံ စိတ်ချမှုနှင့်တည်မြဲမှုကို ခြိမ်းခြောက်နေသည်။ အနာဂတ်ကာလ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ သေချာရေရာမှုကင်းမဲ့မှု များကြောင့် နည်းပညာသစ်နှင့် အကျင့်အကြံသစ်များအပေါ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တွန့်ဆုတ်တွေဝေနေဆဲဖြစ်သည်။ ထိုကဲ့သို့လုံခြုံစိတ်ချမှုမရှိသောကြောင့်လည်း ပိုမိုကောင်းမွန်သောအကျင့်အကြံများအပေါ် ရင်းနှီးမြှုပ်နှံမှုပြုရန် တောင်သူများအား ဆွဲဆောင်နိုင်မှုနည်းပါးသည်။ အလားတူပင် မြေယာမှတ်ပုံတင်မရှိသဖြင့် တောင်သူများမှာ ပေါင်နှံပစ္စည်းများအဖြစ်အသုံးပြုကာ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ ရယူနိုင်ခြင်းမရှိပေ။

## ၂.၃။ စိုက်ပျိုးရေးဓာတုသွင်းအားစုများ ပိုမိုဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးအတွက် တောင်းဆိုမှုများ ပိုမိုများပြားလာခဲ့ခြင်း

ချင်းထုတ်လုပ်မှုတွင် အရည်အသွေးညံ့ဖျင်းသောမြေဩဇာများ၊ ပေါင်းသတ်ဆေးများနှင့် ပိုးသတ်ဆေးများကို လွဲမှားစွာ အသုံးပြုခြင်းက သဘာဝပတ်ဝန်းကျင်နှင့်ကျန်းမာရေးပေါ် ဆိုးကျိုးများသက်ရောက်စေသည်။ ထိုပြဿနာသည် အရည်အသွေးကောင်းမွန်သောသွင်းအားစုများမရှိခြင်းနှင့် ရွေးချယ်နိုင်မည့်စိုက်ပျိုးဓာတုထုတ်ကုန်များနှင့် အသုံးပြုမှုဆိုင်ရာ ပိုမိုကြီးမားသောအသုံးချဗဟုသုတများ လိုအပ်နေခြင်းတို့နှင့် ဆက်နွယ်နေနိုင်သည်။

နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (the International Finance Corporation) အတွက် ကိန်းဘရစ်ဂျ်စီးပွားရေးမူဝါဒ အကြံပေးလုပ်ငန်း (CEPA) ကရေးသားပြုစုသော စိုက်ပျိုးစီးပွားရေးစစ်ဆေးအဖြေရှာမှုအစီရင်ခံစာအရ မြေဩဇာအသုံးပြုမှုအတွက် အဓိကအဟန့်အတားတစ်ရပ်မှာ ရောနှောထားသော သို့မဟုတ် ပြင်းအားလျော့နည်းသော မြေဩဇာများ ဈေးကွက်ထဲတွင် ပွားများနေခြင်းပင်ဖြစ်သည်။ တောင်သူများသည် ဝယ်ယူခဲ့သောမြေဩဇာများ (တင်သွင်းလာခဲ့သော သို့မဟုတ် ပြည်တွင်းတွင်ထုတ်လုပ်သောမြေဩဇာများ) မှာ ရောနှောထားခြင်းရှိမရှိ သတ်မှတ်ဆုံးဖြတ်နိုင်ခြင်းမရှိပေ (အရည်အသွေးမြင့်ပရီမီယမ်ဈေးနှုန်း၏ ၅၀ မှ ၁၀၀% ဖြင့် ရောင်းချသောအမှတ်တံဆိပ်အချို့မှာ ခွင်းချက်ဖြစ်သည်)။[36] အသက်မွေးဝမ်းကျောင်းနှင့် အစားအစာဘေးကင်းလုံခြုံရေးရန်ပုံငွေအဖွဲ့(LIFT) မှ ပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်ကလည်း ထိုပြဿနာကိုဖော်ထုတ်တင်ပြခဲ့သည်။ နယ်စပ်တွင် မြေဩဇာများပြန်လည် ထုပ်ပိုးခြင်းကြောင့် ပြန်လည်ထုပ်ပိုးသူ များအဖို့အရည်အသွေးနိမ့်မြေဩဇာများနှင့် အရည်အသွေးမြင့်မြေဩဇာများကို အလွယ်

36 World Bank. 2016. Global Agriculture and Food Security Program (GAFSP): ပုဂ္ဂလိကကဏ္ဍပြတင်း - စိုက်ပျိုးစီးပွားရေးအတွက် နိုင်ငံအလိုက်စစ်ဆေးသတ်မှတ်ချက် - မြန်မာ private sector window: Agribusiness country diagnostic – Myanmar. Washington, D.C.: World Bank Group. Available at: http://documents.worldbank.org/curated/en/541101490092426376/Agribusiness-country-diagnostic-Myanmar [Accessed 8 Oct. 2017].

တကူရောနှောပေါင်းစပ်နိုင်သည်။[37] ပါဝင်ပစ္စည်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုပုံအညွှန်းတို့ကို မြန်မာဘာသာဖြင့် ထင်ထင်ရှားရှား ဖော်ပြရမည်ဟု မြေသြဇာဥပဒေ (၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁ ရက်) တွင် ပြဌာန်းထားသော်လည်း လိုက်နာဆောင် ရွက်ခြင်းရှိမရှိ။ အစဉ်တစိုက် နီးနီးကပ်ကပ်စောင့်ကြည့်စစ်ဆေး မှုများမရှိပေ။ မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းတို့မှ တဆင့် အရည်အသွေးထိန်းချုပ်ရန်နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဘေးအန္တရာယ်များလျှော့ချရန်အတွက် ပြန်လည်သုံးသပ် ပြင်ဆင်ထားသောမြေသြဇာ ဥပဒေတစ်ရပ်ကို[38] လွှတ်တော်က ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သည်။ သို့သော် ဥပဒေလေး စားလိုက်နာရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်မှုများမှာ အားနည်းသည်။ စျေးကွက်အတွင်းရောင်းချနေသောမြေသြဇာများကို နမူနာယူစစ်ဆေးရန်အတွက် တရားဝင်အသိအမှတ်ပြုထားသောဓာတ်ခွဲခန်း အနည်းငယ်သာရှိသည်။

ပိုးသတ်ဆေးများအတွက်မူ မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများအားလုံးကို လွှမ်းခြုံသောဥပဒေမှာ ၂၀၁၆ ခုနှစ်ဇန်နဝါရီလ ၂၀ ရက်နေ့တွင်တရားဝင်ပြဌာန်းခဲ့သည့် ပိုးသတ်ဆေးဥပဒေ ဖြစ်သည်။[39] ထိုဥပဒေသည် ပိုးသတ် ဆေးမှတ်ပုံတင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ယေဘုယျစနစ်ကို ချမှတ်ပြဌာန်းသည်။ ပိုးသတ် ဆေးမှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းများက ဆေးအညွှန်းများကို မြန်မာဘာသာဖြင့်ဖော်ပြရမည်ဖြစ်ပြီး အောက်ပါ အကြောင်းအရာများပါဝင်သင့်သည်ဟုသတ်မှတ်ထားသည်။ (၁) ပါဝင်ပစ္စည်းများ (၂) ကုန်အမှတ်တံဆိပ် (၃) ကုန်ထုတ် လုပ်သူ/ဖြန့်ဖြူးသူ (၄) အသုံးပြုရန်အညွှန်း (၅) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ (၆) အန္တရာယ်အမျိုးအစား (၇) ဘေးအန္တရာယ်ကင်းရှင်းရေး (ကိုင်တွယ်မှု၊ စွန့်ပစ်မှု၊ သိမ်းဆည်းမှု) (၈) ရှေးဦးသူနာပြုစုရေး (၉) အဆိပ်ဖြေဆေး တို့ ဖြစ်သည်။ လက်ရှိဥပဒေအရ ရိတ်သိမ်းချိန်မတိုင်မီကာလနှင့်ပတ်သက်သောသတင်းအချက်အလက်များအား မဖြစ်မနေ ဖော်ပြရန်မလိုပေ။

စိုက်ပျိုးရေးဓာတုသွင်းအားစုများ ထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ထိန်းချုပ်သည့် လက်ရှိဥပဒေများ၏ အဓိကအားနည်းချက်မှာ လေးစားလိုက်နာစေရေး ကြပ်မတ်ထိန်းသိမ်းမှု ကင်းမဲ့ခြင်းပင် ဖြစ်သည်။ အထူးသဖြင့် နယ်စပ်ကုန် သွယ်ရေးမှတဆင့် နိုင်ငံအတွင်းသို့ဝင်ရောက်လာသော မြေသြဇာများနှင့် ပိုးသတ်ဆေးများနှင့်ပတ်သက်၍ ကြပ်မတ်ထိန်းချုပ်မှု ကင်းမဲ့နေသည်။ မှတ်ပုံမတင်ထားသော အရည်အသွေး ညံ့ဖျင်းသည့်မြေသြဇာများရောင်းချနေခြင်းမှာ တရုတ်နိုင်ငံ နှင့်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမှတဆင့် တင်သွင်းလာခဲ့သောမြေသြဇာများအား မှတ်ပုံတင်ခြင်းနှင့်စစ်ဆေးခြင်း မရှိသောကြောင့်ဖြစ်သည်။ ယနေ့အချိန်အထိ မြေသြဇာများအားလုံး၏ ၂၀% ကိုသာ ဆိပ်ကမ်းမှတဆင့် ဝယ်ယူတင်သွင်းခြင်း ဖြစ်သည်။ ယင်းသည် တင်သွင်းမြေသြဇာများအရည်အသွေးထိန်းချုပ်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား နှစ်နိုင်ငံသဘောတူညီချက်တစ်ရပ်မရှိခြင်းကြောင့်ဟု ဆိုနိုင်သည်။ ခြုံငုံ၍ဆိုရလျှင် စနစ်ကျသော ထိရောက်ပျက်စီးနိုင်ခြေ ဘေးအန္တရာယ်အခြေပြုစစ်ဆေးရေး (risk-based inspectiion) လုပ်ငန်းစဉ်တစ်ရပ်ကင်းမဲ့နေသည်။ အရေးဆိုတိုင်တန်းမှု များကိုဖြေရှင်းဆောင်ရွက်ရန်အတွက် မြေအသုံးချရေးဌာနခွဲက လက်လီလက်ကားစျေးကွက်အတွင်း မြေသြဇာစစ်ဆေးမှု ပြုလုပ်ခြင်းသည် ပြဿနာဖြစ်ပြီးမှတုံ့ ပြန်ဖြေရှင်းသည့်သဘောသဘာဝ (reactive nature) ကိုထင်ဟပ်နေသည်။[40]

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (MoALI) ၊ သီးနှံကာကွယ်ရေးဌာနခွဲ (PPD) သည် စိုက်ပျိုးရေးဓာတု ပစ္စည်းများမှတ်ပုံတင်ခြင်းကို တာဝန်ယူဆောင်ရွက်သည်။ PPD သည် အစိုးရပိုးသတ်ဆေးမူဝါဒအား အမှန်တကယ်လိုက် နာဆောင်ရွက်စေရေးအတွက် စိုက်ပျိုးရေးဓာတုပစ္စည်းများ၏ မှတ်ပုံတင်မှုအနေအထားနှင့်စစ်ဆေးမှုများတို့နှင့်ပတ်သက် ၍ ဦးဆောင်လမ်းညွှန်ရန် တာဝန်ရှိသည်။ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် (အထူးသဖြင့် မြို့နယ်အဆင့်တွင်) သီးနှံကာကွယ်ရေးအရာရှိများသည် အဆိုပါမူဝါဒနှင့်ပတ်သက်၍ လူထုအားအသိပညာပေးရမည်ဖြစ်သည်။ သို့သော် လက်ကားဖြန့် ဖြူးရေးလုပ်ငန်းနှင့် လက်လီရောင်းချရေးလုပ်ငန်းအဆင့် အသိပညာပေးစည်းရုံးရေးဆောင်ရွက်ချက်များကို ဝန်ထမ်းနှင့်အရင်းအမြစ် များကင်းမဲ့မှုက ကန့် သတ်ပိတ်ပင်ထားသည်။

37 Roelofsen, P. et al. 2015. (မြန်မာနိုင်ငံတွင်း အသေးစားလယ်သမားများ၏အကျိုးစီးပွားများနှင့်ဆက်နွယ်နေသည့် ဓာတုနှင့်အော်ဂဲနစ် မြေသြဇာစျေးကွက်) Chemical and organic fertilizer market in relation to the interests of small farmers in Myanmar (Food and Security Working Group, Livelihoods and Food Security Trust Fund (LIFT)).

38 မြေသြဇာဥပဒေကိုပြန်လည်ပြင်ဆင်သောဥပဒေ ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်

39 ဓာတ်မြေသြဇာဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ နံပါတ် ၁၄/၂၀၁၆)

40 World Bank. 2016. (မြန်မာ - လယ်ယာထုတ်လုပ်ရေးဆိုင်ရာစီးပွားရေး ခွဲခြမ်းလေ့လာဆန်းစစ်ချက်) Myanmar - Analysis of farm production economics (Washington, D.C., World Bank Group). Available at: http://documents.worldbank.org/curated/en/509581468181132091/Myanmar-Analysis-of-farm-production-economics [Accessed 4 Oct 2017].

လက်ရှိတွင် PPD သည် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း တိုးတက်ကောင်းမွန်စေရေးအတွက် ဝက်ဂျန်နင်ဂျန် တက္ကသိုလ်နှင့်သုတေသန၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသန (Alterra) နှင့် လုပ်ကိုင်ဆောင်ရွက်နေသည်။ အကဲဖြတ်ဆန်းစစ်မှုများကို စံသတ်မှတ်ထားသောပုံစံတစ်ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဆုံးဖြတ်ချက်များကို ပွင့်လင်းမြင်သာရှိသောနည်းလမ်းတစ်ခုဖြင့် ချမှတ်သည့် လုပ်ထုံးလုပ်နည်းပင်ဖြစ်သည်။ ထိုစီမံကိန်းမှရည်ရွယ်ထားသော လုပ်ဆောင်ချက်များအနက် တစ်ခုမှာ ပိုးသတ်ဆေးမှတ်ပုံတင်ရေးဝန်ဆောင်မှုနှင့် သက်တမ်းတိုးရေး ဝန်ဆောင်မှုတို့ကြားတွင် ဝက်ဂျန်နင်ဂျန် သီးနှံသုတေသနဌာန၏ ပိုးသတ်ဆေးရွေးချယ်ရေးကိရိယာ (PST) မှတဆင့် ချိတ်ဆက်မှုတစ်ရပ် တည်ဆောက်သွားရန်ဖြစ်သည်။ PST သည် မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် သင့်လျော်မျှတမှုအရှိဆုံးစျေး နှုန်းဖြင့် အကောင်းဆုံးရလာဒ်ပေးနိုင်မည့်ထုတ်ကုန်များကို ရွေးချယ်နိုင်ရန်အတွက် တောင်သူများနှင့် သီးနှံကဏ္ဍပညာသည်များ (professionals) ကိုကူညီပေးနိုင်သည်။ ၂၀၁၇ ခုနှစ်အတွင်း စီမံကိန်း၏အဓိကလုပ်ငန်းများမှာ (၁) FAO/WHO လမ်းညွှန်ချက်ကို အသုံးပြုကာ အလွန်အန္တရာယ်များသည်ဟုသတ်မှတ်ထားသောပိုးသတ်ဆေးများကို ရှာဖွေဖော်ထုတ်ရန်အတွက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို ကြည့်ရှုစစ်ဆေးခြင်း (၂) မြန်မာနိုင်ငံတွင်း ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း လုပ်ငန်းစဥ်အတွက် လုပ်ငန်းစဥ်စီးဆင်းပုံဇယား (flow chart) တစ်ခုကို ဆွေးနွေးတိုင်ပင်ရေးဆွဲခြင်း နှင့် (၃) မှတ်ပုံတင်ခြင်းလမ်းညွှန်ချက်ကို ဆက်လက်ရေးဆွဲဖန်တီးကာ ထိုလမ်းညွှန်ချက်ကိုအသုံးပြုဆောင်ရွက်နိုင်ရန် အတွက် PPD ဝန်ထမ်း များအား အကူအညီပေးခြင်းတို့ဖြစ်သည်။[41]

MoALI လက်အောက်ရှိ သီးနှံကာကွယ်ရေးဌာနခွဲသည် ပိုးသတ်ဆေးများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထိထိရောက် ရောက်အသုံးပြုမှုကို အားပေးမြှင့်တင်ရန်အတွက် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် မိုဘိုင်း အပလီကေးရှင်းတစ်ခုစတင်မိတ်ဆက် အသုံးပြုခဲ့သည်။ အန်းဒရိုက်ဖုန်းများတွင် အသုံးပြုနိုင်သော "သီးနှံကာကွယ်ရေးမိုဘိုင်း အပလီကေးရှင်း (PP-Version-1.0)" သည် အသုံးပြုသူများအဖို့ပိုးသတ်ဆေး အမှတ်တံဆိပ်တစ်ခုက ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားခြင်းရှိမရှိ၊ အသုံးပြုရန် အမှန်တကယ်ဘေးကင်းမှုရှိမရှိ ကိုးကားကြည့်ရှုနိုင်အောင် ကူညီပေးသည်။ ပိုးသတ်ဆေးများအား ပိုမိုဘေးကင်းစွာအသုံး ပြုနိုင်ရေး အသိပညာပေးရန်လိုအပ်မှုနှင့် အညွှန်းများနှင့်ပတ်သက်သောဘာသာစကား အတားအဆီးများတို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ထိုအပလီကေးရှင်းကို မိတ်ဆက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေး စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်း (MFSPEA) သည် အပလီကေးရှင်း သို့မဟုတ် ပြည်တွင်းမီဒီယာတွင် ထုတ်လွှင့်ပြသရန်အတွက် ပိုးသတ်ဆေးအသုံးပြုမှုနှင့်ဆိုင်သော ပညာပေး ဇာတ်လမ်းတို တစ်ပုဒ်ရိုက်ကူးဖန်တီးရန် MoALI ကို တိုက်တွန်းနေခဲ့သည်။[42] ဖော်ပြပါ မိုဘိုင်းအပလီကေးရှင်းကို စတင်မိတ်ဆက်ခဲ့သည့်အချိန်မှစ၍ နှစ်လအတွင်း ဒေါင်းလုဒ်ရယူမှု အကြိမ်ပေါင်း ၁၀၀၀၀ ကျော်ရှိခဲ့သည်။ ကမ္ဘာ့ဘဏ်မှဆောင်ရွက်ခဲ့သော နမူနာလေ့လာမှုစစ်တမ်းတစ်ရပ်အရ ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားအိမ်ထောင်စုများ၏ ၅၆ % မှာ ဆဲလ်ဖုန်းတစ်လုံးပိုင်ဆိုင်ကြသည်။[43] ပိုးသတ်ဆေးများအား ပိုမိုဘေးကင်းစွာအသုံးပြုရေးနှင့်ကိုင်တွယ်ရေးနှင့် MoALI နှင့်အခြားအဖွဲ့ အစည်းများ၏ သီးနှံထုတ်လုပ်ရေးနှင့် သက်ဆိုင်သော ရှိရင်းစွဲမိုဘိုင်းအပလီကေးရှင်းသည် OSH သတင်းအချက်အလက်များ ဖြန့် ဝေပေးအပ်နိုင်မည့် လမ်းကြောင်းများဖြစ်လာနိုင်သည်။

လက်လီရောင်းချသူများမှာ အရေးပါသော သတင်းအချက်အလက်ရင်းမြစ်များဖြစ်နိုင်သည်။ အထူးသဖြင့် သီးနှံတစ်မျိုးအတွက် သင့်တော်ကောင်းမွန်သောပိုးသတ်ဆေးအမျိုးအစား၊ အသုံးပြုရန်ပမာဏ၊ သွင်းအား စုများအသုံးပြုပုံနှင့်ဆိုင်သည့် ယေဘုယျလမ်းညွှန်ချက်များ အစရှိသောသတင်းအချက်အလက်များကို ဆိုလိုသည်။ အရောင်းသမားများသည် တောင်သူများကြားရေပန်းစားလူကြိုက်များမှုကို ထုတ်ကုန်၏ ထိရောက်ကောင်းမွန်မှုနှင့် ညီမျှခြင်းချလေ့ရှိသည်ဟု ထင်မြင်ယူဆရသည်။ မြန်မာနိုင်ငံ၏ဥပဒေများအရ စိုက်ပျိုးရေး ဓာတုသွင်းအားစုများအား သင့်လျော်မှန်ကန်စွာကိုင်တွယ်အသုံးပြုရေးဆိုင်ရာ သင်တန်းကို တက်ရောက်ပြီးစီးအောင်မြင်မှသာ လက်လီရောင်းချခွင့် လိုင်စင်ထုတ်ပေးသည်။ သို့သော် လက်လီရောင်း ချသူများသည် သူတို့၏စားသုံးသူဖောက်သည်များအား သင်တန်းပို့ချရန်နှင့်အကြံပေးရန် တာဝန်မရှိပေ။ သုတေသနအဖွဲ့မှ သွားရောက်လေ့လာခဲ့သော သွင်းအားစုလက်လီရောင်းချရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးနှင့်ဆက်နွယ်နေသော ဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးမှုများပြုလုပ်ရန်လိုအပ်မှု သို့မဟုတ် တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းကိရိယာများ (PPEs) အသုံးပြုမှုတို့ကိုဖော်ပြထားသည့်

41 Hortidaily. 2017. "(နယ်သာလန်နှင့်မြန်မာနိုင်ငံတို့ ပိုးသတ်ဆေးမှတ်ပုံတင်မှုအပေါ် ပူးပေါင်းဆောင်ရွက်မည်) Netherlands & Myanmar partner on pesticide registration", 22 Feb. Available at: http://www.hortidaily.com/article/32505/Netherlands-&-Myanmar-partner-on-pesticide-registration [Accessed 4 Oct 2017].

42 Myanmar Business Today. 2017. " (ဝန်ကြီးဌာနက သီးနှံနှင့်စားသုံးသူလုံခြုံရေး မိုဘိုင်းအပလီကေးရှင်း စတင်မိတ်ဆက်) Ministry Launches Mobile App For Crop & Consumer Safety", 4 Sept. Available at: https://www.mmbiztoday.com/articles/ministry-launches-mobile-app-crop-consumer-safety [Accessed 4 Oct 2017].

43 World Bank. 2016. (မြန်မာ- လယ်ယာထုတ်လုပ်ရေးဆိုင်ရာစီးပွားရေး ခွဲခြမ်းလေ့လာဆန်းစစ်ချက်) Myanmar - Analysis of farm production economics (Washington, D.C., World Bank Group). Available at: http://documents.worldbank.org/curated/en/509581468181132091/Myanmar-Analysis-of-farm-production-economics [Accessed 4 Oct 2017].

ပိုစတာကို ချိတ်ဆွဲပြသထားကြသည်။ ထိုပိုစတာကို DoA မှ ပံ့ပိုးပေးခြင်းဖြစ်သည်။ ကျောပိုးဆေးဖျန်းဘူးများ၏ထုပ်ပိုးစက္ကူဖာများတွင်လည်း သင့်လျော်မှန်ကန်စွာအသုံးပြုမှု နှင့်ကိုင်တွယ်မှုဆိုင်ရာညွှန်ကြားချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဆိုင်အများစုက PPEs များရောင်းချရန် ဆိုင်တွင် တင်ထားသည်။ သို့သော် အရောင်းသမားများ၏အဆိုအရ ထိုပစ္စည်းကိရိယာများမှာ အရောင်းထိုင်းသည်။

ကြားခံဆောင်ရွက်သူများ (intermediaries) (အထူးသဖြင့် ပွဲစားများ) မှာလည်း တောင်သူများအသုံးပြုသော သွင်းအားစု အမျိုးအစားနှင့် တောင်သူများ၏စိုက်ပျိုးရေးစနစ်တို့အပေါ် လွှမ်းမိုးမှုရှိနိုင်သည်။ ကြားခံဆောင်ရွက်သူများသည် တောင်သူများအား ကြိုငွေများနှင့် ချေးငွေများထုတ်ပေးသည်။ အများအားဖြင့် သွင်းအားစုများဝယ်ယူရေးနှင့်ပတ်သက်၍ ထုတ်ပေးခြင်းဖြစ်သည်။ ချင်းနှင့်အခြားသီးနှံများ ရောင်းဝယ်မှုတွင်လည်း ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသည့်မြေသြဇာရောင်းဝယ်ရေး လုပ်ငန်းများလည်းရှိသည်။ ထိုလက်လီဆိုင်များသည် တောင်သူများ (အထူးသဖြင့် ၎င်းတို့ထံ ကုန်ပစ္စည်းပေးသွင်းရောင်း ချသူများ သို့မဟုတ် ပုံမှန်ဝယ်ယူသူဖောက်သည်များ) ကို တစ်လအတိုးနှုန်း ၃% ဖြင့် မြေသြဇာအကြွေးပေးသည်။ အကယ်၍ တောင်သူက တစ်လအတွင်း မြေသြဇာဖိုးပေးရှင်းနိုင်လျှင် အတိုးမယူပေ။ ချင်းကိုလည်း စျေးကွက်ပေါက်စျေးဖြင့် ဝယ်ယူသည်။ တောင်သူများနှင့် လက်လီရောင်းချသောဆိုင်များကိုတွေ့ဆုံမေးမြန်းမှုများအရ ရှမ်းပြည်နယ်တောင်ပိုင်းတွင် သွင်းအားစုလက်လီရောင်းချသောဆိုင်များ အလျင်အမြန်တိုးပွားလာသည်ဖြစ်ရာ ဖောက်သည်၏သစ္စာရှိမှုကိုထိန်းထားနိုင်ရန်အတွက် သွင်းအားစုများအကြွေးပေးခြင်းက သမာရိုးကျ အကျင့်အကြံတစ်ခုသာဖြစ်ကြောင်း သိမြင်ရသည်။ တောင်သူများတွင် အခြားရနိုင်သော ချေးငွေများမရှိသဖြင့် အဆိုပါအကျင့်အကြံက တောင်သူများအတွက် အကျိုးရှိစေသည်။ ပိုမိုကောင်းမွန်ပြီး ပိုမိုဘေးကင်းသောမြေသြဇာများကို အသုံးပြုလာအောင် တောင်သူများကိုအားပေးတိုက်တွန်းနိုင်ရန်အတွက် ချေးငွေရရှိနိုင်မှုကိုထည့်သွင်း စဉ်းစားရန် အရေးကြီးသည် သို့မဟုတ် မြေသြဇာရောင်းချသူများမှ အကြွေးပေးနိုင်ရန် အရေးကြီးသည်။ ယင်းသည် တန်ဖိုးမြှင့်ကွင်းဆက်တွင် ကုန်သည်များအားဖယ်ရှားခြင်းက (အခြားချေးငွေလမ်းကြောင်း များနေရာတစ်ကျ မဖြစ်သေးပါက) အန္တရာယ်များသောမဟာဗျူဟာတစ်ရပ်ဖြစ်နိုင်သည်ကို သတိပေးနေသည့် လက္ခဏာ တစ်ရပ်လည်းဖြစ်လေသည်။

မြန်မာနိုင်ငံတွင် အဓိကကျသော သွင်းအားစုထုတ်လုပ်သူများနှင့်ဖြန့်ဖြူးသူများသည် ကျေးရွာများသို့ ကိုယ်စားလှယ်များ စေလွှတ်သည်။ ထိုကိုယ်စားလှယ်များသည် တောင်သူများကို နည်းပညာဆိုင်ရာအကြံဉာဏ်များပေးအပ်ပြီး ၎င်းတို့ကုမ္ပဏီ မှထုတ်လုပ်သောကုန်စည်များအားအသုံးပြုမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များပေးအပ်သည်။ စိုက်ပျိုးရေးသွင်းအားစုများ အများဆုံးဖြန့်ချိရောင်းချသူနှင့် တင်သွင်းသူတစ်ဦးဖြစ်သော မြန်မာ့ဩဘာကုမ္ပဏီသည် နိုင်ငံတစ်ဝှမ်းတွင် ကိုယ်စားလှယ်ပေါင်း ၅၀၀ ခန့်ကို ခန့်အပ်တာဝန်ပေးထားသည်။ သုတေသနပြုလေ့လာရေးအဖွဲ့နှင့်တွေ့ဆုံချိန်တွင် ကုမ္ပဏီက ၎င်း၏ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား OSH ဆိုင်ရာအသိအမြင်ဗဟုသုတများ မြှင့်တင်ပေးရန်လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

## ၂.၄။ တရားဝင်အဖွဲ့ အစည်းနှင့် သမဝါယမအသင်းများမရှိခြင်း

အစိုးရမှဖွဲ့ စည်းတည်ထောင်ခြင်းမဟုတ်သော အစုအဖွဲ့ များနှင့် အသင်းများက ဥပဒေအရတရားဝင်မှုမရှိသည်မှာ ၂၀၁၁ ခုနှစ်ထိတိုင်ဖြစ်သည်။ ထိုသို့ဖြင့် ချင်းတောင်သူများမှာ (ရှေ့တွင်ဖော်ပြခဲ့သကဲ့သို့ပင်) တရားဝင်စုဖွဲ့နိုင်ခြင်းမရှိပဲ အစုအဖွဲ့အဆင့်မရှိသည်ဖြစ်ရာ Global GAP သို့မဟုတ် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်ကဲ့သို့သော အသိအမှတ် ပြုလက်မှတ်များကို ရရှိပိုင်ဆိုင်နိုင်ခွင့်မရှိပေ။ သို့သော် တစ်ရွာတည်းမှတောင်သူများမှာ တစ်ဦးနှင့်တစ်ဦး ကောင်းစွာသိကျွမ်းကြသည်။ တောင်သူများသည် အိမ်နီးချင်းများနှင့် လုပ်အားဖလှယ်မှုပြုလေ့ရှိပြီး နည်းပညာများကို အချင်းချင်း မျှဝေကြသည်။ အဆိုပါ ကိုယ်ရေးကိုယ်တာဆက်ဆံရေးများနှင့် လူမှုရေးဆိုင်ရာဆက်ဆံရေးများကို အကောင်းဆုံးအသုံးချကာ တောင်သူများ အတူပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုကို ဖန်တီးနိုင်သည်။ သမဝါယမစီးပွားရေးလုပ်ငန်းပုံစံသည် ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်းစေခြင်း (economy of scales - ထုတ်ကုန်များများထုတ်လုပ်နိုင်လေလေ တစ်ခုချင်းစီအတွက်ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်းလေလေဖြစ်သည်) နှင့် စျေးသတ်မှတ်ညှိနှိုင်းမှုအနေအထားကို ပိုမို ကောင်းမွန်စေခြင်းဖြင့် အများပြည်သူနှင့် လူမှုအသိုက်အဝန်းများအား အမှန်တကယ်အကျိုးပြုနိုင်မည့် စျေးကွက်စနစ်များ တည်ဆောက်ရေးဟူသော မျှော်လင့်ချက်ကို ကိုယ်စားပြုသည်။ လယ်ယာမြေများ၏ အရွယ်အစားကကြီးမားလှသည်ဖြစ်ရာ ခိုင်မာအားကောင်းသော အလျားလိုက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု (horizontal collaboration) သည် အခြေခံ အဆောက်အအုံများ၊ နည်းပညာနှင့် ဗဟုသုတအခြေပြုပိုင်ဆိုင်မှု အရင်းအမြစ်များကို အဆင့်မြှင့်တင်ရန် ဦးတည်သော အဓိကရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးသက်ရောက်မှုများကို ထိန်းညှိလျှော့ချနိုင်ရေးအတွက် အရေးကြီးသည်။ ထိုရင်းနှီးမြှုပ် နှံမှုများမှာ အလုပ်လုပ်ကိုင်မှုအခြေအနေများ၊ ကုန်ထုတ်စွမ်းအားနှင့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန်အတွက် လိုအပ်သည်။ တောင်သူများကို

သမဝါယမအသင်းများအဖြစ်ဖွဲ့စည်းခြင်းက OSH လုပ်ဆောင်ချက်များ တိုးတက်ကောင်းမွန်စေမည့် အရင်းအမြစ်များနှင့် အသိအမြင်ဗဟုသုတများကို လက်လှမ်းမီရရှိနိုင်အောင် ပံ့ပိုးကူညီပေးနိုင်သည့်အပြင် အကျိုးအမြတ်ပိုမိုပေးစွမ်းနိုင်သည့်စျေးကွက်များသို့ဝင်ရောက်နိုင်အောင်လည်း အကူအညီပေးနိုင်သည်။

လက်ရှိတွင် တောင်သူများနှင့်ကုန်ထမ်းသူများသည် သမဝါယမစနစ်များအကြောင်းနှင့် ထိုစနစ်များ၏ စီးပွားရေးလုပ်ငန်းပုံစံ (business model) မှရရှိနိုင်သောအကျိုးကျေးဇူးများအကြောင်းကို နားလည်သိမြင်ခြင်းမရှိပေ။ သူတို့တွင် သမဝါယမ အသင်းများကို စီမံအုပ်ချုပ်ရန်အတွက် လိုအပ်သော လက်တွေ့ဗဟုသုတနှင့်ကျွမ်းကျင်မှုများလည်းမရှိပေ။ အဆိုပါ အဟန့်အတားများမှာ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုပေးသူများကင်းမဲ့ခြင်းနှင့် ချင်းတောင်သူများ၏ အခြေအနေနှင့်သင့်လျော်ညီညွတ်သော သမဝါယမအသင်းဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ မရှိခြင်းတို့နှင့် ဆက်နွယ်နေ နိုင်သည်။ တောင်သူများထံတွင် ယေဘုယျစွဲမြဲဖြစ်တည်နေသည့် အသင်းအဖွဲ့များနှင့် သမဝါယမအသင်းများတို့နှင့် ဆက်နွယ်နေသော အနုတ်သဘောဆောင်သည့် ထင်မှတ်နားလည်ယုံကြည်မှုများကို ရင်ဆိုင်ကျော်လွှားရန်မှာ အဓိကကျသော နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။[44]

ဆယ်စုနှစ်ငါးခုကျော်ပိတ်ပင်တားမြစ်ထားခဲ့ပြီးမှ ၂၀၁၁ ခုနှစ် အလုပ်သမားဥပဒေ[45]က အလုပ်သမားသမဂ္ဂများဖွဲ့စည်းရန် ခွင့်ပြုပေးခဲ့သည်ကိုလည်း သတိမူရန်အရေးကြီးသည်။ အလုပ်သမားများသည် ၎င်းတို့၏သက်ဆိုင်ရာ လုပ်ငန်းကိုင်ငန်းအရသာ အလုပ်သမားအဖွဲ့ တစ်ခုတွင်ပူးပေါင်းပါဝင်နိုင်သည်။ မြန်မာနိုင်ငံတောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက် ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ကဲ့သို့သော မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားသမဂ္ဂများသည် OSH ဆိုင်ရာအသိပညာပေးခြင်း၊ ပိုးသတ်ဆေးသင့်လျော်မှန်ကန်စွာအသုံးပြုရေး ဆိုင်ရာအားပေးလှုံ့ဆော်ခြင်း နှင့် တောင်သူလယ်သမားအစုအဖွဲ့ များ ဖွဲ့ စည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ သို့သော် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းမရှိပေ။

## ၂.၅။ OSH ဥပဒေသစ်နှင့် အကျုံးဝင်နယ်ပယ်ကဏ္ဍ

မြန်မာနိုင်ငံတွင်း လက်ရှိ OSH ဥပဒေရေးရာမူဘောင်ကို ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော အလုပ်ရုံများ ဥပဒေ (၁၉၅၁ ခုနှစ်) နှင့် ၂၀၁၆ ခုနှစ်တွင်ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ (၁၉၅၁ ခုနှစ်) တို့တွင် အဓိကကထည့်သွင်းထားသည်။ အလုပ်ရုံများအက်ဥပဒေ ပြဋ္ဌာန်းချက်များသည် (က) အလုပ်သမားငါးဦးနှင့် အထက်ရှိသော လျှပ်စစ်အသုံးပြုသည့် (ခ) အလုပ်သမား ဆယ်ဦးနှင့်အထက်ရှိသော လျှပ်စစ်အသုံးမပြုသည့် ကုန်ထုတ် လုပ်ရေးကုမ္ပဏီများအားလုံးနှင့် အကျုံးဝင်သက်ဆိုင်သည်။ အလုပ်ရုံများအက်ဥပဒေသည် နိုင်ငံခြားပို့ကုန်ကိုဦးတည်သော ကုန်ထုတ်လုပ်ရေး ကုမ္ပဏီများအတွက်သာ သင့်လျော်ပေလိမ့်မည်။ အလုပ်ရုံများအက်ဥပဒေတွင် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး၊ အဆောက်အဦးနှင့်စက်ယန္တယားများကို ကာရံဖုံးအုပ်ခြင်းနှင့် စက်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းစဉ် များ၊ ဓာတ်လှေကားများနှင့် ဝန်ချီစက်များ၊ အန္တရာယ်ရှိသောအရာဝတ္ထုပစ္စည်းများကဲ့သို့သော အခြားအကြောင်းအရာများ တို့နှင့်သက်ဆိုင်သည့် အသေးစိတ်ပြဋ္ဌာန်းချက်များပါဝင်သည်။

ဆိုင်များနှင့်အလုပ်ဌာနများဥပဒေ (၂၀၁၆) တွင် အလုပ်ချိန်များ၊ လုပ်ခလစာ ပေးချေမှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်း ရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများပါဝင်သည်။ ထိုဥပဒေ၏အကျုံးဝင်နယ်ပယ်ကဏ္ဍအရ ချင်းရောင်းဝယ်ရေးလုပ်ငန်းများ (ပွဲစားများ၊ လက်ကားရောင်းချသူများ) လည်း အကျုံးဝင်သက်ဆိုင်သည်။ သို့ဖြစ်ရာ လက်ရှိ OSH ဥပဒေသည် လက်တွေ့တွင် နိုင်ငံခြားပို့ကုန်ကို ဦးတည်သော ကုန်ထုတ်လုပ်ရေးကုမ္ပဏီများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အတွက်သာ အကျုံးဝင်သက်ဆိုင်သည်ဟု ထင်မြင်ယူဆရ၏။ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍမှာ ရှိရင်းစွဲ OSH ဥပဒေ နှင့် နည်းဥပဒေများတွင် ပါဝင်ခြင်းမရှိပေ။

စိုက်ပျိုးရေးလုပ်ငန်းအပါအဝင် ကဏ္ဍများအားလုံးကိုလွှမ်းခြုံသော OSH ဥပဒေသစ်တစ်ရပ်မှာ လွှတ်တော်၏ အတည်ပြု ပြဋ္ဌာန်းမှုကို စောင့်ဆိုင်းနေသည်။ ထိုဥပဒေမူကြမ်းကို MOLIP က အမျိုးမျိုးသော OSH ကြပ်မတ်ထိန်းသိမ်းရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့်အတူ ILO ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၃ ခုနှစ်ကတည်းကပင် စတင်ရေးဆွဲခဲ့သည်။ ဥပဒေသစ်သည် အလုပ်ရုံများအက်ဥပဒေ၊

44 တောင်သူများသည် အသင်းအဖွဲ့များတည်ထောင်ခြင်းနှင့်ဆိုင်သည့်ကျရှုံးသောလုပ်ဆောင်ချက်များသမိုင်းကို ဖြတ်သန်းလာခဲ့ကြရသည်။ ထိုကဲ့သို့သောအဖွဲ့အစည်းများက အများပြည်သူကိုစွမ်းအားမြှင့်တင်မည့်အစား လှုပ်ရှားမှုကိုကန့်သတ်ထိန်းချုပ်ရန်ရည်ရွယ်သည်ဟု မှတ်ထင်ယုံကြည်ကြသည်။

45 အလုပ်သမားအဖွဲ့အစည်းဥပဒေ (နံပါတ် ၇ (၂၀၁၁ ခုနှစ်))

ဆိုင်များနှင့်အလုပ်ဌာနများဥပဒေနှင့် အခြားသော ကဏ္ဍအလိုက်ဥပဒေများ တွင်ပြဋ္ဌာန်းထားသော ရှိရင်းစွဲ OSH စံချိန်စံညွှန်းများကို ပေါင်းစပ်စုစည်းထားသည်။ ဘက်စုံလွှမ်း ခြုံသော OSH ဥပဒေသစ်အရ အမျိုးမျိုးသော OSH လုပ်ဆောင်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် OSH ကောင်စီတစ်ရပ် ဖွဲ့စည်း သွားမည်ဖြစ်သည်။ လက်ရှိတွင် ထိုလုပ်ဆောင်ချက်များကို မတူခြားနားသော OSH ကြပ်မတ်ထိန်းသိမ်း ရေးအဖွဲ့အစည်းအနည်းငယ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပြုထားသော ဥပဒေသစ်သည် စက်မှုလုပ်ငန်းများအားလုံးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးတည်ရည်ရွယ်သည်။ ထိုဥပဒေသစ်သည် အလုပ်နှင့်ဆိုင်သောထိခိုက်ဒဏ်ရာရမှု များနှင့် ရောဂါရမှုများကိုလျှော့ချရန် သို့မဟုတ် အလုံးစုံဖယ်ရှားရန်အတွက် သက်ဆိုင်သူများ (stakeholders) မှ ဖြည့် ဆည်းဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကို သတ်မှတ်ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ ထွက်ပေါ်လာမည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် ထိခိုက်ပျက်စီး ဆုံးရှုံးနိုင်ခြေများကို စောလျင်စွာကြိုတင်ကာကွယ်တားဆီးသွား မည့်အပြင် ကုန်ထုတ်စွမ်းအားကိုမြှင့်တင်ကာ ဒေသတွင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဘေးအန္တရာယ်ကင်း ရှင်းပြီး ကျန်းမာသောလုပ်ငန်းခွင်များကို ဖန်တီးတည်ဆောက်ပေးမည်ဖြစ်သည်။ ဥပဒေသစ်အရ ကုမ္ပဏီများမှာ OSH စီမံ ခန့်ခွဲမှု စနစ်တစ်ရပ်နှင့် ကော်မတီတစ်ရပ်ကို မဖြစ်မနေဖွဲ့ စည်းဆောင်ရွက်ရပေမည်။[46]

အဆိုပြုထားသော OSH ဥပဒေအား လိုက်နာကျင့်ကြံဆောင်ရွက်ခြင်းက တန်ဖိုးမြှင့်ကွင်းဆက် (value chain) အတွင်းရှိ ကုန်ထုတ်လုပ်သူများနှင့် အခြားလုပ်ဆောင်သူများ (actors) ကို နိုင်ငံခြားပို့ကုန် စျေးကွက်များ၏သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိအောင် အကူအညီပေးမည်ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းက ကုန်ထုတ်စွမ်းအားတိုး တက်ကောင်းမွန်ရေးအတွက်လည်း အထောက်အကူပြုသည်။ ချင်းတန်ဖိုးမြှင့်ကွင်းဆက်အတွင်းမှ စီးပွားရေးလုပ်ငန်းများသည် ဥပဒေသစ်အတွက်ကြိုတင်ပြင်ဆင်မှု (အထူးသဖြင့် OSH စီမံခန့်ခွဲမှု စနစ်တရပ် ချမှတ်တည်ဆောက်မှု) ဆိုင်ရာ အထောက်အပံ့များမှ အကျိုးကျေးဇူးများ ရရှိပေလိမ့်မည်။ ယခုအချိန်အထိမူ OSH ဆိုင်ရာ ဥပဒေများနှင့် အကျုံးဝင်သက်ဆိုင်သောနယ်ပယ်များတွင် ပင်ကုန်ကြမ်းအဆင့်မြှင့်တင် ပြုပြင်သူများ-နိုင်ငံခြားပို့ကုန်တင် ပို့ရောင်းချသူများကြား၌ OSH စီမံခန့်ခွဲမှု စနစ်များ ရေးဆွဲချမှတ်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော လက်တွေ့ဗဟုသုတနှင့်ကျွမ်းကျင်မှုများ ကင်းမဲ့နေကြောင်း လေ့လာတွေ့မြင်ရသည်။ လယ်ယာမြေအဆင့်တွင် တောင်သူများမှအသုံးချနေသည့် ‘အလိုအလျောက်ထိုးထွင်းသိမြင်သော (intuitive)’ စီမံခန့်ခွဲရေး နည်းလမ်းများနှင့် DoA ထံမှ တောင်သူအချို့လက်ခံရရှိသော OSH ဆိုင်ရာအသိအမြင်ဗဟုသုတတို့မှလွဲ၍ OSH စနစ်တကျမြှင့်တင်ရေး တရားဝင်စနစ်ယန္တယားများ မရှိပေ။ OSH စည်းမျဉ်းစည်းကမ်းကြပ်မတ် ထိန်းသိမ်းရေးအတွက် “အလုပ်ရှင်” များအပေါ်မှီခို အားထားနေခြင်း (OSH စည်းကမ်းထိန်းသိမ်းရေးစနစ် ယန္တယားများနှင့် ထွက်ပေါ်လာတော့မည့် OSH ဥပဒေပါပြဋ္ဌာန်းချက် များအရ အလုပ်ရှင်များအပေါ်မှီခိုနေရသည်) တောင်သူများကဲ့သို့သော ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) အလုပ်သမားများ ပါဝင်နိုင်ခြင်းမရှိအောင် ကန့်သတ်ဖယ်ထုတ်ထားသည်။ မြန်မာနိုင်ငံတွင်းမှ အသေးစားလယ်ယာမြေ ပိုင်ရှင်များအား စီးပွားရေးလုပ်ငန်းများအဖြစ် မှတ်ပုံတင်ခြင်းမပြုသည့်အချက်က ထွက်ပေါ်လာတော့မည့် OSH ဥပဒေသစ် အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲပြဿနာများဖြစ်ပေါ်စေနိုင်သည်။ ထို့အတူ အလုပ်သမားစစ် ဆေးရေးလုပ်ဆောင်ချက်များအား ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် ဖော်ဆောင် နိုင်ခြင်းမရှိသောပြဿနာက OSH ဥပဒေသစ်အတည်ပြုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ပိုမိုကြီးထွားလာဦးမည်ဖြစ်သည်။

46 ILO. Forthcoming. (မြန်မာ - အမျိုးသား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအခြေအနေ) Myanmar – National Occupational Safety and Health Profile – 2018 (Geneva, ILO).

## ၂.၆။ OSH နှင့်ဆိုင်သော အခွင့်အာဏာတစ်ရပ်ကို ပိုင်ဆိုင်သည့် အင်စတီးကျူးရှင်းများ၏ အကန့်အသတ်ရှိသော အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ

FGLLID သည် အလုပ်ရုံစစ်ဆေးမှုများပြုလုပ်ခြင်းနှင့် သင်တန်းများပို့ချခြင်းတို့မှတဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစည်းကမ်းများကို ကြပ်မတ်ထိန်းသိမ်းရန် တာဝန်ရှိသည်။ FGLLID ၏လုပ်ငန်းများကို ဥပဒေနစ်ရပ် က ဦးဆောင်လမ်းညွှန်သည်။ ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော အလုပ်ရုံများအက်ဥပဒေ (၁၉၅၁ ခုနှစ်) နှင့် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ (၁၉၅၁ ခုနှစ်) တို့ဖြစ်သည်။ တွေ့ဆုံမေးမြန်မှုများအတွင်း၌ FGLLID က လုပ်ငန်းခွင်များအတွက် အလုပ်သမားစစ်ဆေးသူများစွာလိုအပ်နေဆဲဖြစ်သည်ကို နားလည်သိမြင်လက်ခံကြောင်း တွေ့မြင်ခဲ့ရသည်။ အလုပ်ရုံစစ်ဆေးမှုများကို အမြဲတမ်းကြိုတင်ကြေညာလေ့ရှိပြီး အချို့ကိစ္စရပ်များတွင် တည်းခိုနေထိုင်မှုနှင့်သွားလာမှုတို့အတွက် အလုပ်ရုံပိုင်ရှင်များမှတာဝန်ယူနေရကြောင်းကိုလည်း ပြောဆိုတင်ပြခဲ့ကြသည်။ ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်များအတွက် အလုပ်ရုံပိုင်ရှင်များအပေါ် မှီခိုအားထားနေရခြင်းက စစ်ဆေးမှုများ၏ ဘက်မလိုက်မှု (impartiality) နှင့် ယုံကြည်ထိုက်မှု (credibility) ကို အတိုင်းအတာတစ်ခုအထိ အားနည်းယုတ်လျော့စေနိုင်သည်။ FGLLID တွင် OSH အသိပညာပေးခြင်းနှင့် သင်တန်းပို့ချမှုများ လုပ်ဆောင်ရန် အတွက် လူ့စွမ်းအားအရင်းအမြစ်များ၊ ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ နည်းပါးလွန်းနေသည်။

DoA နှင့် ကျေးလက်ကျန်းမာရေးဌာများတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍနှင့်ကျန်းမာရေးစောင့်ကြည့်စစ်ဆေးခြင်း (health surveillance)တို့နှင့်ပတ်သက်၍ သီးခြား OSH သင်တန်းများပို့ချပေးရန်အတွက် အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ လုံလောက်မှုမရှိပေ။ OSH နှင့်ပတ်သက်၍ ကျွမ်းကျင်မှုများ ကင်းမဲ့နေကြောင်းကို ကျေးလက်ကျန်းမာရေး ဌာနဝန်ထမ်းများက နားလည်သိမြင်လက်ခံကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ချင်းစိုက်ပျိုးထုတ်လုပ်ရာနယ်မြေဒေသများရှိ ကျေးလက်ကျန်းမာရေးဌာနများသည် ယေဘုယျအားဖြင့် OSH ကို ၎င်းတို့၏ အသိပညာပေးလှုံ့ဆော်စည်းရုံးမှုများနှင့် ပုံမှန်စောင့်ကြည့်စစ်ဆေးမှုများတွင် ထည့်သွင်းသွားရန် ဆန္ဒရှိကြသည်။ ထိုဌာနများသည် သင်တန်းများ၊ သတင်း အချက်အလက်များ၊ ပညာရေးနှင့် အလွယ်တကူနားလည်နိုင်ပြီး တောင်သူလူမှုအသိုက်အဝန်းများ၏ လိုအပ်ချက်များနှင့်အညီ သီးသန့်ရေးဆွဲဖန်တီးထားသည့် ဆက်သွယ်ရေးပစ္စည်းများ (IEC) ကို လိုအပ်လျက်ရှိသည်။

FGLLID နှင့် SSB တို့သည် အလုပ်နှင့်ဆိုင်သောထိခိုက်ဒဏ်ရာရမှုများနှင့်ရောဂါရမှုများကို စောင့်ကြပ်လေ့လာမှု (monitoring) မပြုပေ။ ကျေးလက်ကျန်းမာရေးဌာနများ၏ လယ်ယာမြေအဆင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုများနှင့်ရောဂါရမှုများ စောင့်ကြပ်လေ့လာရေးစနစ်များမှာလည်း အားနည်းနေသည်။ သို့ဖြစ်ရာ မကြာခဏဖြစ်ပွားသော ထိခိုက်ဒဏ်ရာရမှုများအတွက် ကြိုတင်တားဆီးအဖြေရှာမှုများ (proactive solutions) နှင့် ရောဂါများကို စောစီးစွာကြိုတင်ရှာဖွေဖော် ထုတ်မှုများ (early detection) လည်း ဖြစ်ထွန်းပေါ်ထွက်မလာနိုင်တော့ပေ။ စာရင်းအင်းအချက်အလက်များရှိနေသည်ဆိုလျှင်ပင် ထိခိုက်ဒဏ်ရာရမှုအမျိုးအစား သို့မဟုတ် သဘောသဘာဝ သို့မဟုတ် ထိခိုက်ဒဏ်ရာဖြစ်ပွားရသောအကြောင်းရင်းတို့အပေါ် မူတည်ပြီး ခွဲခြားမှတ်တမ်းတင်ထားခြင်းမျိုးမဟုတ်သဖြင့် အသုံးဝင်မှုနည်းပါးသည်။ အလုပ်နှင့်ဆိုင်သော ရောဂါများ သို့မဟုတ် အလုပ်တွင်မတော်တဆထိခိုက်မှုများအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်သော အချက်အလက်များလည်းမရှိပေ။ SSB ၏ သတင်းအချက်အလက်ဖြန့်ဝေရေး စနစ်ကလည်း အားနည်းနေခဲ့ရာ လူမှုဖူလုံရေးစနစ်နှင့်ပတ်သက်သည့် အသိပညာပေးလှုံ့ဆော်စည်းရုံးရေးဆောင်ရွက်ချက်များမှာ တရားဝင်အလုပ်သမားများထံသို့သာ ရောက်ရှိနိုင်သည်။

# ၃။ ယှဉ်ပြိုင်နိုင်စွမ်းနှင့် OSH တိုးတက်ကောင်းမွန်စေမည့် အခွင့်အလမ်းများ

## ၃.၁။ ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ(Vulnerability Profiles)

OSH တိုးတက်ကောင်းမွန်စေမည့် ထိရောက်ကောင်းမွန်သောလုပ်ဆောင်ချက်များ ရေးဆွဲဖန်တီးနိုင်ရန်အတွက် OSH အကျင့်အကြံများနှင့် ရလာဒ်အဖြေများကို အကဲဖြတ်ဆန်းစစ်ကာ ၎င်းအကျင့်အကြံများနှင့်ရလာဒ်အဖြေများအား မည်သည့်အကြောင်းအရာများက မောင်းနှင်နေသည်ကို ပိုမိုသိမြင်နားလည်ရန်လိုအပ်သည်။

ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ (vulnerability profiles) ဟူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) ကို အလုပ်သမားများအား ထိုကဲ့သို့သော ဘေးအန္တရာယ်များနှင့် ထိခိုက်ပျက် စီးဆုံးရှုံးနိုင်ခြေများနှင့် ပိုမိုရင်ဆိုင်ကြုံတွေ့စေသောအကြောင်းတရားများနှင့် / သို့မဟုတ် ထိုကဲ့သို့ဘေးအန္တရာယ်ကျ ရောက်မှုများ၏အကျိုးသက်ရောက်မှုများအား ရင်ဆိုင်ဖြေရှင်းရန် မဖြစ်နိုင်မည့် နိမ့်ပါးသော စွမ်းဆောင်ရည်တို့နှင့် နှိုင်းယှဉ် လေ့လာဖော်ပြထားသော သီးခြားအလုပ်သမားအုပ်စုများ၏ လက္ခဏာရပ်များဖြစ်သည်။

စီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခု၏အရွယ်အစားနှင့် ရှုပ်ထွေးမှုအပေါ်မူတည်ပြီး ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ (vulnerability profiles) သည် အောက်ဖော်ပြပါတို့နှင့် တိုက်ရိုက်အချိုးကျနိုင်သည်။

- စီးပွားရေးအဖွဲ့အစည်း - လုပ်ဆောင်ချက်များ သို့မဟုတ် လုပ်ငန်းစဉ်များအားလုံးနှင့် အလုပ်သမားများအားလုံးပါဝင်၍
- လုပ်ငန်းခွင်တစ်ခု၏သီးခြားအစိတ်အပိုင်းတစ်ရပ် (ဥပမာ စက်ပြုပြင်ရေးဆိုင်တစ်ဆိုင်) - သီးခြားအလုပ်သမားအုပ်စု တစ်စု သို့မဟုတ် သီးခြားအလုပ်သမားအနည်းငယ်ပါဝင်၍
- ထိခိုက်ဆုံးရှုံးနိုင်ခြေ (risk) မြင့်မားသော လုပ်ဆောင်ချက်တစ်ရပ် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခု (ဥပမာ လေးလံ သောကုန်စည်ဝန်ထုပ်များကိုကိုင်တွယ်ဆောင်ရွက်ခြင်းပြဿနာများ) သီးခြားအုပ်စုတစ်စု၊ အုပ်စုများ သို့မဟုတ် အလုပ်သမားအချို့ အပေါ်အန္တရာယ်တစ်ရပ်ကျရောက်စေနိုင်သည်

ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ (vulnerability) ကို သိမြင်နိုင်ရန်အတွက် အောက်ဖော်ပြပါ အစိတ်အပိုင်း လက္ခဏာများကို လေ့လာဖော်ထုတ်သည်။

- **ဘေးအန္တရာယ်နှင့်ထိတွေ့ မှု (exposure)** - လုပ်ငန်းခွင်ဘေးအန္တရာယ်များကို လုပ်ဆောင်ချက်အလိုက် လေ့လာဖော်ထုတ်ပြီး ၎င်းဘေးအန္တရာယ်များ၏ကြီးမားပြင်းထန်မှုအတိုင်းအတာနှင့် ကျရောက်နိုင်ခြေတို့ကို အကဲဖြတ်လေ့လာဆန်းစစ်သည်။
- **ဘေးအန္တရာယ်ဖြစ်ပွားလွယ်မှု (sensitivity)** - အလုပ်သမားများအား အလုပ်ခန့်ထားမှုအခြေအနေ၏ သီးခြား လက္ခဏာရပ်များကို လေ့လာဖော်ထုတ်သည်။ ထိုလက္ခဏာရပ်များမှာ အလုပ်သမားများ၏ ဘေးအန္တရာယ်နှင့်ထိတွေ့မှုအတိုင်းအတာနှင့်ဆက်နွယ်နေပြီးOSHရလာဒ်အဖြေများအပေါ်လွှမ်းမိုးမှုရှိသည်။ တိတိကျကျဆိုရလျှင် အောက်ပါအကြောင်းအရာများကို လေ့လာဖော်ထုတ်ပြီး လေ့လာဆန်းစစ်မှုပြုသည်။ လုပ်ငန်းခွင် OSH ထိခိုက်ဆုံးရှုံးနိုင်ခြေ (risk) စီမံခန့်ခွဲမှုစနစ်ခုကို လက်လှမ်းမီရရှိနိုင်မှု၊

ကန့်သတ်ထိန်းချုပ်ရေး လုပ်ဆောင်ချက်နည်းလမ်းများနှင့် ပတ်သက်သောသတင်းအချက်များ ရရှိနိုင်မှု၊ အလုပ်ခန့်ထားမှုအနေအထား (အလုပ်ခန့်ထားမှုအနေအထားပေါ် မူတည်ပြီး OSH ကြိုတင်ကာကွယ်တားဆီးရေး၊ အကာအကွယ်ပေးရေးနှင့် အသိပညာပေးရေးဝန်ဆောင်မှုများအား ရရှိနိုင်ခြင်းရှိမရှိ ကွဲပြားနေပါက)၊ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုအဆင့်အတန်း (ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုအဆင့်အတန်း ပေါ်မူတည်ပြီး သက်ဆိုင်ရာအင်စတီကျူးရှင်းများ (အလုပ်သမားစစ်ဆေးရေး၊ လူမှုဖူလုံရေးစစ်ဆေးမှု စသည်) ၏ စည်းကမ်းလိုက်နာရေးစစ်ဆေးမှုများကို ရရှိနိုင်ခြင်းရှိမရှိ ကွဲပြားနေပါက)။

- **အလိုက်သင့်ရင်ဆိုင်နိုင်မှုစွမ်းဆောင်ရည် (coping capacity)** - လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များ နှင့် ထိတွေ့မှု၏ နောက်ဆက်တွဲအကျိုးဆက်များကို အလိုက်သင့်ရင်ဆိုင်နိုင်ရန်အတွက် အလုပ်သမားများ လိုအပ်သလိုအသုံးပြုနိုင်သည့် နည်းဗျူဟာများနှင့် အရင်းအမြစ်များကို လေ့လာဖော်ထုတ်ခြင်း။ တိတိကျကျဆိုရလျှင် ယင်းသည် လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ရောဂါရမှုဖြစ်ပါက စောင့်ရှောက်ရေး သို့မဟုတ် လျော်ကြေးပေးရေး ဝန်ဆောင်မှုများ ရရှိနိုင်မှုအခြေအနေကို လေ့လာဆန်းစစ်ခြင်းဖြစ်သည်။[47]

## ၃.၁.၁။ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများ

### *ထုတ်လုပ်ရေးလုပ်ငန်းစဉ်*

လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) တို့မှာ ချင်းထုတ်လုပ်ရေးလုပ်ငန်းစဉ်အတွင်း အလုပ်သမားများနှင့် တောင်သူများမှလုပ်ကိုင်သော လုပ်ငန်းကိုင်ငန်းအမျိုးအစားများနှင့် ဆက်နွယ်နေသည်။ ချင်းထုတ်လုပ်ရေးအတွက် အဓိကလုပ်ဆောင်ချက်အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- **လယ်ယာမြေပြင်ဆင်ခြင်း။** ထွန်ယက်ခြင်းကို လက်တွန်းထွန်စက်များ၊ လယ်ထွန်စက်များ နှင့်/သို့မဟုတ် ကျွဲနွား များအသုံးပြုကာဆောင်ရွက်ပြီး အပင်စိုက်ပျိုးရန်အတွက် မြေကြီးထဲသို့နွားချေးများထည့်သည်။ စိုက်ပျိုးသူများသည် အပင်စိုက်ချိန်တွင် ယူရီးယားကိုလည်းထည့်သွင်းနိုင်သည်။ လယ်ယာမြေပြင်ဆင်ခြင်းကို အစဉ်အလာအရ အမျိုးသားများကလုပ်ဆောင်သည်။ ရှမ်းပြည်နယ်မှချင်းစိုက်တောင်သူများကြားတွင် လက်တွန်းထွန်စက်များနှင့်လယ်ထွန်စက် များ အသုံးပြုလုပ်ဆောင်ခြင်းကို နှစ်သက်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ယင်းသည် အစွန်းရောက်ကာ ကြမ်းတမ်းပြင်းထန်လွန်းသည့်ရာသီဥတု၊ အဓိကအကျဆုံး စိုက်ပျိုးရေး လုပ်ဆောင်ချက်များကို ပြီးစီးဆောင်ဆောင်ရွက်ရန်အတွက် ပိုမိုတိုတောင်းလာသောအချိန်၊ ရွှေ့ပြောင်းမှုကြောင့် အလုပ်သမားမလုံလောက်မှု စသည်တို့နှင့် ဆက်နွယ်နေနိုင်သည်။ တောင်သူများသည် လက်တွန်းထွန်စက်များနှင့် လယ်ထွန်စက်များကို စက်မောင်းနှင်ရေး ဝန်ဆောင်မှုပေးသော စက်ကိရိယာ ငှားရမ်းရေးလုပ်ငန်းများမှတဆင့် ရယူအသုံးပြုနိုင်ကြသည်။
- **မျိုးပင်စိုက်ခြင်း။** မျိုးပင်စိုက်ရာတွင် ပေါက်ပြားဖြင့်မြေကိုထိုးဆွပြီး မြေအောက်ပင်စည်ချင်းတက်များကို စိုက်ပျိုးရန်နှင့် မြေကြီးပြန်သိပ်ရန် ခါးကုန်းကာဆောင်ရွက်ရသည်။ မျိုးစိုက်ပျိုးခြင်းကို အမျိုးသမီးများရော အမျိုးသားများပါလုပ်ဆောင်သည်။ ပုံမှန်အားဖြင့် အမျိုးသမီးများလုပ်ဆောင်လေ့ရှိသည်။
- **ပေါင်းသင်ခြင်း။** လူအားဖြင့်ပေါင်းသင်ခြင်းတွင် ပေါင်းပင်များဆွဲနုတ်ခြင်း၊ ပေါက်ပြားဖြင့် ပေါက်ထွင်းခြင်းနှင့် အမြစ်များကိုဓားဖြင့်ခုတ်ဖြတ်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များပါဝင်သည်။ ပေါင်းသင်ခြင်းကို အစဉ်အလာအရ အမျိုးသမီးများဆောင်ရွက်သည်။
- **ရောဂါပိုးမွှားများနှင့်ပေါင်းပင်များအားနှိမ်နင်းခြင်း။** စိုက်ပျိုးရေးဓာတုပစ္စည်းများ ထည့်သွင်းရန်အတွက် ကျောပိုးဆေး ဖျန်းဘူးများ (Knapsack sprayers) များကို အများဆုံးအသုံးပြုသည်။ စိုက်ပျိုးရေး ဓာတုပစ္စည်းများပက်ဖျန်းခြင်းကို အမျိုးသမီးများထက် အမျိုးသားများက ပိုမိုတာဝန်ယူဆောင်ရွက်သည်။
- **တူးဖော်နုတ်ယူခြင်း။** ချင်းတူးဖော်နုတ်ယူခြင်းကို လက်ဖြင့်လုပ်ဆောင်သည်။ ပထမဆုံးအဆင့်မှာ အရွက်ရင့်အပိုင်းကြီးတစ်ပိုင်းကို ဓားမဖြင့်ခုတ်ဖြတ်ပြီး မြေအောက်ပင်စည်ချင်းတက်ကို ဖော်ရသည်။ ထို့နောက် တောင်ပူစာတစ်ခုချင်းစီကို ဂေါ်ပြား သို့မဟုတ် ပေါက်ပြားတစ်လက်ဖြင့်တူးဆွခြင်း၊ အပင်တစ်ခုလုံးကိုဆွဲနုတ်ခြင်း၊ မြေကြီးများခါထုတ်ခြင်း နှင့် ချင်းတက်မကျိုးပဲ့စေပဲ ပင်စည်ကိုဖြတ်ထုတ်ခြင်း တို့ပြုလုပ်သည်။ ချင်းတက်ထိခိုက်ပျက်စီးခြင်းမရှိစေရန် ထိုလုပ် ငန်းစဉ်ကို ဂရုတစိုက်ဆောင်ရွက်ရသည်။ ဂျင်းတူးဖော်နုတ်ယူခြင်းကို အစဉ်အလာအရ အမျိုးသမီးများလုပ်ဆောင်လေ့ရှိသည်။

47 ILO. 2018. (ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး) Occupational Safety and Health in Global Value Chains Starterkit, (ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များအတွင်း OSH တိုးတက်ကောင်းမွန်ရေး အတွက် မောင်းနှင်အားများနှင့်ကန့် သတ်တားမြစ်ချက်များနှင့် ဝင်ရောက်ဆောင်ရွက်ချက်ပုံစံ) Assessment of drivers and constraints for OSH improvement in global value chains and intervention design – Guide for Implementers (Geneva, ILO).

ပုံ (၆) အလုပ်သမားများ ကျောပိုးဆေးဖျန်းဘူးကိုအသုံးပြုကာ ပေါင်းသတ်ဆေးဖျန်းနေပုံ





*"မြန်မာနိုင်ငံ။ ILO က ချင်းစိုက်ပျိုးရေးကို ပိုမိုဘေးအန္တရာယ်ကင်းရှင်းစေပြီး သီးနှံပိုမိုထွက်ရှိစေသည်" ဗီဒီယိုမှ ထုတ်နှုတ်ချက်။ http://www.ilo.org/yangon/multimedia/WCMS_633299/lang-eng/index.htmlFigure*

ပုံ(၇) အလုပ်သမားတစ်ဦးက ပေါက်ပြားတစ်လက်အသုံးပြုကာ ချင်းတူးဖော်နုတ်ယူနေပုံ



*"မြန်မာနိုင်ငံ။ ILO က ချင်းစိုက်ပျိုးရေးကို ပိုမိုဘေးအန္တရာယ်ကင်းရှင်းစေပြီး သီးနှံပိုမိုထွက်ရှိစေသည်" ဗီဒီယိုမှ ထုတ်နှုတ်ချက်။ http://www.ilo.org/yangon/multimedia/WCMS_633299/lang-eng/index.html*

## *ဘေးအန္တရာယ်နှင့်ထိတွေ့မှု (Exposure)*

ချင်းထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း၌တွေ့မြင်ခဲ့ရသော အဓိကကျသည့် လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များနှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများကို ထိခိုက်ဆုံးရှုံးစေသောအကြောင်းတရားများ (risk factors) များအရ အမျိုးအစားခွဲခြားကာ ကြီးမားပြင်းထန်မှုအဆင့်ကိုလည်းထည့်သွင်းစဉ်းစားသုံးသပ်ထားသည်။

**သက်တောင့်သက်တာမရှိသော အလုပ်လုပ်ကိုင်မှုဝန်းကျင်အပြင်အဆင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (ergonomic risks)။** တောင်သူများနှင့် လယ်ယာမြေအလုပ်သမားများသည် ကြွက်သားနှင့်အရိုးရောဂါဝေဒနာများ ဖြစ်ပေါ်စေသည့် ဖော်ပြပါထိခိုက်ဆုံးရှုံးစေသောအကြောင်းတရားများစွာနှင့် ထိတွေ့နေရသည်။ အကယ်၍ တောင်သူများသည် နာကျင်မှု သို့မဟုတ် မသက်မသာဖြစ်မှုရှိနေလျက်က လုံလုံလောက်လောက်အနားမယူပဲ ထိုလုပ်ငန်းကိုင်ငန်းများ ကိုကာလတာရှည်ဆက်လက်လုပ်ကိုင်နေခဲ့လျှင် နောက်ဆက်တွဲအကျိုးဆက်များက ပိုမိုဆိုးရွားပြင်းထန်လာမည်ဖြစ်သည်။ အလုပ်လုပ်ကိုင်မှုကိုယ်ဟန်အနေအထား၊ လေးလံသောကုန်စည်ဝန်ထုပ်များနှင့် ထပ်တစ်လဲလဲလုပ်ရသောလှုပ်ရှားမှုများက အောက်တွင်ဖော်ပြထားသည်တို့အပါအဝင် လုပ်ငန်းလုပ်ဆောင်ချက်များစွာတို့တွင်တွေ့မြင်ရသည့် ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်သော အကြောင်းတရားများ (risk factors) ဖြစ်သည်။

- အချို့တောင်သူများသည် မြေကိုလိုသည်ထက်ပိုပြီးထွန်ယက်ကြသည်။ ယင်းသည် ထပ်တစ်လဲလဲလုပ်ဆောင်ရသည့် လူအားဖြင့်ထွန်ယက်ခြင်းလှုပ်ရှားမှုများကို အလွန်များပြားစေသည်။
- ညံ့ဖျင်းစွာစီစဉ်ပြုလုပ်ထားပြီး ကောင်းစွာထိန်းသိမ်းပြုပြင်မှုမရှိသော လက်ကိုင်အသုံးချကိရိယာများဖြင့် မြေတူး ခြင်း၊ ပေါင်းပင်များခုတ်ဖြတ်ခြင်းနှင့် ချင်းတူးဖော်နုတ်ယူခြင်းများလုပ်ဆောင်သည်။
- တောင်သူလယ်သမားများစွာတို့သည် တစ်ပင်နှင့်တစ်ပင်ကြားမှန်ကန်သင့်လျော်သော အကွာအဝေး၊ စိုက်ပျိုးနိုင်မည့်အပင်အရေအတွက်တို့ကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် ပင်ပန်းတကြီးခွန်အားစိုက်ထုတ်ရသော ကိုယ်ဟန်အနေအထားများဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ ယင်းသည် အချိန်ကြာရှည်စွာ ခါးကုန်းနေခြင်းနှင့် ထပ်တစ်လဲလဲလုပ်ဆောင်သောလှုပ်ရှားမှုတို့နှင့်ဆက်နွယ်နေသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) ကို ပိုမိုမြင့်မား စေသည်။
- မှားယွင်းသောသယ်မခြင်းနည်းစနစ်များဖြင့် လေးလံသောကုန်စည်များကိုသယ်မခြင်း၊ ဝေးကွာသော ခရီးအထိ အချိန်ကြာရှည်သယ်မခြင်း။ မြေယာအများစုမှာ တောင်ကုန်းတောင်စောင်းများတွင်တည်ရှိပြီး နေအိမ်နှင့်ကွာဝေးခြင်း။

ပုံ (၈) တူးဖော်နုတ်ယူပြီးသောချင်းကို ခြင်းတောင်းထဲထည့်ကာ သယ်မနေသောအမျိုးသမီး



*"မြန်မာနိုင်ငံ။ ILO က ချင်းစိုက်ပျိုးရေးကို ပိုမိုဘေးအန္တရာယ်ကင်းရှင်းစေပြီး သီးနှံပိုမိုထွက်ရှိစေသည်" ဗီဒီယိုမှ ထုတ်နှုတ်ချက်။ http://www.ilo.org/yangon/multimedia/WCMS_633299/lang-eng/index.html*

## *ခန္ဓာဇီဝပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (Biological Risks)*

- **သန့်ရှင်းသောရေနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အထောက်အကူပစ္စည်းကိရိယာ (facilities)** များမရှိခြင်းသည် နေရာဒေသအများစုမှ အိမ်ထောင်စုအများစုအတွက် ပြဿနာတစ်ရပ်ဖြစ်သည်။ တောင်သူအများစုမှာ သောက်သုံးရေနှင့် စိုက်ပျိုးရေးသုံးရေအတွက် မိုးရေနှင့်သဘာဝစမ်းရေတို့ကို မှီခိုအားထားနေရသည်။ ရေထွက်ရာနေရာ သို့တိုက်ရိုက်သွားရောက်ရယူသည် (သို့) စမ်းချောင်းအဖြစ်စီးဆင်းလာသောချောင်းအောက်ပိုင်းတွင် ရယူသည်။ စမ်းရေများ၊ ချောင်းများ၊ မြေအောက်ရေ၊ ရေလှောင်ကန်များ သို့မဟုတ် အခြားရေရင်းမြစ်ကို လက်လှမ်းမီ သွားရောက်ရယူနိုင်သည့် လူမှုအသိုက်အဝန်းများမှာ အနည်းငယ်မျှသာဖြစ်သည်။ ထိုသူတို့သည်လည်း ရေရယူရန်အတွက် ရှည်လျားသောခရီးကိုခြေလျင်သွားရသည်။ သန့် ရှင်းသောရေနှင့် တစ်ကိုယ်ရည်သန့် ရှင်းမှု မရှိသဖြင့် ရှမ်းပြည်တောင်ပိုင်းကျေးလက်တောရွာများတွင် အဖြစ်အများဆုံးရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အူရောင်ငန်းဖျားနှင့် အရေပြားရောဂါများဖြစ်သည်။[48] အစွန်းရောက်ပြင်းထန်သောမိုးလေဝသအခြေအနေများက ပိုးမွှားကျရောက်မှုနှင့်ရောဂါဖြစ်ပွားမှုနှုန်းကို မြင့်တက်စေနိုင်သည်။
- **ခြင်ကိုက်မှုများ အလွန်ပေါများသည်။** ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ စာရင်းအရ မြန်မာနိုင်ငံ၌ ထိုနှစ်တွင် ဖြစ်ပွားသော သွေးလွန်တုပ်ကွေးလူနာအရေအတွက်မှာ ၂၁၂၈၈ ဦး ရှိနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် တူညီသောအချိန်ကာလအတွင်း၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၄၀၀ ရှိခဲ့သည်ကို နှိုင်းယှဉ်လေ့လာနိုင်သည်။ ၂၀၁၇ ခုနှစ်တွင် ရှမ်းပြည်နယ်၌ သွေးလွန်တုပ်ကွေးလူနာပေါင်း ၇၁၆ ဦး ရှိသည်ဟုအစီရင်ခံတင်ပြထားသည်။[49] ပတ်ဝန်းကျင် သန့်ရှင်းမှု ကင်းမဲ့ခြင်းနှင့် ကျန်းမာသန့်ရှင်းမှု မရှိသောရေသိုလှောင်မှုတို့က သွေးလွန်တုပ်ကွေးကူးစက် ပျံ့ နှံ့မှုများ၏ အဓိကအကြောင်းရင်းများဖြစ်သည်။ အပူချိန်ပြောင်းလဲမှုများက ခြင်ကောင်ရေတိုးပွားစေပြီး ရောဂါကူးစက်မှု ရာသီကို ပိုမိုရှည်ကြာစေသည်။ ခြင်ပျံ့နှံ့တည်ရှိသောအချိန်ရာသီနှင့် ပထဝီနယ်မြေဒေသများကိုလည်း ပိုမိုကျယ်ပြန့် လာစေသည်။ ဆိုလိုသည်မှာ လယ်ယာမြေအလုပ်သမားများသည် သွေးလွန်တုပ်ကွေးရောဂါ (နေ့ ပိုင်းတွင်ကူးစက်ပျံ့ နှံ့သည်) အပါအဝင် ခြင်မှတဆင့်ကူးစက်သောရောဂါများများကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) ပိုမိုမြင့်မားလာမည်ကို မှန်းဆနိုင်သည်။
- **မြွေကိုက်မှုများ** အလုပ်လုပ်ကိုင်နေစဉ် မြွေကိုက်ခံရကြောင်း အစီရင်ခံတင်ပြမှုများရှိသည်။[50]
- **နွားချေး** မြေယာပြုပြင်မှုတွင်အသုံးပြုသည့်နွားချေးများတွင် ရောဂါဖြစ်စေသော ပိုးမွှားများပါဝင်နိုင်သည်။ နွားချေး အညစ်အကြေးများကိုင်တွယ်ပြီးနောက် လက်ဆေးရန်အရေးကြီးသည်။ သို့သော် ကိစ္စရပ်အများစုတွင် တောင် သူလယ်သမားများသည် သန့် ရှင်းသောရေကို မရရှိနိုင်ကြပေ။

**နေရောင်ခြည်သင့်ခြင်း** လုပ်ငန်းသဘာဝအရ အရိပ်ပြင်ပတွင်အလုပ်လုပ်ကိုင်ရသောတောင်သူများသည် နေရောင်နှင့် ခရမ်းလွန်ရောင်ခြည်တို့ကို အချိန်ကြာအောင်ထိတွေ့ နေရသည် (အထူးသဖြင့် နှစ်တစ်နှစ်၏ အပူဆုံးနေ့ ရက်များတွင် အကောင်အထည်ဖော်ဆောင်ရွက်သော လယ်ယာမြေခုတ်ထွင် ရှင်းလင်းခြင်းနှင့် အပင်စိုက်ပျိုးခြင်းလုပ်ဆောင်ချက်များတွင်)။ သတင်းထုတ်ပြန်ချက်များအရ ရှမ်းပြည်နယ်တွင် မတ်လနှင့်ဧပြီလအတွင်း၌ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမှာ ၁၂ ကျော်ရောက်နိုင်သည်။ လုံလောက်သောအကာအကွယ်များမပါပဲ မြင့်မားသော အဆင့်ရှိသည့်ခရမ်းလွန်ရောင်ခြည်ကို ပုံမှန်ထိတွေ့ နေပါက အရေပြားနှင့်မျက်လုံးများကို တဖြည်းဖြည်း ထိခိုက်ပျက်စီးစေနိုင်သည်။ တောင်သူများအတွက် လူအများ ထက်ပိုသော ဘေးအန္တရာယ်တစ်ခုမှာ ပူလောင်ပြီး ချွေးရွှဲနေသောအရေပြားက ပိုးသတ်ဆေးများကို ပိုမိုလျင်မြန်စွာ စုပ်ယူနိုင်ခြင်းပင်ဖြစ်သည်။

**စိတ္တဇဗေဒနှင့်လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (psychosocial risks)** အလုပ်ဝန်ထုပ်ကြီးလေးခြင်းနှင့် ငွေရေးကြေးရေးမလုံခြုံမှုတို့ကြောင့် တောင်သူများအဖပို့စိုးရိမ်ပူပန်မှုများခံစားရပြီး ထိုမှတဆင့် အိပ်မပျော်ခြင်း၊ မောပန်းခြင်းနှင့် ကိုယ်ခန္ဓာနာကျင်ကိုက်ခဲမှုများဖြစ်ပေါ်စေနိုင်သည်။ တောင်သူများ (အထူးသဖြင့်အမျိုးသမီးများ) က ငွေကြေးနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများကြောင့် ဖိအားများကို ခံစားနေရကြောင်း ထုတ်ဖော်တင်ပြခဲ့ကြသည်။ ယင်းသည် အထွက်နှုန်းနှင့် ဈေးနှုန်းအတက်အကျပြောင်းလဲမှုများနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှုများနှင့် ဆက်နွယ်နေသည်။ မိုးလေဝသဖောက်ပြန်မှုများ၊ ရောဂါကူးစက် ပျံ့ နှံ့ခြင်း (ဥပမာ ချင်းနပုပ်သိုးရောဂါ) နှင့် ဈေးနှုန်းမတည်ငြိမ်ခြင်း (အထူးသဖြင့် ချင်းစိမ်းဈေးနှုန်း) တို့မှာ တောင်သူများစွာတို့

48 Relief Web. 2016. (ရှမ်းပြည်နယ်အတွင်းမှ ရေရင်းမြစ်သစ်တိုက်ပွဲ - ဆင်းရဲဒုက္ခဟောင်း) "In Shan State, New Water Sources Combat an Old Scourge", 9 May. Available at:https://reliefweb.int/report/myanmar/shan-state-new-water-sources-combat-old-scourge [Accessed 4 Oct 2017].

49 Coconuts Yangon. 2017. (သွေးလွန်တုပ်ကွေးရောဂါ - ၂၀၁၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏ကူးစက်ရောဂါများ လေးဆမြင့်တက်) "Dengue fever: Myanmar infections quadruple since 2016 ", 29 Aug. Available at: https://coconuts.co/yangon/news/dengue-fever-myanmar-infections-quadruple-since-2016/ [Accessed 4 Oct 2017].

50 The Global Burden of Disease study (Institute for Health Metrics and Rvaluation, 2015) ၏ အဆိုအရ မြွေကိုက်မှုများက မြန်မာနိုင်ငံတွင်း အသက်ဆုံးရှုံးရခြင်း၏အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ The Global Burden of Disease 2015 လေ့လာမှုက ၁၉၈၀ခုနှစ် မှ ၂၀၁၅ ခုနှစ်အထိ သေဆုံးခြင်းအတွက်သီးခြားအကြောင်းရင်းများအကြောင်း ဘက်စုံထောင့်စုံဆန်းစစ်လေ့လာမှုတစ်ရပ်ကို တင်ပြထားသည်။

ထိန်းချုပ်ကိုင်တွယ် ဖြေရှင်းရမည့်နှင့် ကြိုတင်ခန့်မှန်းတွက်ချက်ထားရမည့် အခက်အခဲ ပြဿနာများကို ပေးစွမ်းနေသော နမူနာအကြောင်းတရားအချို့ဖြစ်သည်။ ထိုမှတဖန် အဆိုပါပြဿနာများကပင် စိတ်ဖိစီးမှု၏ ရင်းမြစ်တစ်ရပ် ဖြစ်လာနိုင်ပေသည်။

**ဓာတုပစ္စည်းဘေးအန္တရာယ်များ (Chemical hazards)** အလုပ်သမားများနှင့် တောင်သူများသည် အမျိုးမျိုးသောဓာတုထုတ်ကုန်များ (ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများ) နှင့်ထိတွေ့နေရသည်။ တောင်သူများကြား လူကြိုက်အများဆုံးပေါင်းသတ်ဆေးမှာ နိုင်ငံများစွာတွင် ပိတ်ပင်တားမြစ်ထားသော ပါရာကွက် (Paraquat) ဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ဓာတုပစ္စည်းများအမျိုးအစား ခွဲခြားခြင်းနှင့် အညွှန်းသတ်မှတ်ခြင်းစနစ် (Globally Harmonized System of Classification and Labelling of Chemicals) က ပါရာကွက်ကို T+/အလွန်အဆိပ်ပြင်းသည် ဟုသတ်မှတ်ထားသည်။ တစ်ကိုယ်ရည်အကာအကွယ် ပစ္စည်းကိရိယာများ(PPEs)အသုံးမပြုပဲ ပါရာကွက်နှင့်ထိတွေ့မိပါက ရောဂါဝေဒနာအမျိုးမျိုးကို ဖြစ်ပွားစေနိုင်သည်။ ထိတွေ့သည့်တစ်နေရာတည်းအရေပြားထိခိုက်ပျက်စီးခြင်း (နင်းခူနှင့် အရေပြားလောင်ခြင်း)၊ မျက်စိ ထိခိုက်မှုများ၊ လက်သည်းခြေသည်းထိခိုက်ပျက်စီးခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်း၊ မူးဝေအော့အန်ခြင်း စသည်တို့ပါဝင်သည်။ PPEs နှင့်ပင်လျှင် အချို့အလုပ်သမားအမျိုးအစားများ (ဥပမာ ကိုယ်ဝန်ဆောင်မီးဖွား နိုင်သောအသက်အရွယ် အမျိုးသမီး)အား ပါရာကွက်နှင့်ထိတွေ့စေရန် မသင့်ပေ။ ပါရာကွက်အဆိပ်၏အကျိုးသက်ရောက်ပုံ (mode of action) နှင့် ဖြေဆေးမရှိမှုကြောင့် ပြင်းထန်အဆိပ်သင့်ရောဂါ (acute poisoning) အများအပြားဖြစ်ပွားစေသည်။ ပါရာကွက်ကို တဖြည်းဖြည်းစုပ်ယူနေခဲ့လျှင် အဆုပ်ထိခိုက် ပျက်စီးမှုများဖြစ်ပေါ်နိုင်ပြီး ကာလတာရှည်ထိတွေ့ မှုက ပါကင်ဆန်ရောဂါနှင့် ဆက်နွယ်နေသည်။[51]

ချင်းစိုက်မြေကွက်ပေါ် ပေါင်းသတ်ဆေးဖျန်းချိန်တွင် အရေပြားက ပေါင်းသတ်ဆေးနှင့်ထိတွေ့မှု အများဆုံးအင်္ဂါဖြစ်သည်။ အကယ်၍ တောင်သူများက အကာအကွယ်ပစ္စည်းကိရိယာများအသုံးမပြုပဲ ပေါင်းသတ်ဆေးဖျန်းပါက လက်နှင့်မျက်နှာ အရေပြားများကိုအများဆုံးထိမိပြီး လက်နင်းခူ၊ လက်ပေါ်တွင် အရောင်စွဲထင်ခြင်းနှင့် အရေပြားထူလာခြင်း နှင့် အရေပြား မှိုရောဂါများကို ဖြစ်ပွားစေနိုင်သည်။ ပေါင်းသတ်ဆေး အသုံးပြုမှုနှင့်ဆက်နွယ်၍ တောင်သူများပြောပြခဲ့သည့်ဆိုးကျိုးများတွင် အရေပြားနှင့်မျက်စိ ရောင်ယမ်းခြင်းနှင့် ခေါင်းကိုက်ခြင်းများပါဝင်သည်။

ရှမ်းပြည်နယ်မှတောင်သူများနှင့် လယ်ယာမြေအလုပ်သမားများသည် ပေါင်းသတ်ဆေးများပက်ဖျန်းရန် အတွက် ကျောပိုးဆေးဖျန်းဘူးများ (knapsack sprayers) ကို အများဆုံးအသုံးပြုသည်။ သင့်လျော်မှန်ကန်စွာ ထိန်းသိမ်းခြင်းမရှိပါက ဆေးဖျန်းဘူးများမှယိုစိမ့်မှုကြောင့် ပေါင်းသတ်ဆေးများအလဟဿ ဆုံးရှုံးနိုင်သည်။ ပေါင်းသတ်ဆေးဒြပ်နှော ရောစပ်ပြင်ဆင်မှုကို ဖျန်းပက်သူကိုယ်တိုင်က လုပ်ဆောင်သည်။ ယေဘုယျအားဖြင့် ပက်ဖျန်းဆေးရောစပ်သည့်ဖော်မြူလာကို လုပ်ဖော်ကိုင်ဖက်များနှင့် လက်လီရောင်းချပေးသူများ၏ အကြံပေးချက်များအပြင် ပက်ဖျန်းသူ၏ကိုယ်ပိုင်အတွေ့အကြုံနှင့် လယ်ယာပိုင်ရှင်၏အတွေ့အကြုံများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဆေးပက်ဖျန်းသူများနှင့်တောင်သူများသည် ဆေးဘူးခွံပါ လမ်းညွှန်ချက်များကို မှီခိုအားထားမှုမပြုပေ။ အများအားဖြင့် မြန်မာစာမဟုတ်သည့် အခြားဘာသာစကားဖြင့်ရေးသား ဖော်ပြလေ့ ရှိခြင်းကြောင့်ဖြစ်သည်။

ပုံ (၉) ပက်ဖျန်းရန်အတွက် ပေါင်းသတ်ဆေးဒြပ်နှော ရောစပ်ပြင်ဆင်နေသောအလုပ်သမား



*"မြန်မာနိုင်ငံ။ILO က ချင်းစိုက်ပျိုးရေးကို ပိုမိုဘေးအန္တရာယ်ကင်းရှင်းစေပြီး သီးနှံပိုမိုထွက်ရှိစေသည်" ဗီဒီယိုမှထုတ်နှုတ်ချက်။ http://www.ilo.org/yangon/multimedia/WCMS_633299/lang-eng/index.html*

51 Watts, M. 2012. ပါရာကွက် (အလွန်တရာအန္တရာယ်ကြီးမားသောပိုးသတ်ဆေးများ) Highly Hazardous pesticides – Paraquat, A PAN AP Factsheet Series (Penang, Pesticide Action Network Asia and the Pacific).

**ရုပ်ပိုင်းဆိုင်ရာ (Physical)** အထက်ဖော်ပြပါ ဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) အပြင် ဖြတ်တောက်ရန်အသုံးပြုသောကိရိယာများ (ဥပမာ အမြစ်များခုတ်ဖြတ်ရန်အသုံးပြုသောဓား) က ထိခိုက်ဒဏ်ရာရမှုများ ကိုဖြစ်ပေါ်စေနိုင်သည်။ လယ်ယာအများစုက ကုန်းလျှောကုန်းစောင်းနေရာများ တွင်တည်ရှိပြီး တောင်သူများက သင့်လျော်သောဖိနပ်များမစီးကြသဖြင့် ချော်လဲမှုနှင့် ပြုတ်ကျမှုများကိုလည်း ထည့်သွင်းဖော်ပြရန်လိုအပ်သည်။ မြေစိုစွတ်ပြီး ဗွက်ထနေသည့်မိုးရာသီတွင် ချော်လဲပြုတ်ကျနိုင်ခြေဘေး အန္တရာယ်က များစွာပိုမိုကြီးမားသည်။

ခြုံ၍ဆိုရလျှင် တောင်သူများနှင့်လယ်ယာမြေအလုပ်သမားများအကြား အစက်ကပ်စေသောနည်းဖြင့် ပြုလုပ်ခဲ့သော စစ်တမ်း (dot survey)[52] အရ ကြွက်သားနှင့်အရိုးရောဂါဝေဒနာများ (အမျိုးသားများရော အမျိုးသမီးများပါ အစီရင်ခံတင်ပြခဲ့သည်) မှာ ဖြစ်ပွားမှုအများဆုံး အလုပ်နှင့်ဆိုင်သည့်ကျန်းမာရေး ပြဿနာများဖြစ်သည်။ ဖြစ်ပွားနိုင်ခြေအလွန်မြင့်မားသည်ဟု ပြောဆိုတင်ပြခဲ့သော အမျိုးသမီးရာခိုင်နှုန်း (၉၂%) က အမျိုးသားရာခိုင်နှုန်း (၇၈%) ထက်ပိုမြင့်သည်။ အဓိကအားဖြင့် အပင်များမှယားယံ/ရောင်ယမ်း စေသောပစ္စည်းများ (plant irritants)၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် အင်းဆက်ပိုးမွှားကိုက်ခြင်း တို့ကြောင့် ဖြစ်ပေါ်လာသော အရေပြားထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ် ယားယံမှုများကို ဖြေကြားသူအမျိုးသမီးဦးရေ၏ ၉၆% က ကြုံတွေ့ခံစားခဲ့ရသည်။ ဖြေဆိုသူအားလုံး၏ ၄၀% မှ ၅၀% ၏အဆိုအရ ချော်လဲပြုတ်ကျမှုများ ဖြစ်ပွားခြင်း၊ ပစ္စည်းကိရိယာများမှဒဏ်ရာအနာတရ ရရှိခြင်း၊ အင်းဆက်/ခြင်ကိုက်မှုများ နှင့် ပတ်ဝန်းကျင် မသန့်ရှင်းမှု အခြေအနေများနှင့်ဆက်နွယ်နေသော အကျိုးဆက်များမှာ ဖြစ်ပွားနိုင်ခြေနည်းပါးသည်ဟူ၏။ ထိုမှု များပြားသောပါဝင်ဖြေဆိုသူအချိုးအစားက အဆိုပါဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) ကို ဖြစ်ပွားနိုင်ခြေနည်းပါးသည်ဟု ဖြေဆိုခဲ့သည်ကိုကြည့်လျှင် အဆိုပါဘေးအန္တရာယ်များက ကျေးလက်ဒေသများအတွက် မဆန်းတော့သည် အရာများဖြစ်သည်ဟူသော ထိုသူတို့၏အတွေးအမြင်ကို တွေ့မြင်နိုင်သည်။.

## *ဘေးအန္တရာယ်ဖြစ်ပွားလွယ်မှု (Sensivity)*

ချင်းစိုက်ပျိုးရေးကို တောင်သူများ၊ အိမ်ထောင်စုများ၊ အခကြေးငွေမရသော မိသားစုဝင်များနှင့် ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) ကျပန်းနှင့် နေ့စားစိုက်ပျိုးရေးအလုပ်သမားများတို့က လုပ်ဆောင်သည်။ ကိုယ်ပိုင်လုပ်ကိုင်ခြင်း (self- employment) မှာ ကိုယ်ပိုင် လွတ်လပ်ခွင့်ရှိခြင်းကြောင့် တောင်သူများ အလွန်ပင် တန်ဖိုးထားသောအစိတ်အပိုင်းလက္ခဏာရပ်တစ်ခုဖြစ်သော်လည်း ထိုကိုယ်ပိုင်လွတ်လပ်ခွင့်က နောက်တစ်နပ်စာအတွက်နှင့် မကြာတော့သည့်အနာဂတ်ကာလအတွက် စိုးရိမ်ပူပန်နေရခြင်းဟူသော ဝန်ထုပ်ဝန်ပိုးနှင့် အတူယှဉ်တွဲနေသည်။ ချင်းတန်ဖိုးမြှင့်ကွင်းဆက်တွင် တောင်သူများက စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) ကို အများဆုံးထမ်းပိုးထားရပြီး ပြန်ရသည့် အကျိုးအမြတ်မှာမူနည်းပါးလှသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် တောင်သူများနှင့်အလုပ်သမားများ ထိန်းချုပ်နိုင်စွမ်းမရှိသလောက်ဖြစ်သည့် ပြင်ပ အကြောင်းတရားအချို့ကြောင့် အလွယ်တကူထိခိုက်နစ်နာဆုံးရှုံးနိုင်သည်။ ထိုကဲ့သို့ လုံခြုံစိတ်ချမှုကင်းမဲ့ခြင်းက လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များနှင့် ၎င်းတို့၏နောက်ဆက်တွဲအကျိုးဆက်များကို ပိုမိုဖိတ်ခေါ်နေသည်။ တောင်သူများကအနားယူခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုတို့ကိုစွန့်လွှတ်ကာ ကုန်ထုတ်စွမ်းအားကို ပိုမို အလေးထားအာရုံစိုက်လေ့ရှိသည်။ အထက်ဖော်ပြပါဘေးအန္တရာယ်များစွာကို အလုံးစုံဖယ်ရှားပေးမည့် လုပ်ဆောင်ချက် နည်းလမ်းများတွင် စိုက်ပျိုးရေးအကျင့်အကြံများ အဆင့်မြှင့်တင်ခြင်းနှင့် ဓာတုပစ္စည်းအ သုံးပြုမှုကိုအလုံးစုံဖယ်ရှားခြင်း သို့မဟုတ် ပိုမိုဘေးကင်းသော ဓာတုပစ္စည်း များအသုံးပြုခြင်းတို့ပါဝင်သည်။ တောင်သူများသည် ပိုမိုဘေးကင်းသော အကျင့်အကြံများအပေါ် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အတွက် လိုအပ်လာမည့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီရရှိခံစားနိုင်ခြင်း မရှိပေ။ သူတို့တွင် အရင်းအမြစ်များ၊ အသိအမြင်ဗဟုသုတများနှင့် ထိုသို့လုပ်ဆောင်နိုင်မည့် အထောက်အပံ့များ မရှိပါချေ။

လယ်ယာအလုပ်သည် တရားဝင်အတည်ဖြစ်သောအလုပ်မဟုတ်သဖြင့် OSH ကြပ်မတ်ထိန်းသိမ်းရေးနှင့် အထောက်အပံ့ ပေးရေးလုပ်ငန်းများနှင့် အလွန်ပင်ဝေးကွာလှသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ရှိရင်းစွဲ OSH ဥပဒေများနှင့်စည်း မျဉ်းစည်းကမ်းများတွင် အကျုံးဝင်ခြင်းမရှိပေ။ လယ်ယာစိုက်ပျိုးရေးကို လွှမ်းခြုံသောဥပဒေသစ်တစ်ရပ်က အတည်ပြု ပြဋ္ဌာန်းမှုကိုစောင့်ဆိုင်းနေသည်။ သို့သော် တောင်သူများအား

52 သုတေသနပြုလေ့လာမှုအဖွဲ့က မေးခွန်း ၂၀ ကျော်ကိုလွှမ်းခြုံသော အစက်ကပ်စစ်တမ်းတစ်ရပ်ပြုလုပ်ခဲ့သည်။ စစ်တမ်းတွင်ပါဝင်သော ကျေးရွာလေးရွာမှပါဝင်ဖြေဆိုသူပေါင်း ၈၀ ရှိပြီး ၄၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအဖြစ် မှတ်ပုံတင်ခြင်းမရှိသဖြင့် ထို ဥပဒေမူကြမ်းက တောင်သူများကိုလွှမ်းခြုံနိုင်ခြေနည်းပါးသည်။

ယခုလက်ရှိအချိန်အထိ ဘေးအန္တရာယ်များ (hazards) ကို အလုံးစုံဖယ်ရှားကာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) ကို ထိန်းချုပ်ရန်အတွက် အသုံးပြုနိုင်သော လုပ်ဆောင်ချက်နည်းလမ်းများ အလွန်နည်းပါးသည်။ ယေဘုယျအားဖြင့် တောင်သူများတွင် အချို့အကျင့်အကြံများ၏ဆိုးကျိုးများနှင့်ပတ်သက်၍ အသိအမြင်ဗဟုသုတရှိသည့်အပြင် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) များကို ကောင်းစွာနည်းလည်သဘောပေါက်ကြသည်။ သို့သော် ထိုဘေးအန္တရာယ်များအား မည်သို့မည်ပုံတားဆီးကာကွယ်နိုင်ပြီး မည်သို့မည်ပုံဖယ်ရှားနိုင်သည်ကို နားလည်သိမြင်ခြင်းမရှိပေ။ အစက်ကပ်စေသော နည်းဖြင့်ပြုလုပ်သောလေ့လာမှုစစ်တမ်း (dot survery) တွင် ဖြေဆိုသူအမျိုးသား များထဲမှ အနည်းစု (၁၈%) က ချင်းစိုက်ပျိုးလုပ်ငန်းကို ဘေးအန္တရာယ်မရှိသောလုပ်ငန်းအဖြစ် သတ်မှတ်ရှုမြင်ခဲ့ကြသည်။ လူမှုရေးနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ အမျိုးသားများမှာ ကြမ်းတမ်းပြီးသန်မာရမည်ဟူသော မျှော်လင့်ထားမှုများက ဘေးအန္တရာယ်/ထိခိုက်ဆုံးရှုံးနိုင်ခြေယုံကြည်ယူဆချက်အပေါ် အနုတ်သဘော လွှမ်းမိုးသက်ရောက်နေနိုင်သည်။ ထို့အ ပြင် ဖြေဆိုသူအမျိုးသားများ၏ ၃၃% (အမျိုးသမီးများ၏ ၁၉%) က နှစ်ပေါင်းများစွာအလုပ်လုပ်ကိုင်လာခဲ့သောအတွေ့ အကြုံများကြောင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ဆောင်ချက်အဆင့်များကို ဘေးဖယ်ချန်လုပ်နိုင်သည်ဟူသောအဆိုကို သဘောတူထောက်ခံခဲ့ကြသည်။

အသက်အရွယ်အိုမင်းသောတောင်သူများမှာ ထိခိုက်ပျက်စီးဆုံးရှုံးလွယ်မှု (vulnerability) ကိုပိုမိုရင်ဆိုင်ကြုံတွေ့ရသည်။ သူတို့သည် စံသတ်မှတ်ထားသော အငြိမ်းစားယူသည့်အသက်အရွယ်ကို ကျော်လွန်ပြီးသည့်တိုင် ဆက်လက်အလုပ်လုပ်ကိုင်လေ့ရှိသည်။ အထူးသဖြင့် အိုမင်းမစွမ်းပင်စင်ထောက်ပံ့ကြေးတစ်ရပ် ရရှိခံစားနိုင်ခွင့်မရှိခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ရုပ်ပိုင်းဆိုင်ရာယိုယွင်းအားနည်းလာသည့်အချိန်တွင် အိုမင်းသောတောင်သူများမှာ ထိခိုက်ဒဏ်ရာများနှင့် ရောဂါဘယများကြောင့် ပိုမိုထိခိုက်ပျက်စီးလွယ်မှု (increased vulnerability)ကို ရင်ဆိုင်ကြုံတွေ့ ရနိုင်သည့်တိုင် သူတို့ ၏ရုပ်ပိုင်းဆိုင်ရာစွမ်းရည် သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းစွာအလုပ်လုပ်နိုင်ရန်လိုအပ်သောစွမ်းရည်ကို ကျော်လွန်သော လုပ်ငန်းကိုင်ငန်းများအား ဆက်လက်လုပ်ဆောင်နေနိုင်သည်။[53]

ဓာတုပစ္စည်းဘေးအန္တရာယ်များနှင့်ပတ်သက်၍ PPEs အသုံးပြုမှုအပေါ် အပြုသဘောဆောင်သော သဘောထားခံယူချက် များဖြစ်တည်လာခဲ့သည်။ သို့သော် အမှန်တကယ်လက်တွေ့ကျင့်ကြံအသုံးချသည်ဟု မဆိုနိုင်ပေ။ dot လေ့လာမှုစစ်တမ်းတွင်ပူးပေါင်းပါဝင်သူ အားလုံးလိုလိုက တောင်သူများ PPEs ဝတ်ဆင်သင့်သည်ဟူသောအဆိုကို သဘောတူထောက်ခံခဲ့ကြသည်။ သို့သော် ကွင်းဆင်းလေ့လာမှုများအရ သတ်မှတ်ထားသော PPEs များအသုံးပြုမှု (အထူးသဖြင့် ပေါင်းသတ်ဆေးများပက်ဖျန်းရာတွင်) ကို များများစားစားမတွေ့ခဲ့ရပေ။ ယုံကြည်မှုနှင့်လက်တွေ့ ကျင့်ကြံမှုကြား ကွာဟချက်မှာ ဝတ်ဆင်ရသက်တောင့်သက်သာမရှိခြင်း၊ ရိုးရှင်းသောပုံမှန် လုပ်ငန်းကိုင်ငန်းများတွင်ပင် အကာအကွယ်ပြုရန်လိုအပ်ကြောင်း သိမြင်နားလည်မှုမရှိခြင်းနှင့် အလုပ်လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများနှင့်သင့်တော်ကိုက်ညီသော PPEs များ မရှိခြင်း စသောအကြောင်းတရားများကြောင့် ဖြစ်နိုင်သည်။ ဝယ်ယူမှုကုန်ကျစရိတ်ဆိုင်ရာကန့်သတ်ပိတ်ပင်မှုများအပြင် PPEs များနှင့်ပတ်သက်၍ တောင်သူများတွေ့ကြုံခံစားရသောပြဿနာ ဝတ်ဆင်ရအဆင်မပြေခြင်းပင်ဖြစ်သည်။ သူတို့သည် ပုဆိုးလုံချည်[54]များကို ပိုမိုသဘောကျနှစ်သက်သောကြောင့်ဖြစ်သည်။ dot လေ့လာမှုစစ်တမ်းတွင်ပါဝင်သူများက သူတို့ သည်ဆေးဖျန်းပြီးနောက် လက်များဆေးကြောခြင်းနှင့် အဝတ်အစားလဲခြင်းတို့ပြုလုပ်သည်ဟု ဖြေကြားခဲ့ကြသည်။ သို့သော် တောင်သူများသည် ဆေးဖျန်းပြီးသောလယ်ကွင်းများအတွင်းသို့ပြန်လည်ဝင်ရောက်ရန်အတွက် စောင့်ဆိုင်းရမည့် အနည်းဆုံးအချိန်ကာလသတ်မှတ်ချက်ကို လိုက်နာခြင်းမရှိပေ။

မိသားစုတစ်စုလုံး ပိုးသတ်ဆေးနှင့်ထိတွေ့နိုင်ခြေဘေးအန္တရာယ်ရှိသည်။ အနီးအနားနေရာများမှ ပျံ့နှံ့ရောက်ရှိလာခြင်း၊ လက်များဆေးကြောရန်နှင့်ရေချိုးရန်အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပစ္စည်း ကိရိယာ (facilities) များ မရှိခြင်းနှင့် ပိုးသတ်ဆေးများဖြင့်ညစ်ညမ်းနေသော အဝတ်အစားများကို အိမ်သို့ယူဆောင်ခြင်းတို့ကြောင့်ဖြစ်သည်။ လေ့လာမှုတွင်ပူးပေါင်းပါဝင်သူအများစုမှာ ပိုးသတ်ဆေး အဆိပ်သင့်ခြင်း၏ ရောဂါလက္ခဏာများကို မသိရှိကြပေ။ တောင်သူများသည် ပေါင်းသတ်ဆေးများနှင့် ထိတွေ့မှုနှင့် အသုံးပြုမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေရှည်ကျန်းမာရေးအကျိုးသက်ရောက်မှုများအတွက် ပညာရှင်များထံစမ်းသပ်စစ်ဆေးမှုခံယူခြင်းမရှိပေ။

53 Tessier, L. 2015. (လူမှုအကာအကွယ်ပေးရေးလေ့လာဆန်းစစ်ချက်အခြေပြု အမျိုးသားနီးနှောဖလှယ်ခြင်း - မြန်မာနိုင်ငံတွင်း တစ်မျိုးသားအလုံးအတိုင်းအတာ သတ်မှတ်ပြဋ္ဌာန်းထားသည့် လူမှုအကာအကွယ်ပေးရေးကြမ်းခင်းအဆင့်) Social protection assessment based national dialogue: Towards a nationally defined social protection floor in Myanmar (Yangon, ILO Liaison Office for Myanmar).

54 မြန်မာနိုင်ငံအတွင်း အမျိုးသားများရော အမျိုးသမီးများပါဝတ်ဆင်ကြသည့်ရိုးရာအဝတ်၊ ခါးတွင်ပတ်ရပြီး အောက်တွင် ခြေမျက်စီအထိရောက်သည်။

မြေယာပြင်ဆင်ခြင်းအတွက် စက်ယန္တယားများအသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စက်ကိုင်တွယ်အသုံးပြုရေးနှင့်ဆိုင်သည့် လက်တွေ့ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့မရှိသဖြင့် စက်မောင်းသူများ၊ တောင်သူများနှင့် အလုပ်လုပ်ကိုင်သောနေရာ၏ အနီးဝန်းကျင်မှလူများကြားတွင် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားနိုင်ခြေဘေးအန္တရာယ် ပိုမိုများပြားလာသည်။ စက်ကိရိယာငှားရမ်းရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးကြီးထွားလာခဲ့ခြင်းနှင့်အတူ ဝန်ဆောင်မှုပေးသူတို့သည် ကျွမ်းကျင်မှုမရှိသော လယ်ထွန်စက်မောင်းသူများနှင့် လက်တွန်းထွန်စက်မောင်းသူများကို စုစည်းကာ လုပ်ငန်းလုပ်ကိုင်လာကြသည်။ စက်ကိရိယာငှားရမ်းရေးဝန်ဆောင်မှုများကို ပုဂ္ဂလိကကုမ္ပဏီများနှင့် စက်မှုလယ်ယာဦးစီးဌာန (AMD) တို့မှပံ့ပိုးပေးအပ်သည်။ တောင်သူများနှင့် စက်မောင်းသူများသည် သင့်တော်ကောင်းမွန်သောစက်မောင်းသင်တန်းပို့ချမှုများကို မရရှိကြပေ။

## *ကျားမသဘာဝအလိုက်ကွဲပြားခြားနားမှုပုံစံ (Gender pattern)*

OSH နှင့်ပတ်သက်၍ ကျားမသဘာဝအလိုက် အသိအမြင်ဗဟုသုတကွဲပြားမှုပုံစံများကို တွေ့မြင်ခဲ့ရသည်။ အမျိုးသားများက အမျိုးသမီးများထက်စာလျှင် ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်သောအကြောင်းတရားများ (risk factors)နှင့် ၎င်းတို့၏နောက်ဆက်တွဲအကျိုးဆက်များကို ပိုမိုနားလည်သဘောပေါက်ကြသည်။ ယေဘုယျအားဖြင့် အမျိုးသမီးတောင်သူများထက် အမျိုးသားတောင်သူများက သင်တန်းပို့ချမှုများ (အထူးသဖြင့် နည်းပညာဆိုင်ရာသင်တန်းများ) ကို ပိုမိုရရှိခြင်းကြောင့်ဖြစ်နိုင်သည်။ ထိုသင်တန်းများတွင် ပိုးသတ်ဆေးအသုံးပြုမှုနှင့်ဆက်နွယ်နေသောဘေးအန္တရာယ်များ (hazards) နှင့်ထိခိုက် ဆုံးရှုံးနိုင်ခြေများ (risks) များနှင့် အခြားစိုက်ပျိုးရေးအကျင့်အကြံများအစရှိသောအကြောင်းအရာများပါဝင်သည်။ ပိုးသတ်ဆေးများကိုလည်းအမျိုးသားများက ဝယ်ယူလေ့ရှိသည်။ ထို့အတူ သွင်းအားစုကုမ္ပဏီများ၏ ကိုယ်စားလှယ်များမှ သင်တန်းပို့ချခြင်းနှင့် အသိပညာပေးခြင်းတို့က အမျိုးသားတောင်သူများကို ဦးတည်ပစ်မှတ်ထားလေ့ရှိသည်။ အပြန်အလှန်အနေနှင့် ကျေးလက်ကျန်းမာရေးအရာရှိများနှင့် ပိုးသတ်ဆေးရောင်းချသူများ ပေးအပ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတင်းအချက်အလက်များအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းက တောင်သူများကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်တည်နေသည်။ ကျေးလက်ကျန်းမာရေးဌာနများမှ ကျန်းမာရေးပြဿနာများဆိုင်ရာအသိပညာပေးမှုများတွင်လည်း အမျိုးသမီးများကသာ ပိုမိုပါဝင်တက်ရောက်ခဲ့ကြောင်း အစီရင်ခံတင်ပြထားသည်။

ရှေးရိုးအစဉ်အလာအရ အမျိုးသမီးများလုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းများ (ဥပမာ မြေယာထွန်ယက်ခြင်း၊ မျိုးပင်စိုက်ခြင်း၊ ပေါင်းသင်ခြင်းနှင့် တူးဖော်နုတ်ယူခြင်း) ၏ အလုပ်ဝန်ထုပ်ပမာဏ (workload) မှာ အမျိုးသားများ၏ အလုပ်ဝန်ထုပ် ပမာဏထက် အနည်းငယ်ပိုမိုများပြားသည်။ အမျိုးသားများမှာ မြေယာပြင်ဆင်မှုလုပ်ငန်းတွင် စက်ယန္တယားများမှ အထောက်အပံ့ရရှိသောကြောင့်ဖြစ်သည်။ အမျိုးသမီးများ၏အလုပ်ချိန်မှာလည်း အမျိုးသားများ၏အလုပ်ချိန်ထက် ပိုမိုရှည်ကြာလေ့ရှိသည်။ အချိန်ပိုင်း (part-time) စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မှုကို အမျိုးသမီးများကြားတွင်အတွေ့အရများပြီး အထူးသဖြင့် တူးဖော်နုတ်ယူသောရာသီတွင်လုပ်ကိုင်ရခြင်းကြောင့် အလုပ်ချိန်ရှည်ကြာပြီး လုံလုံလောက်လောက်အနား မယူနိုင်ပေ။ အမျိုးသားတောင်သူများကလည်း လယ်ယာမြေပြင်ပလုပ်ငန်းကိုင်ငန်းများ သို့မဟုတ် အခြားမြေယာများတွင် ကာယအလုပ်သမားများအဖြစ် ဝင်ရောက် လုပ်ကိုင်ရသည်ဆိုသော်လည်း အမျိုးသမီးများက အိမ်ထောင်စုတာဝန်များကို ထပ်တိုးဝန်ထုပ်ဝန်ပိုးအဖြစ် ထမ်းပိုးထားရသည်။ အမျိုးသမီးများသည် အိမ်အလုပ်၊ မြေယာအဝေးမှအလုပ်နှင့် မြေယာပေါ်မှ အလုပ်တို့ကြား ဟန်ချက်ညီအောင်ကြိုးပမ်းလုပ်ဆောင်နေရခြင်းက လုပ်ငန်းတာဝန်ပိခြင်း (role overload) ဆီသို့ဦး တည်စေပြီး စိတ်ဖိစီးမှုနှင့်နွမ်းနယ်ပင်ပန်းမှုများကို ပိုမိုဆိုးရွားစေသည်။ အမျိုးသမီးများသည် ၎င်းတို့အချိန်၏ကြီးမားသော အစိတ်အပိုင်းတစ်ရပ်ကို ရေခပ်ခြင်းနှင့် ထင်းကောက်ခြင်းတို့တွင်ကုန်ဆုံးနေရသည်။ တကယ်တမ်းတွင် သူတို့သည် ရေ ရင်းမြစ်ဆီသို့ နှစ်မိုင်မှငါးမိုင်ခန့် ခြေလျင်လမ်းလျှောက်သွားရသည်။ [55] ယေဘုယျအားဖြင့် ချက်ပြုတ်ရန်နှင့်သောက်သုံးရန်အတွက် တစ်နေ့လျှင် ရေဆယ်ဂါလံခန့်သွားရောက်ခပ်ယူရသည်။ အိမ်သူအိမ်သားများတွင် ဒဏ်ရာအနာတရများဖြစ်ပွားလျှင် ပြုစုစောင့်ရှောက်ရပြီးနှင့် လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်အောင် စီစဉ်ရသည်။

အမျိုးသမီးများသည် နေပူရှိန်ပြင်းပြင်းနှင့်ထိတွေ့မှု ပိုမိုများပြားပြီး ပို၍လည်းအလေးထားဂရုပြုမိကြသည်။ ခရမ်းလွန်ရောင်ခြည် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ အမျိုးသမီးများ၏စိုးရိမ်ပူပန်မှုမှာ အလှအပဆိုင်ရာ စိုးရိမ်ပူပန်မှုများတွင်အဓိက အခြေခံခြင်းဖြစ်ပြီး ကျန်းမာရေးရှုထောင့်များမှထွက်ပေါ်လာခြင်းမဟုတ်ပေ။ အုပ်စုဖွဲ့ဆွေးနွေးမှု (FGD) အတွင်း အမျိုးသမီးများက သူတို့သည် နေရောင်ခြည်ကိုကာကွယ်သည့်အနေဖြင့် လက်ရှည်အင်္ကျီဝတ်ဆင်ပြီး ခမောက်ဆောင်းကာ သနပ်ခါး [56] လိမ်းသည်ဟု ပြောပြခဲ့ကြသည်။

55 မြန်မာနိုင်ငံအတွင်း အမျိုးသားများရော အမျိုးသမီးများပါဝတ်ဆင်ကြသည့် ရိုးရာအဝတ်၊ ခါးတွင်ပတ်ရပြီး အောက်တွင် ခြေမျက်စီအထိ ရောက်သည်။

56 သနပ်ခါးမှာ အဝါရောင်အနှစ်ရည်ဖြစ်ပြီး ကြိတ်ထားသောသစ်ခေါက်မှပြုလုပ်ထားကာ နေရောင်ခြည်ဒဏ်မှကာကွယ်ရန်အသုံးပြုသည်။

ပုံ (၁၀) နေရောင်အောက်တွင် ချင်းတူးဖော်နုတ်ယူနေသည့် သနပ်ခါးလိမ်းထားသောအမျိုးသမီး



*"မြန်မာနိုင်ငံ။ ILO က ချင်းစိုက်ပျိုးရေးကို ပိုမိုဘေးအန္တရာယ်ကင်းရှင်းစေပြီး သီးနှံပိုမိုထွက်ရှိစေသည်" ဗီဒီယိုမှ ထုတ်နှုတ်ချက်။ http://www.ilo.org/yangon/multimedia/WCMS_633299/lang-eng/index.html*

## *အလိုက်သင့်ရင်ဆိုင်နိုင်စွမ်း (Coping)*

တောင်သူများ၊ ၎င်းတို့၏မိသားစုများနှင့် စိုက်ပျိုးရေးအလုပ်သမားများအတွက် အလုပ်နှင့်ဆိုင်သောထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ် ရောဂါရမှုများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ငွေရေးကြေးရေးဆိုင်ရာအကျိုးဆက်များကို အလိုက်သင့်ရင်ဆိုင်ကျော်လွှားနိုင်ရန် အလွန်ပင်ခက်ခဲသည်။ သူတို့သည် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် ခက်ခဲနေပြီး အလုပ်တွင်ထိခိုက်မှုလျော် ကြေးပေးအပ်ရေးအစီအစဉ်များအား လက်လှမ်းမီရရှိခံစားနိုင်ခြင်းမရှိပေ။ အိမ်တွင်းဆေးမြီးတိုကုထုံး၊ ရမ်းကုများနှင့် ဆေးဆိုင်များကိုသာ အဓိက မှီခိုအားထားနေရသည်။ တောင်သူများနှင့် လယ်ယာမြေအလုပ်သမားများမှာ ကိုယ်ပိုင်လုပ်ကိုင်သော (own account) အလုပ်သမားများဖြစ်သည်။ ကိုယ့်သဘောဆန္ဒအလျောက် မှတ်ပုံတင်ထားခြင်းမရှိလျှင် ထိုသူတို့မှာ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ရရှိခံစားနိုင်ခြင်းမရှိပေ။ လူမှုဖူလုံရေးစနစ်၏အလုပ်လုပ်ပုံကို ရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်းမရှိသဖြင့် တောင်သူများက ၎င်းတို့၏သဘောဆန္ဒအလျောက် မှတ်ပုံတင်မှုပြုလုပ်ရန်မှာ ဖြစ်နိုင်ခြေနည်းပါးသည်။ တွေ့ဆုံမေးမြန်းခဲ့သောတောင်သူများတွင် SSB ထံ သဘောဆန္ဒအလျောက်မှတ်ပုံတင်ထားသူ သို့မဟုတ် ပုဂ္ဂလိကအာမခံတစ်ခုထားရှိသူ ဟူ၍ လုံးဝမရှိပေ။ [57]

ဝန်ဆောင်မှုပေးသူကို ကျသင့်ငွေတိုက်ရိုက်ပေးချေမှု (out-of-pocket payment) မှာ ချင်းစိုက်တောင်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများရယူသော အဓိကနည်းလမ်းတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ တောင်သူအိမ်ထောင်စုများမှာ အိမ်ထောင်စုအပေါ်ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်စေသည့် ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်များကို ကိုယ်တိုင်ကျခံပေးချေရမည့် ဘေးအန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ ဆေးခန်းများ သို့မဟုတ် ဆေးရုံများတွင် ဆေးကုသမှုခံယူခြင်းက အလွန်စျေးကြီးသည်ဖြစ်ရာ ယင်းကို နောက်ဆုံး

57 တောင်သူလယ်သမားများနှင့် လယ်ယာမြေအလုပ်သမားများမှာ စိုက်ပျိုးရေးကဏ္ဍအတွင်းမှလုပ်ခစားအလုပ်သမားများနှင့်အကျုံးဝင်သက်ဆိုင်ခြင်းမရှိသော အလုပ်သမားလျော်ကြေးပေးရေးအက်ဥပဒေ (၁၉၂၃ ခုနှစ်) အရ အကျိုး ခံစားခွင့်များတောင်းခံပိုင်ခွင့်မရှိပေ။

ရွေးချယ်စရာနည်းလမ်းတစ်ခုအဖြစ် သတ်မှတ်ကြပြီး ကြိုတင်ကာကွယ် တားဆီးမှု သို့မဟုတ် ပုံမှန်ကျန်းမာရေး စစ်ဆေးမှု၏အစိတ်အပိုင်းတစ်ရပ်အဖြစ် သတ်မှတ်ရှုမြင်ခြင်းမရှိပေ။ ကျန်းမာရေး စောင့်ရှောက်မှုရယူရန် နှောင့်နှေးကြန့်ကြာမှုများအတွက် အကြောင်းရင်းများစွာရှိသော်လည်း ငွေရေးကြေးရေးကုန်ကျစရိတ်က တောင်သူများစွာအတွက် အဓိကကျသောအတားအဆီးတစ်ရပ်ဖြစ်သည်။ အချိန်ကုန်ခြင်း၊ ခရီးသွားလာမှုစရိတ်များနှင့် အလုပ်ပျက်ခြင်းတို့အတွက် ငွေကြေးဆုံးရှုံးမှုများကလည်း အဆိုပါအတားအဆီး၏အစိတ်အပိုင်းဖြစ်သည်။

ချင်းစိုက်တောင်သူအိမ်ထောင်စုများသည် ယေဘုယျအားဖြင့် စုဆောင်းငွေကြေးများမရှိသည့်အပြင် တရားဝင်ဘဏ္ဍာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်မှုနည်းပါးသည်။ သို့ဖြစ်ရာ အရေးပေါ်ငွေလိုလာသည့်အချိန်များတွင် (ဥပမာ ဖျားနာခြင်း) သူတို့သည် တရားဝင်မဟုတ်သော ငွေထုတ်ချေးသူများထံမှ ချေးငွေရယူသည် သို့မဟုတ် ထုတ်လုပ်ရေး အတွက်အသုံးပြုနေသောပိုင်ဆိုင်ပစ္စည်းများ (productive assets) ကိုရောင်းချရသည်။ ချေးငွေပေးချေရန်အတွက် အချို့ အိမ်ထောင်စုများက အစားအစာစားသုံးမှုလျှော့ချခြင်း၊ ကလေးများကိုကျောင်းနုတ်ခြင်းပြီး အလုပ်လုပ်စေခြင်းနှင့် ဝင်ငွေရနိုင်မည့် အလုပ်အမျိုးမျိုးလုပ်ကိုင်ခြင်း (လယ်ယာမြေပြင်ပကာယအလုပ်သမား၊ အခြားမြေယာများတွင် အခစားဝင်ရောက် လုပ်ကိုင်ခြင်းစသည်တို့ဖြင့် အလုပ်ချိန် များစွာပိုမိုရှည်ကြာအောင်လုပ်ကိုင်သည်) တို့ကို မလွှဲသာမရှောင်သာ လုပ်ဆောင်ရသည်။ ထိခိုက်ဒဏ်ရာရမှုများ၊ ရောဂါနှင့် သေဆုံးမှုတို့ကို အလိုက်သင့်တုံ့ပြန်ရင်ဆိုင်နိုင်အောင် ကူညီပေးမည့် ကျေးရွာအခြေပြုနှင့် ဘုန်းတော်ကြီးကျောင်းအခြေပြု အထောက်အပံ့ပေးရေးစနစ်ယန္တရားများလည်း ရှိသည်။ နွေးထွေးကူညီရိုင်း ပင်းသောကျေးရွာများတွင် အိမ်ထောင်စုများသည် ဆင်းရဲဒုက္ခအခြေအနေများနှင့်ကြုံတွေ့နေရသောမိသားစုများအား အလိုက်သင့်ရင်ဆိုင်ကျော်လွှားနိုင်အောင် ပံ့ပိုးကူညီလှူဒါန်းကြသည်။ တောင်သူများနှင့်တွေ့ဆုံမေးမြန်းမှုများအရ ထိခိုက် ဒဏ်ရာရမှုများနှင့် ရောဂါရမှုများ (အထူးသဖြင့် ပြင်းထန်ပြီး အသက်အန္တရာယ်ရှိသော) ကြောင့် ထုတ်လုပ်ရေးအတွက် အသုံးပြုနေသောပိုင်ဆိုင်ပစ္စည်းများ (productive assets) (ဥပမာ ကျွဲနွားတိရစ္ဆာန်များ) ကို စိတ်ပျက်ဝမ်းနည်းဖွယ်ရောင်းချရမှုများ၊ သီးနှံများကိုအချိန်မတိုင်မီ ရိတ်သိမ်းရူးဆွတ်ရမှုများ၊ ကုန်သည်များနှင့် အခြားသော တရားဝင်မဟုတ်သည့် ငွေထုတ်ချေးသူများထံ ထပ်တိုးချေးငှားရခြင်းများ ဖြစ်ပေါ်နေရကြောင်း သိမြင်ရသည်။

# ၃.၁.၂။ ကုန်ထမ်းသူများ

## *ဘေးအန္တရာယ်များနှင့်ထိတွေ့မှု*

အောင်ပန်းဈေးတွင် ကုန်ထမ်းသူများသည် ချင်းနှင့် အခြားသောသစ်သီးများနှင့်ဟင်းသီးဟင်းရွက်များကို ကိုယ်ကာယအား ဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ကုန်တင်ကုန်ချခြင်းလုပ်ငန်းများ လုပ်ကိုင်သည်။ အဆိုပါလုပ်ငန်း ကိုင်ငန်းများကိုလုပ်ဆောင်သည့် အခြေအနေအခင်းအကျင်းမှာ ကျန်းမာရေးနှင့်မညီညွတ်သည့်အပြင် ဘေးအန္တရာယ် ကင်းရှင်းမှုလည်းမရှိပေ။ ထိုကဲ့သို့သောအလုပ်လုပ်ကိုင်မှုဝန်းကျင်များတွင် သင့်လျော်မှန်ကန်မှုမရှိသောအလုပ်နေရာအခင်းအကျင်း၊ သန့်ရှင်းမှုမရှိ သောအခြေအနေများ၊ ဆိုးဝါးညံ့ဖျင်းသောကုန်တင်ကုန်ချစနစ်များ အစရှိသည်တို့ပါဝင်သည်။ ကုန်ထမ်းသူများသည် သက်တောင့်သက်သာမရှိသော အလုပ်လုပ်ကိုင်မှုဝန်းကျင်အပြင်အဆင်ဆိုင်ရာ (ergonomic) ဘေးအန္တရာယ်များနှင့် ဇီဝခန္ဓာပိုင်းဆိုင်ရာ (biological) ဘေးအန္တရာယ်များတို့နှင့် ထိတွေ့ မှုအဆင့် အလွန်မြင့်မားသည်။ သူတို့သည် အဆိုပါ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေ (risks) များကို နေ့ တစ်ရှူဝရင်ဆိုင်နေရသည်။

**သက်တောင့်သက်သာမရှိသော အလုပ်လုပ်ကိုင်မှု ဝန်းကျင်အပြင်အဆင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (ergonomic risks)။** ကုန်ထမ်းသူများသည် ချင်းခြင်းတောင်းများ သို့မဟုတ် အိတ်များကို သူတို့၏ဦးခေါင်း သို့မဟုတ် ကျောပေါ်တွင် ထမ်းပိုးကာ ကုန်တင်ယာဉ်များနှင့်ကုန်လှောင်ရုံကြား ခေါက်ပြန်လူးလာသယ်ယူပို့ဆောင်သည်။ သူတို့သည် လေးလံသောကုန်စည်များကိုသယ်ဆောင်ကာ သင့်တော်မှန်ကန်မှုမရှိသော ကိုယ်ဟန်အနေအထားများဖြင့် အချိန်ကြာရှည် လမ်းလျှောက်ရသည်။ ခြင်းတောင်းများ သို့မဟုတ် အိတ်များက ၆၀ မှ ၈၀ ကီလိုခန့် ထိလေးသည်။ အချို့ ကုန်ထမ်းသူ များသည် ပင်ပင်ပန်းပန်းအားစိုက်ထုတ်ရမှုများ နည်းပါးစေပြီး အလုပ်များများပြီးစီးနိုင်မည့် မတူခြားနားသောနည်းလမ်းများ (ယာယီဖြစ်သလိုပြုလုပ်ထားသော တွန်းလှည်းများ၊ ကုန်တင်ကုန်ချရာတွင် အလေးချိန်ကိုကြားခံထိန်းသိမ်းပေးမည့် သားရေပြားများ သို့မဟုတ် ဆင်ခြေလျှောများ) ကိုရှာဖွေတွေ့ ရှိခဲ့ကြသည်။

ပုံ (၁၁) ချင်းအိတ်တစ်အိတ်ကိုထမ်း၍ပို့ဆောင်နေသောကုန်ထမ်းသမား



*ရင်းမြစ်။ မြန်မာနိုင်ငံတွင် VZF အဖွဲ့ မှရိုက်ကူးခဲ့သောဓာတ်ပုံ*

**ချော်လဲခြင်း၊ ခလုပ်တိုက်လဲခြင်းနှင့်ပြုတ်ကျခြင်း။** ချင်းအိတ်ကုန်တင်ကုန်ချရန်အတွက် ယာယီအဖြစ်ပြုလုပ်ထားသောလှေကားများနှင့်ဆင်ခြေလျှောများကိုအသုံးပြုခြင်းက ချော်ထွက်ခြင်း သို့မဟုတ် ခလုပ်တိုက်ခြင်းကြောင့် ပြုတ်ကျ နိုင်ခြေဘေးအန္တရာယ်ကို ဖြစ်ပေါ်စေသည်။ ဆင်ခြေလျှောများနှင့် လှေကားများတွင် လက်ရန်းများ သို့မဟုတ် အကာအရံ များမပါခြင်း၊ အကွာအဝေးညီညာမှုမရှိသောလှေကားထစ်များ စသည်တို့ပါရှိသည်။ မြဲမြံမှုမရှိသော သယ်ယူသွားနိုင် သည့်လှေကားများ သို့မဟုတ် ဆင်ခြေလျှောများနှင့် နေရာတစ်ခုတွင်ရှိနေသော အမဲဆီ သို့မဟုတ် အမှိုက် တို့ကလည်း ဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သည်။

**ဇီဝခန္ဓာပိုင်းဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးစေသည့်အကြောင်းအရာများ (risk factors)။** အောင်ပန်းအရောင်းအဝယ်နေရာဌာန (ဈေး) တွင် ယေဘုယျအားဖြင့် လက်ဆေးခြင်းနှင့်အညစ်အကြေးစွန့်ပစ်ခြင်းအတွက် နေရာအဆောက်အအုံ၊ ပစ္စည်းကိရိယာများ (facilities) မရှိပေ။ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာပြဿနာသည် အဓိကအားဖြင့် ဈေးအတွင်းမှ ညံ့ဖျင်းသော အညစ်အကြေးစီမံခန့်ခွဲမှုစနစ်ကြောင့်ဖြစ်သည်။ ပိတ်ဆို့နေသော လမ်းဘေးရေမြောင်းများနှင့် ဖုံးအုပ်မထားသောအမှိုက်ပုံများက ရောဂါပိုးမွှားသယ်ဆောင်သောအင်းစက်ပိုးကောင်များ (ဥပမာ ငှက်ဖျားနှင့်သွေးလွန်တုပ်ကွေးရောဂါ များ) ပေါက်ဖွားရာနေရာများဖြစ်လာနိုင်သည့်အပြင် အနံ့ဆိုးများကိုလည်းပေးသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုးဝါးညံ့ဖျင်းမှုက လူတို့၏ကျန်းမာရေးကိုသာ ထိခိုက်စေသည်မဟုတ်ပဲ အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေသော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၏ အထားခံနိုင်သောသက်တမ်းအပေါ်တွင်ပါ အကျိုးသက်ရောက်နိုင်သည်။

## *ဘေးအန္တရာယ်ဖြစ်ပွားလွယ်မှု (sensitivity)*

ကုန်ထမ်းသူများမှာ ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) အလုပ်သမားများဖြစ်ပြီး ကုန်ပစ္စည်းရောင်းချသူများကိုရော ဝယ်ယူသူများကိုပါ ဝန်ဆောင်မှုများရောင်းချသည်။ တရားဝင်မဟုတ်သော်လည်း

ကုန်ထမ်းသူများမှာ သီခြားကုန်သည် တစ်ဦး သို့မဟုတ် ကြားခံဆောင်ရွက်သူ (intermediary) တစ်ဦးနှင့် ချိတ်ဆက်လုပ်ကိုင်သည်။ အဆိုပါ တရားဝင်မဟုတ်သော ချိတ်ဆက်လုပ်ကိုင်မှုက တစ်နည်းအားဖြင့် သူတို့၏ "အလုပ်ပိုင်နက်နယ်မြေ (work territory)" ကိုတည်ထောင်ပေးသည်။ သူတို့၏ဝန်ဆောင်မှုများ အတွက်ဝယ်လိုအားမှာ နေ့စဉ်၊ အပတ်စဉ် သို့မဟုတ် ရာသီစက်ဝန်းအလိုက် ဟင်းသီးဟင်းရွက်ပေးသွင်း ရောင်းချမှု အပြောင်းအလဲများအပေါ်တွင် မူတည်သည်။ ကုန်ထမ်းသူများသည် အချို့ကုန်သည်များ၊ ပွဲစားများတို့ နှင့်ချိတ်ဆက်လုပ်ကိုင်သော်လည်း အဆိုပါစီးပွားရေးလုပ်ငန်းများနှင့် သူတို့ကြားတွင် ကန်ထရိုက်သဘော တူညီချက်စာချုပ်လာဆက်ဆံရေးဟူ၍ မရှိပေ။ ကုန်ထမ်းသူများမှာ SSB ထံတွင် မှတ်ပုံတင်ထားခြင်းလည်းမရှိပေ။ သီအိုရီအရ ကုန်ထမ်းသူများက အစိုးရ၏လူမှုဖူလုံရေးအစီအစဉ်တွင် ကိုယ့်သဘောဆန္ဒအလျောက် မှတ်ပုံတင်မှုပြုလုပ်နိုင်သည် ဆိုသော်လည်း ပြင်ဆင်မှုသင်တန်းပေးရေးနှင့် အသိပညာပေးရေးအစီအစဉ်များတွင် ထိုသူတို့ပါဝင်ခဲ့ခြင်းမရှိပေ။ သူတို့၏သေချာရေရာမှုမရှိသော အလုပ်လုပ်ကိုင်မှုအခြေအနေများ (ကန်ထရိုက်သဘောတူညီချက်စာချုပ်၊ လုပ်ခကြေးငွေ၊ အလုပ်ချိန်၊ လူမှုရေးဆိုင်ရာအကာအကွယ်ပေးမှုကို လက်လှမ်းမီရရှိနိုင်ခွင့် စသည်) က လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များနှင့် ၎င်းတို့၏အကျိုးဆက်များကို ပိုမိုဖိတ်ခေါ်နေသည်။

အောင်ပန်းတွင်ရှိသောကုန်ထမ်းသူများမှာ စနစ်တကျစုဖွဲ့ထားခြင်းမရှိပေ။ သို့သော် တူညီသော ကြားခံဆောင်ရွက်သူ (intermediary) တစ်ဦးနှင့် ချိတ်ဆက်လုပ်ကိုင်နေသည့် ကုန်ထမ်းသမားများကြားတွင် တစ်ဦးနှင့်တစ်ဦး အကူအညီပေးပြီး နီးနီးကပ်ကပ်အလုပ်လုပ်ကိုင်လေ့ရှိသည်။ တစ်နည်းဆိုရလျှင် သူတို့သည် ကိုယ်ပိုင် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများရှိသည့် တရားဝင်မဟုတ်သော အစုအဖွဲ့တစ်ခုအနေနှင့် ဆောင်ရွက်သည်။

ကုန်ထမ်းသူများသည် အစိုးရနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများထံမှ မည်သည့်သင်တန်းများကိုမျှ မရရှိခဲ့ကြပေ။ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) များမှ ကာကွယ်မှုသည် ပင်ကိုယ်သိစိတ် (instinct)နှင့် နှစ်ပေါင်းများစွာလုပ်ကိုင်ဆောင်ရွက်ရာမှရရှိလာသော အတွေ့အကြုံတို့အပေါ်အခြေခံသည်။ ကုန် စည်ဝန်ထုပ်များ မတင်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ချထားခြင်း တို့ကို စက်ယန္တယား ပစ္စည်းကိရိယာများ၏အကူအညီမပါပဲ လူအားဖြင့် လုပ်ဆောင်သည်။ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေအနေများကို တိုးတက်ကောင်းမွန်စေပြီး တပြိုင်တည်းမှာပင် ကုန်ထုတ်စွမ်းအားနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို တိုးတက်ကောင်းမွန်စေရန် အကူအညီပေးနိုင်မည့် နည်းပညာများနှင့် အကျင့်အကြံများအား စတင်အသုံးချဆောင်ရွက်ခြင်းက ကုန်ထမ်းသူများနှင့် ကြားခံဆောင်ရွက်သူများ (intermediaries) အတွက် အကျိုးရှိစေမည်ဖြစ်လေသည်။

## *အလိုက်သင့်ရင်ဆိုင်နိုင်စွမ်း (Coping)*

လုပ်ငန်းခွင်ဆိုင်ရာထိခိုက်ဒဏ်ရာရမှု၊ ရောဂါရမှု သို့မဟုတ် သေဆုံးမှု ဖြစ်ပွားသည့်ကိစ္စရပ်တွင် ကုန်ထမ်းသူများမှာ လျော်ကြေးမရနိုင်ပေ။ သူတို့သည် အလုပ်နှင့်ဆိုင်သောထိခိုက်ဒဏ်ရာရမှုများနှင့်ရောဂါ ရမှုများအတွက် ကုန်ကျစရိတ်များကို ကိုယ်တိုင်ကျခံပေးချေရသည်။ ကုန်ထမ်းသူများနာမကျန်းဖြစ်ချိန်တွင် ၎င်းတို့နှင့်ချိတ်ဆက်ထားသော ကြားခံဆောင်ရွက်သူ (intermediary) က ကိုယ်ပိုင်သဘောဆန္ဒအလျောက် အထောက်အပံ့အချို့ပေးအပ်ကောင်းပေးအပ်နိုင်သည်။ သူတို့သည် သာမန်အဖျားအနာများအတွက် ကျေးလက် ကျန်းမာရေးဌာနသို့သွားရောက်ပြသနိုင်သည်။ လယ်ယာမြေ အလုပ်သမားများကဲ့သို့ပင် သူတို့သည် အိမ်တွင်းဆေးမြီးတိုကုထုံးများ နှင့်/သို့မဟုတ် ရမ်းကုများနှင့် ဆေးဆိုင်များကို မှီခိုအားထားနေရသည်။ အချို့ကုန်ထမ်းသူများသည် ကျန်းမာရေးပြဿနာများကို အရေးမကြီးလေသယောင် သဘောထားလေ့ရှိသည်။ အချို့ကုန်ထမ်းသူများမှာမူ ထိခိုက်ဒဏ်ရာရှိနေလျက်က စီးပွားရေးအခြေအနေကြောင့် ဆက်လက် အလုပ်လုပ်ကိုင်တတ်သည်။

## ၃.၁.၃။ ချင်းဆေးသူများနှင့် ချင်းရွေးသူများ

ချင်းရောင်းဝယ်ရေးနေရာဌာနများ (ပွဲရုံများ) တွင် ကြားခံဆောင်ရွက်သူများ (intermediaries) သည် အမျိုးသမီးများ အဓိကပါဝင်သောအလုပ်သမားများကို ငှားရမ်းကာ ချင်းဆေးခြင်းနှင့် ချင်းရွေးခြင်းလုပ်ငန်းများ လုပ်ကိုင်စေပြီးနောက် ထိုချင်းများကို ချင်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားတင်ပို့သူများ (processors-exporters)၊ နယ်စပ်ကုန်သွယ်ရေး အတွက် ကုန်စည်ဝယ်ယူစုစည်းသူများ (border trader consolidator) သို့မဟုတ် မြန်မာနိုင်ငံတွင်းမှ အဓိကလက်ကား စျေးကွက်များသို့ ပို့ဆောင်ရောင်းချသည်။

ပုံ (၁၂) ကုန်လှောင်ရုံတစ်ခုအတွင်း အလုပ်သမားများ ချင်းရွေးနေစဉ်



*ရင်းမြစ်။ မြန်မာနိုင်ငံတွင် VZF အဖွဲ့ မှ ရိုက်ကူးသောဓာတ်ပုံ*

## *ဘေးအန္တရာယ်များနှင့်ထိတွေ့မှု (Exposure)*

ခန့်မှန်းထားသော ချင်းနှင့်ဟင်းသီးဟင်းရွက်ပမာဏပေါ်မူတည်ပြီး အလုပ်သမားများကိုငှားရမ်းအသုံးပြုသည်။ သူတို့၏ အဓိကလုပ်ငန်းကိုင်ငန်းများမှာ ချင်းဆေးကြောသန့်စင်ရန်၊ အရွယ်အစားနှင့် သက်တမ်းအရင့်အနုအလိုက် ရွေးချယ်ခွဲထုတ်ရန်နှင့် ချင်းများကိုထုပ်ပိုးရန်တို့ဖြစ်သည်။ ချင်းဆေးခြင်းတွင် အဓိကအားဖြင့် မြေကြီးများဖယ်ရှားခြင်းနှင့် ပွဲနေသော၊ မန်းနေသောနှင့် ရောဂါဖြစ်နေသောချင်းအစိတ်အပိုင်းများကို ဓားဖြင့်ဖယ်ရှားခြင်းတို့ပါဝင်သည်။ သူတို့သည် ကုန်လှောင်ရုံအတွင်း ချင်းပုံများ သို့မဟုတ် အိတ်များကြားကျဉ်းကျပ်သောနေရာများတွင်သော်လည်းကောင်း၊ ကုန်လှောင်ရုံပြင်ပ လမ်းဘေး၌သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ သူတို့သည် တစ်နေ့ လျှင် ပျမ်းမျှ ၈ နာရီခန့် အလုပ်လုပ်ရသည်။ တွေ့ မြင်ခဲ့ရသော အဓိကကျသည့် လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ပျက်စီး ဆုံးရှုံးနိုင်ခြေများ (risks) မှာ အောက်ပါအတိုင်းဖြစ်သည်။

**ဇီဝခန္ဓာပိုင်းဆိုင်ရာ/ဓာတုပစ္စည်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (Biological/ Chemical risk)**

ညစ်ညမ်းမှု၏ရင်းမြစ်များ တွင် (၁) စီးကရက်မီးခိုး (၂) ဖုန် (၃) ရေငြိမ် (standing water) သို့မဟုတ် ဖုန်/မြေကြီး တွင် တဖြည်းဖြည်းပွားများလာ သော မှိုညိုစိမ်း၊ မျိုးဆဲလ်၊ မှိုရောဂါနှင့်ဘက်တီးရီးယားများ နှင့် (၄) ကုန်တင်ကားအိပ်ဇောမှထွက်လာသော ဂတ်စ်များနှင့် အမှုန့်များနှင့် အခြားသောညစ်ညမ်းစေသောအရာများ ပါဝင်သည်။ အဆိုပါညစ်ညမ်းစေသောအရာများသည် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေနိုင်သည်။ သွားရောက်လေ့လာခဲ့သောကုန်လှောင်ရုံအများစုတွင်လုံလောက်သောပြတင်းပေါက်များနှင့် လေဝင်လေထွက်စနစ်များ မရှိပေ။

**သက်တောင့်သက်သာမရှိသောအလုပ်လုပ်ကိုင်မှုဝန်းကျင် အဆင်အပြင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (ergonomic risks)** အလုပ်သမားများသည် ကြမ်းပြင်ကို သူတို့၏အလုပ်စားပွဲအဖြစ် အသုံးပြုသည်။

ဆောင့်ကြောင့်ထိုင် သို့မဟုတ် ဖင်ထိုင်ချသောအနေအထားဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်သည်။ ကောင်းမွန်မှုမရှိသော ကိုယ်ဟန်အနေအထားများဖြင့် အလုပ်လုပ်ကိုင်ခြင်းက ကြွက်သားနှင့်အရိုးအဆစ်ရောဂါဝေဒနာများ (အထူးသဖြင့် ကျောဝေဒနာ) ဖြစ်စေနိုင်သည်။

**ချော်လဲခြင်းနှင့် ခလုပ်တိုက်လဲခြင်း** လုပ်ငန်းခွင်သည် ကြမ်းပြင်ပေါ်မှ ချင်းနှင့်အခြားထွက်ကုန်များဖြင့် ရှုပ်ပွနေသည်။ ယင်းတို့သည် ခလုပ်တိုက်လဲခြင်းနှင့် ချော်လဲခြင်း ဘေးအန္တရာယ်များကို ဖြစ်ပေါ်စေသည်။ အလုပ်သမားများသွားလာရန် ရှင်းလင်းသောလမ်းကြောင်းများလည်းမရှိပေ။ အလုပ်သမားများကလည်း သင့်လျော်သောဖိနပ်များကို မစီးကြချေ။

**ဖြတ်တောက်သောကိရိယာများ** ချင်းများလှီးဖြတ်ရန်အတွက် ဓားအသုံးပြုခြင်းက ထိခိုက်ဒဏ်ရာများ ဖြစ်စေနိုင်သည်။

## *ဘေးအန္တရာယ်ဖြစ်ပွားလွယ်မှု*

ချင်းရွေးခြင်းနှင့်ချင်းဆေးခြင်းအလုပ်များမှာ ရာသီအလိုက်လုပ်ကိုင်ရသောအလုပ်ဖြစ်ပြီး ငှားရမ်းလုပ်ကိုင်စေသည့် အချိန်က ချင်းတူးဖော်ထုတ်ယူသောရာသီနှင့် တိုက်ဆိုင်နေသည်။ သို့သော် အချို့ရောင်းဝယ်ရေးလုပ်ငန်းများသည် ချင်းရွေးသူအနည်းငယ်ကို တစ်နှစ်ပတ်လုံးငှားရမ်းကာ အလုပ်လုပ်ကိုင်စေသည်။ အလုပ်သမားများစွာတို့မှာ ကုမ္ပဏီတစ်ခုနှင့် နှစ်ပေါင်းများစွာလုပ်ကိုင်လာခဲ့ပြီး ဖြစ်သော်လည်း အမြဲတမ်းဝန်ထမ်းအဆင့်ကိုမရသေးပဲ နေ့စားအနေနှင့်သာလုပ်အားခ ပေးချေခြင်းခံရဆဲဖြစ်သည်။ အမှန်ပင် အလုပ်သမားအချို့က သူတို့သည် နေ့စားအလုပ်သမားများအဖြစ် ကုမ္ပဏီနှင့် ငါး နှစ်ကျော်လုပ်ကိုင်လာခဲ့ပြီးဖြစ်ကြောင်း ပြောပြခဲ့ကြသည်။ သူတို့အလုပ်မဆင်းနိုင်လျှင် လုပ်အားခလည်းမရနိုင်ပေ။ အလုပ်သမားများက သူတို့နာမကျန်းဖြစ်လျှင်၊ ကိုယ်ဝန်ဆောင်လျှင်/မီးဖွားလျှင် သို့မဟုတ် အခြားအရေးပေါ်လိုအပ်ချက်များရှိလျှင် ကုမ္ပဏီပိုင်ရှင်များက အကူအညီအထောက်အပံ့အချို့ပေးတတ်ကြောင်းကိုလည်း ပြောပြခဲ့သည်။ အမျိုးသမီးအလုပ် သမားများကိုယ်ဝန်ဆောင်ပါက မီးဖွားရန် ၂ လမှ သုံးလအလိုတွင် အလုပ်ထွက်လေ့ရှိကြောင်း ပြောဆိုတင်ပြမှုလည်းရှိနေ ခဲ့သည်။ သူတို့၏စွမ်းဆောင်ချက်နှင့်ဆက်ဆံရေးများ ကောင်းမွန်ပါက နဂိုမူလအလုပ်ရှင်ထံသို့ပြန်လည်သွားရောက်လုပ် ကိုင်နိုင်သည်ဟူ၏။

သီအိုရီအရ ရောင်းဝယ်ရေးလုပ်ငန်းများသည် ပြန်လည်ပြင်ဆင်ရေးဆွဲထားသော ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေတွင် အကျုံးဝင်သည့်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသည်။ ထိုဥပဒေတွင် အလုပ်ချိန်နာရီများ၊ လုပ်ခငွေကြေးပေးခြင်းနှင့် OSH တို့နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများပါဝင်သည်။ သို့သော်လည်း ပိုင်ရှင်များရော အလုပ်သမားများကပါ အဆိုပါဥပဒေနှင့် ၎င်း၏ပြဋ္ဌာန်းချက်များကို သိမြင်နားလည်ခြင်းမရှိကြောင်း တွေ့မြင်ရသည်။ ချင်းရွေးသူများနှင့်ချင်းဆေး သူများတို့၏ သေချာရေရာမှုမရှိသောအလုပ်လုပ်ကိုင်အခြေအနေများက လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များနှင့် ၎င်း၏ နောက်ဆက်တွဲအကျိုးဆက်များကို ပိုမိုဖိတ်ခေါ်နေသည်။

ယေဘုယျအားဖြင့် လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) ရန်မှ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အကာအကွယ်ပေးရေး အခြေခံလုပ်ဆောင်ချက်များပင် မရှိပေ။ အလုပ်နှင့်ဆိုင်သောထိ ခိုက်ဒဏ်ရာရမှုများနှင့်ရောဂါရမှုများကို ကြိုတင်ကာကွယ်တားဆီးရန် ရည်ရွယ်ပြီး အသိဉာဏ်ဆိုင်ရာဦးဆောင်ဦးရွက်ပြု လှုပ်ရှားဆောင်ရွက်မှုများ (Conscious initiatives) ကို အကောင်အထည်ဖော်ခဲ့ခြင်းမျိုးလည်း မရှိပါချေ။ ကြားခံဆောင် ရွက်သူများ (intermediaries) နှင့် အလုပ်သမားများသည် ဘေးအန္တရာယ်များ (hazards)၊ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) ၊ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစောင့်ရှောက်မှု၊ စုပေါင်းကာကွယ်ခြင်းနှင့် တစ်ကိုယ်ရည်ကာကွယ်ခြင်းတို့နှင့် သက်ဆိုင်သည့် အခြေခံအသိအမြင်ဗဟုသုတများလည်း မရှိပေ။

## *အလိုက်သင့်ရင်ဆိုင်နိုင်စွမ်း (Coping)*

ချင်းဆေးသူများနှင့်ချင်းရွေးသူများသည် SSB ထံတွင်မှတ်ပုံတင်ထားခြင်းမရှိပေ။ လူမှုဖူလုံရေးဥပဒေတွင် အကျုံးမဝင်သော အခစားအလုပ်သမားများသည် ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးအက်ဥပဒေအရ လုပ်ငန်းခွင်ဆိုင်ရာရောဂါ သို့မဟုတ် အလုပ်တွင်ထိခိုက်မှု ဖြစ်ပွားလျှင်လျော်ကြေးငွေတောင်းခံနိုင်သည်။ အလားတူစွာပင် ယေဘုယျအားဖြင့် အလုပ်သမားများသည် အလုပ်သမားလျော်ကြေးဥပဒေအရ လျော်ကြေးငွေတောင်းခံလျှောက်ထားရန်အတွက် အခက်အခဲ များနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ အချုပ်ဆိုရလျှင် ချင်းပံ့ပိုးရောင်းချရေးကွင်းဆက် (supply chain) အတွင်းမှ အလုပ်သမား အများစုသည် လူမှုဖူလုံရေးမှ အကျိုးအမြတ်မခံစားရပေ။

ရောဂါရမှုများ သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုများဖြစ်ပွားပါက ကုန်ကျစရိတ်များအတွက် အကူအညီပေးသည့် အနေနှင့် ကုန်သည်များက ၎င်းတို့၏သဘောဆန္ဒအလျောက် ချင်းဆေးသူများနှင့်ချင်းရွေးသူများအား ရုပ်ဝတ္ထုပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအနေဖြင့်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း အထောက်အပံ့များ ပေးအပ်သည်။ ကိစ္စရပ်အများစုတွင်မူ ချင်းဆေးသူနှင့်ချင်းရွေးသူများသည် မိသားစု နှင့်/ သို့မဟုတ် ရမ်းကုများသိရှိသော အိမ်တွင်းဆေးမြီးတိုကုထုံးများအားလုံးကို အကုန်အစင်အသုံးပြုကြသည်။

## ၃.၁.၄။ အလုပ်ရုံအလုပ်သမားများ

ချင်းများကိုပင်လယ်ရပ်ခြားတင်ပို့ရန်အတွက် ချင်းတူးဖော်ထုတ်ယူပြီးနောက်ပိုင်းလုပ်ငန်းဆောင်ရွက်ချက်များ (post-harvest operatons) ကို ချင်း အဆင့်မြှင့်တင်ပြုပြင်သူများ (processors) များက အလုပ်ရုံများတွင် လုပ်ကိုင်ဆောင်ရွက်သည်။

### *ဘေးအန္တရာယ်များနှင့်ထိတွေ့မှု*

ချင်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားတင်ပို့သူများ (processors-exporters) ၏ အလုပ်ရုံများအတွင်းရှိ ချင်းတူးဖော်ထုတ်ယူပြီးချိန်နောက်ပိုင်း လုပ်ငန်းဆောင်ရွက်ချက်များ (post-harvest operations) များတွင် အောက်ပါလုပ်ငန်းစဉ်များပါဝင်သည်။ လူအားဖြင့်ချင်းရွေးခြင်း၊ ဖိအားမြင့်ရေဖြင့်ဆေးကြော သန့်စင်ခြင်း၊ ဓားဖြင့်တိဖြတ်ခြင်း၊ ဓာတုဆေးရည်အတွင်း ထည့်စိမ်ခြင်း၊ အခြောက်ခံခြင်းနှင့်ထုပ်ပိုးခြင်း တို့ဖြစ်သည်။ အခွံမပါသောချင်းခြောက်ပြုလုပ်ရန်အတွက် အမြစ်များကို ရေထဲတွင်ထည့်ပြုတ်နိုင်သည်။ အခွံများကိုဖယ်ရှားရန်အတွက် အခွံနွာခြင်း သို့မဟုတ် ခြစ်ထုတ်ခြင်းကိုလည်းပြုလုပ်သည်။ အလုပ်ရုံအလုပ်သမား အဓိကအမျိုးအစားနှစ်မျိုးရှိသည်။ (၁) ချင်းဆေးသူများ/ချင်းရွေးသူများ/ချင်းသန့်စင်သူများ - အဓိကအားဖြင့် အမျိုးသမီးများဖြစ်ပြီး နေ့စား သို့မဟုတ် ရာသီအလိုက်လုပ်ကိုင်သောအလုပ်သမားများဖြစ်သည် (၂) စက်(လှီးဖြတ်စက်) မောင်းသူများ - အဓိကအားဖြင့် အမျိုးသားများဖြစ်ပြီး အမြဲတမ်းအလုပ်သမားများဖြစ်သည်။ တွေ့မြင်ခဲ့ရသော အဓိကကျသည့် လုပ်ငန်းခွင့်ဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ (risks) များကို ထိခိုက်ပျက်စီးဆုံးရှုံးစေသောအကြောင်းတရားများ (risk factors) နှင့် ထိခိုက်ပျက်စီးနိုင်ခြေသဘောသဘာဝ တို့အပေါ် မူတည်ပြီး အမျိုးအစားခွဲခြားထားသည်။

**ဇီဝခန္ဓာပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (Biological risks)** လေဝင်လေထွက်မကောင်းခြင်းက အလုပ်သမားများအား မြေကြီးများ (ချင်းဆေးစဉ်အတွင်း) နှင့် ဖုန်မှုန့်များ (လှီးဖြတ်စက်မောင်းနှင်ခြင်းမှ) နှင့် ပိုမိုထိတွေ့စေသည်။

**ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (Physical risks)** စက်မောင်းသူများသည် လက်-လက်မောင်း/ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါမှုများကို ထိတွေ့ခံစားရသည်။ လှီးဖြတ်စက်များတွင် တုန်ခါမှုလျှော့ချပေးသည့်ချပ်ပြားများ ထည့်သွင်းတပ်ဆင်ထားခြင်းမရှိပေ။ ချင်းတူးဖော်ထုတ်လုပ်မှုအများဆုံးရာသီချိန်ခါတွင် စက်မောင်းသူများက (တစ်ခါတစ်ရံ ရှစ်နာရီကျော်) ဆက်တိုက်အလုပ်လုပ်ကိုင်ဆောင်ရွက်ရသည်။ သူတို့သည် ကျယ်လောင်သောဆူညံသံနှင့်လည်းထိတွေ့နေရပြီး ယင်းသည် အကြားအာရုံချို့ယွင်းမှုကိုဖြစ်ပေါ်စေနိုင်သည်။ စက်မောင်းသူများသည် တစ်ကိုယ်ရည်ကာကွယ်ရေးကိရိယာများကိုအသုံးမပြုပေ။ ချင်းဆေးသူများနှင့် ချင်းရွေးသူများအတွက်မူ လုပ်ငန်းခွင်အတွင်းမှမြင့်မားသောအပူချိန်များက အပူဒဏ်ပင်ပန်း နွမ်းနယ်မှု (heat exhaustation) ကို ဖြစ်ပေါ်စေနိုင်သည်။

စက်မှုလုပ်ငန်းခွင်များနှင့်ဆက်နွယ်နေသောအခြားဘေးအန္တရာယ်များကိုလည်း အသေးစိတ်စစ်ဆေးကြည့်ရှုရန်လိုအပ်နိုင်သည် (ဥပမာ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ကိုင်တွယ်အသုံးပြုခြင်း၊ ကုန်စည်ဝန်ထုပ်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ဓာတုပစ္စည်းစီမံခန့်ခွဲမှု စသည်)။

### *ဘေးအန္တရာယ်ဖြစ်ပွားလွယ်မှု (Sensitivity)*

စက်ရုံအလုပ်ရုံများသည် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော အလုပ်ရုံများအက်ဥပဒေတွင် အကျုံးဝင်ပြီး နှစ်စဉ်စစ်ဆေးမှုခံရမည်။ ထိုအက်ဥပဒေ၏ ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များတွင် လုပ်ငန်းခွင်များအတွင်း လေဝင်လေထွက်နှင့် အလင်းရောင်လုံလောက်မှု၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သောဖုန်များနှင့် အခိုးများကို လုပ်ငန်းခွင်များမှဖယ်ရှားခြင်း၊ ပြည့်ကျပ်မှု မရှိစေခြင်း၊ ဘေးကင်းသောသောက်သုံးရေများ ထားရှိပေးခြင်း၊

အလုပ်သမားများအတွက် လုံလောက်သောအိမ်သာများ ထားရှိခြင်းနှင့် သင့်တော်ကောင်းမွန်သော အညစ်အကြေးစွန့်ပစ်မှုစနစ် စသည်တို့ပါဝင်သည်။ အလုပ်သမား ကောင်းကျိုးချမ်းသာရှိစေရေးအတွက် ပြဋ္ဌာန်းချက်များတွင် ရှေးဦးသူနာပြုစုရေးပစ္စည်းကိရိယာများ (facilities)၊ ဆေးကြောသန့်စင်ရေး ပစ္စည်းများ၊ ထမင်းစားရန်အတွက် သန့်ရှင်းသောနေရာတစ်ခု စသည်ဖြင့်ပါဝင်သည်။ အလုပ်ရုံများသည် ၎င်းတို့၏ကြီး ကြပ်ရေးဝန်ထမ်းများအတွက် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းပို့ချပေးသင့်ကြောင်း အလုပ်ရုံများ အက်ဥပဒေတွင် ဆက်လက်ပြဋ္ဌာန်းထားသည်။ အလုပ်သမားစစ်ဆေးရေးဆိုင်ရာ ပြဋ္ဌာန်းချက် များကိုလည်း ထည့်သွင်းထားသည်။ အလုပ်ရုံပိုင်ရှင် သို့မဟုတ် မန်နေဂျာက ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခဲ့လျှင် ဒဏ်ကြေးငွေပေးဆောင်ရနိုင်ပြီး ပြစ်မှုအပေါ်မူတည်၍ ထောင်ဒဏ်ချောက်လအထိလည်း ချမှတ်ခံရနိုင်သည်။ ရှေ့ပိုင်းတွင်ဖော်ပြခဲ့သကဲ့သို့ပင် FGLLID သည် အဓိကအားဖြင့် အလုပ်ရုံစစ်ဆေးမှုနှင့် သင်တန်းပို့ချမှုတို့မှတဆင့် OSH စည်းမျဉ်းစည်းကမ်းများကို ကြပ် မတ်ထိန်းသိမ်းရန် တာဝန်ရှိသော်လည်း OSH အသိပညာပေးခြင်း၊ သင်တန်းပို့ချခြင်းနှင့် စစ်ဆေးမှုပြုလုပ်ခြင်းတို့အတွက် အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ နည်းပါ;နေသည်။ ယေဘုယျအားဖြင့် ကုမ္ပဏီများက အလုပ်သမားများအားလုံးအတွက် ရှေးဦးသူနာပြုဆေးသေတ္တာများ (first aid kit) နှင့် ကျန်းမာသန့် ရှင်းရေးဝန်ဆောင်မှု၊ ပစ္စည်းကိရိယာများ (facilities) ထောက်ပံ့ပေးအပ်ထားသော်လည်း အခြားဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) များကို စီမံခန့်ခွဲမှုမပြုရသေးပေ။ အလုပ်သမားများကို အထက်ဖော်ပြပါဘေးအန္တရာယ်များနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ၏ရန်မှ ကာကွယ်ရန်အတွက် စုပေါင်းအကာအကွယ်ပစ္စည်းကိရိယာများနှင့် တစ်ကိုယ်ရည် အကာအကွယ်ပစ္စည်းကိရိယာများ ပံ့ပိုးပေးအပ်ထားခြင်းမရှိပေ။ အလုပ်ရုံများသည် OSH စီမံခန့် ခွဲမှုစနစ်များကို ရေးဆွဲချမှတ်ရဦးမည်ဖြစ်၏။ ပေါ်ထွက် လာတော့မည့် OSH ဥပဒေအရ OSH စီမံခန့် ခွဲမှုစနစ်ကို မဖြစ်မနေချမှတ် လိုက်နာကျင့်သုံးရမည်ဖြစ်သောကြောင့်ပင်။

အလုပ်သမားများ၏သေချာရေရာမှုမရှိသော အလုပ်ခန့်ထားမှုအခြေအနေများက သူတို့၏ထိခိုက်ပျက်စီး လွယ်မှုအဆင့် (vulnerability) ကို မြင့်တက်စေသည်။ ကုမ္ပဏီများသည် တရားဝင်အလုပ်ခန့်ထားမှု သဘောတူညီချက်စာချုပ်များနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိသည့် အမြဲတမ်းဝန်ထမ်း ၁၀ ဦးမှ ၁၅ ဦးခန့် ပါဝင်သည့် အဓိကအုပ်စုတစ်စုကို အလုပ် တာဝန်ပေးခန့် အပ်ထားသည်။ သို့သော် အခြားအလုပ်သမားများမှာမူ အဆိုပါအကျိုးခံစားခွင့်များကို မရရှိကြပေ။ ချင်းဆေးသူများ၊ ချင်းရွေးသူများနှင့် ချင်းသန့်စင်သူများကို တူးဖော်နုတ်ယူမှု အများဆုံးပြုလုပ်သောရာသီချိန်ခါတွင် တစ်လမှသုံးလခန့် ငှားရမ်းလုပ်ကိုင်စေသည် သို့မဟုတ် နေ့စားအဖြစ်ငှားရမ်းလုပ်ကိုင်စေသည်။ သူတို့သည် လူမှုဖူလုံရေး ဆိုင်ရာ မည်သည့်အကျိုးခံစားခွင့်ပုံစံ (လုပ်ခလစာရသောအားလပ်ရက်များ၊ မကျန်းမာမှု သို့မဟုတ် မီးဖွားမှုအတွက် ခွင့် ရက်များ) ကိုမျှ မရရှိကြပေ။

## *အလိုက်သင့်ရင်ဆိုင်နိုင်စွမ်း (Coping)*

ထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ် ရောဂါရမှုများဖြစ်ပွားပါက အမြဲတမ်းအလုပ်သမားများက လျော်ကြေးငွေ တောင်းခံနိုင်သည်။ သို့သော် ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်၏ ရာခိုင်နှုန်းအများစုကို အလုပ်သမားများကသာ ကျခံနေရဆဲဖြစ်သည်။ ကုမ္ပဏီများသည် ဆေးဝါးကုသမှုအသုံးစရိတ်များပေးချေရန် အကူအညီပေးသည့်အနေနှင့် သဘောဆန္ဒ အလျောက် ထည့်ဝင်ကျခံပေးနိုင်သည်။ လုပ်ငန်းခွင်ဆိုင်ရာရောဂါနှင့် အလုပ်တွင်ထိခိုက်မှုဖြစ်ပွားချိန်တွင် ကုမ္ပဏီများမှ ငွေရေးကြေးရေးအထောက်အပံ့များပေးအပ်မှုမှာ ကုမ္ပဏီပိုင်ရှင်များ၏ ရက်ရောသဘောထားကြီးမှုအပေါ်တွင် မူတည်သည်။



# ၃.၂။ ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများ

ချင်းတန်ဖိုးမြင့်ကွင်းဆက်အတွင်းရှိ OSH တိုးတက်ကောင်းမွန်ရေးအတွက်မောင်းနှင်အားများနှင့်အဟန့်အတားများအပြင် ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ (vulnerability profiles) ကို ထည့်သွင်းစဉ်းစားသုံးသပ်ကာ တန်ဖိုးမြင့်ကွင်းဆက်၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် OSH ရလာဒ်အခြေများကို တိုးတက်ကောင်းမွန်စေရန်အတွက် ရည်မှန်းချက်အမြောက်အမြားချမှတ်နိုင်သည်။ မြန်မာနိုင်ငံချင်းလုပ်ငန်းသည် ၂၀၂၀ ခုနှစ်ရောက်ချိန်တွင် ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ အရှေ့အလယ်ပိုင်းဒေသနှင့် ကနေဒါနိုင်ငံတို့၏ ချင်းစိမ်းနှင့် အဆင့်မြင့်တင်ပြုပြင်ထားသောချင်း (processed ginger) စျေး ကွက်များတွင် ခိုင်ခိုင်မာမာပါဝင်ဆောင်ရွက်နိုင်ရန် မျှော်လင့်နေသည်။ တန်ဖိုးမြင့်ကွင်းဆက်၏လုပ်ငန်းများအားလုံးတွင် OSH အားပေါင်းစပ်ထည့်သွင်းခြင်းက သတ်မှတ်ထားသော အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု၊ အော်ဂဲနစ်၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုကို တိုးတက်ကောင်းမွန် စေနိုင်သည်။ သို့ဖြစ်ရာ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးဟူသော မြန်မာ့ချင်းလုပ်ငန်း၏ မျှော်မှန်းချက်ပါ အဓိကကျသော အစိတ်အပိုင်းတစ်ရပ်မှာ အောက်ဖော်ပြပါလုပ်ဆောင်ချက်များဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသောလုပ်ငန်းခွင် များဖန်တီးရေးပင်ဖြစ်သည်။

(၁) တန်ဖိုးထပ်ပေါင်းမှုကိုမြင့်တက်စေပြီး တစ်ကမ္ဘာလုံးဆိုင်ရာတန်ဖိုးမြင့်ကွင်းဆက်များတွင် ရှမ်းပြည်နယ်တောင်ပိုင်း မြန်မာ့ချင်းလုပ်ငန်း၏ အကျိုးအမြတ်ရသော ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးကူညီပေးနိုင်မည့်နည်းလမ်း များဖြင့် OSH ကို ပင်မအကျင့်အကြံများတွင် ပေါင်းစပ်ထည့်သွင်းခြင်းနှင့်

(၂) အလုပ်သမားများကို လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများ၊ ကြိုတင်ကာကွယ်ရေး၊ မြှင့်တင်ရေးနှင့် ကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ရေးဝန်ဆောင်မှုများနှင့် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေးတို့ကို လက်လှမ်းမီရရှိနိုင်အောင် ပံ့ပိုးကူညီခြင်း။

ဤအပိုင်းတွင် စီစဉ်ထားသော ပါဝင်ဆောင်ရွက်မှု မဟာဗျူဟာများကို ချင်းတန်ဖိုးမြင့် ကွင်းဆက်အတွင်း OSH စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေမည့်ချဉ်းကပ်လုပ်ဆောင်ပုံနည်းလမ်းများနှင့်အတူ ယှဉ်တွဲဖော်ပြထားသည်။ OSH စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်မှုက ပင်လယ်ရပ်ခြားပို့ကုန်စျေးကွက်များအတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်သည်။

## *အော်ဂဲနစ်သွင်းအားစုများထုတ်လုပ်နိုင်ရန်အတွက် နယ်မြေဒေသတွင်းစွမ်းဆောင်ရည်များအားကောင်းခိုင်မာလာအောင် ပံ့ပိုးကူညီပြီး ၎င်းသွင်းအားစုများအား သင့်လျော် မှန်ကန်စွာအသုံးပြုမှုနှင့်ပတ်သက်၍ အကြံပေးပါ။*

ပစ္စည်းရှိခြင်း၊ သွားရောက်ဝယ်ယူရန်ဖြစ်နိုင်ခြင်းနှင့် ဝယ်ယူရန်ငွေကြေးတတ်နိုင်ခြင်းတို့က အော်ဂဲနစ်သွင်းအားစုများ အသုံးပြုရန် တောင်သူများကို ဆွဲဆောင်အားပေးနိုင်သည့်အဓိက အကြောင်းတရားများဖြစ်သည်။ အောက်တွင်ဖော်ပြထားသော စီစဉ်ထားသည့်လုပ်ဆောင်ချက်များက ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရောင်းလိုအားတစ်ရပ်ကို ဖန်တီးတည်ဆောက်သွားရန် ရည်ရွယ်သည်။ အရည်အသွေးကောင်းမွန်သော မြေဩဇာများကို ချိုသာသောစျေးနှုန်းတစ်ခုဖြင့် ရောင်းချခြင်းဖြစ်ပြီး တပြိုင်တည်းမှာပင် သွင်းအားစုများအား သင့်လျော်မှန်ကန်စွာနှင့် ထိရောက်ကောင်းမွန်စွာအသုံးပြုမှုကို မြှင့်တင်သွားမည် ဖြစ်သည်။



(က) အော်ဂဲနစ်သွင်းအားစုများအတွက် ကျေးရွာအခြေပြု အဆင့်မြှင့်တင်ပြုပြင်ထုတ်လုပ်ရေးစက်ရုံ (processing plant) တစ်ခုတည်ထောင်ခြင်းကို အားပေးကူညီထောက်ပံ့ပါ။

- အရည်အသွေးမြင့် ပရီမီယမ်အော်ဂဲနစ်မြေသြဇာများကို အသေးစားလယ်ယာမြေပိုင်ရှင်များတတ်နိုင်မည့်စျေးနှုန်း တစ်ခုဖြင့်ထုတ်လုပ်ပါ (ဘေးအန္တရာယ်များသော ဓာတုသွင်းအားစုများအသုံးပြုမှုကို အလုံးစုံဖယ်ရှားရန်နှင့် အော် ဂဲနစ်စိုက်ပျိုးရေးဆီသို့ရွှေ့ ပြောင်းမှုအတွက် လိုအပ်သောအခြေခံအုတ်မြစ်များ တည်ဆောက်ပေးရန်ဖြစ်သည်)။
- လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကို မြေဆွေးအဖြစ်ပြောင်းလဲခြင်းမှတဆင့် အစိုင်အခဲစွန့်ပစ်ပစ္စည်း စီမံခန့် ခွဲမှု နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချမှုကို ပံ့ပိုးကူညီပါ။
- စီးပွားရေးလုပ်ငန်းတွင် ပူးပေါင်းပိုင်ဆိုင်သူများ၊ စွန့်ပစ်ပစ္စည်းကောက်သူများ၊ အလုပ်သမားများအဖြစ် ပါဝင်စေခြင်းမှတဆင့် တောင်သူအိမ်ထောင်စုများအတွက် ဝင်ငွေရရှိနိုင်မည့်အခွင့်အလမ်းသစ်များ ဖန်တီးပါ။
- တောင်သူများနှင့် လယ်ယာမြေအလုပ်သမားများအတွက် တရားဝင်ဖြစ်သောအလုပ်ခန့်ထားမှုအတွင်း သို့ဝင်ရောက်နိုင်မည့်အခွင့်အလမ်းများ ပေးအပ်ပါ။

(ခ) အော်ဂဲနစ်သွင်းအားစုများအတွက် အစစ်အမှန်ဝယ်လိုအားများကို လှုံ့ဆော်အားပေးပါ။ အချို့တောင်သူများက အော်ဂဲနစ် ပိုးမွှားထိန်းချုပ်ရေးနည်းဗျူဟာများကို လိုက်နာကျင့်ကြံဆောင်ရွက်ရန် ဆုံးဖြတ်ရွေးချယ်ခဲ့လျှင်ပင် ပတ်ဝန်းကျင်အနီး အနားမြေယာများအတွင်း ပိုးသတ်ဆေးများအသုံးပြုခြင်းက သူတို့အပေါ် အကျိုးသက်ရောက်နေမည်ဖြစ်သည်။[58] သို့ဖြစ်ရာ အော်ဂဲနစ်သို့ကူးပြောင်းရေးဖြစ်စဉ်တွင် အားလုံးတစ်ပြိုင်နက်လုပ်ဆောင်ကြရန် တောင်သူများကို အားပေးတိုက်တွန်းရန်လိုအပ်သည်။ အဆင့်မြှင့်တင်ပြုပြင် ထုတ်လုပ်ရေးစက်ရုံ (processing plant) ၏ ဘဏ္ဍာရေးဆိုင်ရာရှင်သန်ရပ်တည်နိုင်မှုအတွက်သက်သက်မဟုတ်ပဲ အော်ဂဲနစ်စိုက်ပျိုးရေးပရိုတိုကောများကိုလိုက်နာကျင့်ကြံဆောင်ရွက်ရန် ရွေးချယ်ခဲ့သူတို့၏အသက်မွေးဝမ်း ကျောင်းမှုများကို အကာအကွယ်ပေးရန်အတွက်လည်းဖြစ်သည်။

(ဂ) မြေလေ့လာဆန်းစစ်မှုကို သွင်းအားစုထည့်သွင်းမှုအတွက် အခြေခံရမည့်အရာအဖြစ်အသုံးပြုခြင်း အပါအဝင် သွင်းအားစုများကို ထိရောက်စွာနှင့် အလေအလွင့်မရှိအောင်အသုံးပြုခြင်းနှင့် ဘေးကင်းလုံခြုံစွာကိုင်တွယ် အသုံးပြုခြင်းတို့ကို အားပေးမြှင့်တင်ပါ။ အော်ဂဲနစ်သွင်းအားစုများအသုံးပြုမှု အားပေးမြှင့်တင်ခြင်းကို ဝန်ဆောင်မှုများတိုးမြှင့်ချဲ့ထွင်ခြင်းနှင့်အတူ ယှဉ်တွဲလုပ်ဆောင်ရမည်။ သွင်းအားစုများတွင် မြေကြီး၏လိုအပ်ချက်များနှင့်ကိုက်ညီသော မှန်ကန်သောပေါင်းစပ်မှုအချိုး အစားရှိစေရန်၊ သွင်းအားစုများကို စိုက်ပျိုးရာသီစက်ဝန်းအတွင်းမှ အကောင်းဆုံးအချိန်တွင် ပမာဏမှန်ကန်စွာ ထည့်သွင်းနိုင်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ပရိုတိုကောများကို တောင်သူများနှင့် လယ်ယာမြေအလုပ်သမားများ အမှန်တကယ် လိုက်နာကျင့်ကြံ ဆောင်ရွက်စေရန်ရည်ရွယ်သော ဝန်ဆောင်မှုများကိုဆိုလိုသည်။

## *OSH ဆိုင်ရာအကြံပေးရေးဝန်ဆောင်မှုများပေးအပ်မှုတွင် သွင်းအားစုကုမ္ပဏီများကို ထောက်ပံ့ကူညီရန် အတွက် အင်စတီကျူးရှင်ဆိုင်ရာစွမ်းဆောင်ရည်ကို အားကောင်း ခိုင်မာအောင်လုပ်ဆောင်ပါ။*

သွင်းအားစုလက်လီရောင်းချသူများနှင့် သွင်းအားစုထုတ်လုပ်သူများ၏ ဝန်ဆောင်မှုပေးရေး ကိုယ်စားလှယ်များသည် အလုပ်သမားများကို ဘေးအန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သောအလုပ်လုပ်ကိုင်မှုအကျင့်အကြံများ (အထူးသဖြင့် ဓာတုပစ္စည်းများအသုံးပြုခြင်းဆိုင်ရာအကျင့်အကြံများ) နှင့် ပတ်သက်၍ အကြံပေးခြင်းဖြင့် အပြောင်းအလဲ၏ကိုယ်စား လှယ်များဖြစ်လာနိုင်သည်။ လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များ (hazards) နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (risks) တို့ကို ကိုင်တွယ်ဖြေရှင်းရာတွင် အသိအမြင်ဗဟုသုတနှင့် သတင်းအချက်အလက်တို့သည် လုပ်ဆောင်ချက်အတွက် ကနဦးလို အပ်ချက်များဖြစ်သည်။ အစိုးရအေဂျင်စီများ (အထူးသဖြင့် MoALI) နှင့် သွင်းအားစုကုမ္ပဏီများသည် သွင်းအားစုလက်လီ ရောင်းချသူများကို OSH

58 Wilson, C.; Tisdell, C. 2001. "(သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ရေရှည်တည်မြဲစေမှုဆိုင်ရာ ကုန်ကျဆုံးရှုံးမှုများရှိနေသည့်တိုင် တောင်သူလယ်သမားများက အဘယ့်ကြောင့် ပိုးသတ်ဆေးများကို ဆက်လက်သုံးစွဲနေရသနည်း) Why farmers continue to use pesticides despite environmental, health and sustainability costs", in Ecological Economics, Vol. 39. No. 3, pp.449–462; doi:10.1016/S0921-8009(01)00238-5

သတင်းအချက်အလက်ပေးအပ်မှုတွင် ဦးဆောင်လမ်းညွှန်နိုင်သည်။ သို့သော် ထိုသူတို့တွင် စွမ်းဆောင်ရည် အကန့်အသတ်ရှိနေပြီး အလုပ်သမားများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင် ဗဟုတုသများလည်း နည်းပါးသည်။ အောက်တွင်အနှစ်ချုပ်ဖော်ပြထားသောလုပ်ဆောင်ချက်များသည် OSH နှင့်ပတ်သက်သော လက်တွေ့အသုံးပြုနိုင်သည့် သတင်းအချက်အလက်များကို (အလုပ်သမားများထံဖြန့်ဝေ ပေးအပ်နိုင်မည့်ပုံစံများဖြင့်) ပေးအပ်နိုင်ရန်အတွက် အစိုးရအေဂျင်စီများနှင့် သွင်းအားစုထုတ်လုပ်သူများအသင်း တို့၏စွမ်းဆောင်ရည်ကို တည်ဆောက်သွားရန် ဦးတည်ရည်ရွယ်သည်။

(က) သွင်းအားစုလက်လီရောင်းချသူများနှင့် ဝန်ဆောင်မှုပေးရေး ကိုယ်စားလှယ်များအတွက် OSH သင်တန်း သင်ရိုးပိုင်းများရေးဆွဲခြင်းနှင့် ရှေ့ပြေးစမ်းသပ်အကောင်အထည်ဖော်ခြင်းလုပ်ငန်းတွင် MoALI ကိုပံ့ပိုးကူညီပါ။ ထိုသင်ရိုးပိုင်းကို လုပ်ငန်းလိုင်စင်များပြန်လည်သက်တမ်းတိုးခြင်းအတွက် လိုအပ်သည့်သင်တန်းတွင် ပေါင်းစပ် ထည့်သွင်းနိုင်သည်။ သင်ရိုးပိုင်းတွင် အနည်းဆုံးအနေနှင့် အရာဝတ္ထုပစ္စည်း၏ဘေးအန္တရာယ် ကင်းရှင်းမှု အချက်အလက်စာရွက်များ (material safety data sheets)ကို နားလည်သဘောပေါက်ခြင်း၊ တားမြစ်ပိတ်ပင် ထားသောပိုးသတ်ဆေးများ၊ ရောစပ်သည့်အချိန်မှ ယာမြေထဲပြန်လည်ဝင်ရောက်ချိန်အထိ ပိုးသတ်ဆေးကို ဘေးကင်းလုံခြုံစွာ ကိုင်တွယ်အသုံးပြုခြင်း၊ ဖြေဆေးများနှင့် ရှေးဦးသူနာပြုစုရေး တို့ပါဝင်သင့်သည်။

(ခ) သွင်းအားစုလက်လီရောင်းချသူများထံသို့ဖြန့်ဝေပေးအပ်သော OSH သတင်းအချက်အလက်၊ ပညာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အရာဝတ္ထုပစ္စည်းများ (IEC) ကို အဆင့်မြှင့်တင်ခြင်းနှင့် တိုးမြှင့်ချဲ့ ထွင်ခြင်းလုပ်ငန်းတွင် MoALI အား ပံ့ပိုးကူညီပါ။

(ဂ) ရှိရင်းစွဲမိုဘိုင်းအပလီကေးရှင်းများမှတဆင့် ဖြန့်ဝေပေးအပ်ရန်အတွက် OSH သတင်း အချက်အလက်များကို ပုံစံ (formats) အမျိုးမျိုးဖြင့် ရေးဆွဲဖန်တီးခြင်းကို ပံ့ပိုးကူညီပါ။ ရှမ်းပြည်နယ် တောင်ပိုင်းရှိ ချင်းစိုက်တောင်သူများ ၏ ၄၀% မှ ၅၀% ခန့်တွင်သာ ဆဲလ်ဖုန်း/မိုဘိုင်းဝန်ဆောင်မှုများ ရှိသော်လည်း ဤလုပ်ဆောင်ချက်က ရှမ်းပြည်နယ် ပြင်ပမှ ချင်းစိုက်တောင်သူများနှင့် အခြားသော စိုက်ပျိုးရေး အလုပ်သမားများထံသို့ စီမံကိန်း၏ ဆန့်တန်း ရောက်ရှိနိုင်မှုကို ချဲ့ထွင်ပေးနိုင်သည်။

(ဃ) အလုပ်နှင့်ဆိုင်သော ထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများကို စောင့်ကြပ်လေ့လာစစ်ဆေးနိုင်ရန် (monitor) အတွက် FGLLID နှင့် အခြားသက်ဆိုင်ရာအေဂျင်စီများ၏ စွမ်းဆောင်ရည်ကို အားကောင်းခိုင်မာ အောင်လုပ်ဆောင်ပါ။ သဘောသဘာဝအလိုက်၊ အမျိုးအစားအလိုက် ခွဲခြားဖော်ပြထားသည့် လုပ်ငန်းခွင်ထိခိုက် ဒဏ်ရာရမှုများနှင့် ရောဂါရမှုများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပေးအပ်နိုင်မည့် စွမ်းဆောင် ရည်ရှိသော၊ ကောင်းမွန်သော စောင့်ကြပ်လေ့လာစစ်ဆေးရေးစနစ်တစ်ရပ်သည် ကြိုတင်ကာကွယ်တာဆီး ရေးနည်းလမ်းများ ရေးဆွဲချမှတ်နိုင်ရန်အတွက် အစိုးရအား (ချင်းကဏ္ဍကိုလည်း) အကူအညီပေးနိုင်သည်။ ချင်းကဏ္ဍအတွင်းမှ ထိခိုက်ဒဏ်ရာရမှုများနှင့် ရောဂါရမှုများအား အချိန်မီနှင့် ပုံမှန်လေ့လာဆန်းစစ်မှုက OSH အသိပညာပေးစည်းရုံးလှုံ့ဆော်မှုများ စီစဉ်ရေးဆွဲချမှတ်နိုင်ရန်နှင့် အလိုက်သင့်ပြင်ဆင်ပြောင်းလဲနိုင်ရန်အတွက် FGLLID နှင့် MoALI တို့ ကို ကူညီပေးလိမ့်မည်။

## *OSH ဆိုင်ရာအသိပညာပေးစည်းရုံးလှုံ့ဆော်မှုများနှင့် သင်တန်းပို့ချမှုများ ပြုလုပ်ရန်အတွက် နယ်မြေဒေသ တွင်းစွမ်းဆောင်ရည်ကို တည်ဆောက်ပါ။*

လေ့လာမှုတွင်ဖော်ပြခဲ့သကဲ့သို့ပင် တောင်သူများမှာ ယေဘုယျအားဖြင့် အလုပ်လုပ်ကိုင်မှုဘေးအန္တရာယ်များ ကို နားလည်သိမြင်ကြသော်လည်း ကြိုတင်ကာကွယ်တားဆီးရေးနည်းလမ်းများအကြောင်း အသိအမြင်ဗဟုသုတ မရှိပေ။ ထို့အတူ OSH အကြောင်း သင်တန်းများပို့ချရန်အတွက် တာဝန်နှင်းအပ်ခံရသော အစိုးရအေဂျင်စီများတွင် စိုက်ပျိုးရေး ကဏ္ဍအတွင်းမှ OSH နှင့်ပတ်သက်၍ လက်တွေ့ဗဟုသုတများနှင့်အတွေ့အကြုံများမရှိပါချေ။ ရှိရင်းစွဲ OSH ဥပဒေ များက ကုန်ထုတ်လုပ်ရေးကဏ္ဍအပေါ်တွင်သာ အလေးပေးအာရုံစိုက်ခြင်းကြောင့် ဖြစ်သည်။ နယ်မြေဒေသတွင်းမှကောင်းမွန်သော အကျင့်အကြံများအပေါ်တွင်တည်ဆောက်သည့် အားလုံးပါဝင်သော လုပ်ဆောင်ချက်ခြေလှမ်းများသည် နယ်မြေဒေသ တွင်းလုပ်ဆောင်နိုင်မည့် ကုန်ကျစရိတ်နည်းပါးသော ရွေးချယ်စရာအကျင့်အကြံများအပေါ် အလေးပေးအာရုံစိုက်ခြင်းဖြင့် လုပ်ငန်းခွင်တိုးတက်ကောင်းမွန်မှုများဆီသို့ဦး တည်စေနိုင်သည်။ နယ်မြေဒေသအလိုက် ချိန်ညှိပြင်ဆင်ထားသော လုပ်ဆောင်ချက်ကိရိယာစု (toolkits) အား ရေးဆွဲဖန်တီးမှုနှင့် အသုံးပြုမှုသည် နယ်မြေဒေသ၏အခြေအနေတစ်ခုချင်း စီတွင် အဆိုပါတိုးတက်ကောင်းမွန်မှု

များဖြစ်ပေါ်လာအောင် ပံ့ပိုးကူညီရာ၌ အဓိကကျသောအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်သည်။ [59] အားလုံးပါဝင်သော လုပ်ငန်းစဉ်တစ်ခုမှတဆင့် တောင်သူများနှင့် အခြားသက်ဆိုင်သူများ (stakeholders) ထံတွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၏ ပိုင်ရှင်ဖြစ်သည်ဟူသော ခံစားယုံကြည်မှုတစ်ရပ် ပေါ်ပေါက်လာနိုင်သည်။ ထိုပိုင်ရှင်ဖြစ်မှုခံစားချက်သည် ပြင်ပမှအတင်းအကျပ်ပြဋ္ဌာန်းသောသတ်မှတ်ချက်များဟူသည့် ခံစားချက်တစ်ရပ်ကို ဖယ်ရှားပေးနိုင်ပြီး OSH သတ်မှတ်ချက်များအား နားလည်သိမြင်မှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုတို့တွင် ကွဲပြားခြားနားမှုများကို လျှော့ချပေးနိုင်သည်။

လက်တွေ့ကျပြီး ကုန်ကျစရိတ်နည်းပါးသည့်အပြင် လယ်ယာမြေကုန်ထုတ်စွမ်းအားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကောင်းမွန်သော OSH အကျင့်အကြံများ (အားလုံးပါဝင်သောနည်းလမ်းဖြင့်) ရေးဆွဲဖန်တီးမှုကို ပံ့ပိုးကူညီရန် အတွက် အောက်ပါလုပ်ဆောင်ချက်များကို အဆိုပြုတင်ပြထားသည်။

- ချင်းစိုက်ပျိုးရေးတွင် ကောင်းမွန်သော OSH အကျင့်အကြံများကို အားလုံးပါဝင်သောနည်းလမ်းဖြင့်ရေးဆွဲဖန်တီး ခြင်း/ ချင်းကဏ္ဍ သို့မဟုတ် မြန်မာနိုင်ငံမှတောင်သူများ၏အခြေအနေပေါ်မူတည်ပြီး ILO ၏ WIND toolkits ကို လိုအပ်ချက်နှင့်အညီပြင်ဆင်မွမ်းမံခြင်း
- ရှမ်းပြည်နယ်အတွင်းမှ ပင်မအုပ်စုတစ်စုအတွက် OSH ကြိုတင်ပြင်ဆင်ရေးသင်တန်းပို့ချခြင်း (orientation) - ပင်မအုပ်စုတွင် ချင်းထုတ်လုပ်ရာအဓိကမြို့နယ်များမှ ဦးဆောင်တောင်သူများ/ တိုးတက်နေသောတောင်သူများ ၊ FGLLID ၊ MoALI နှင့် ကျေးလက်ကျန်းမာရေးဌာနများတို့မှ ဝန်ထမ်းများ၊ နယ်မြေဒေသခံပံ့ပိုးကူညီသူများ (facilitator) နှင့် AFFM နှင့် ဘုန်းတော်ကြီးကျောင်းများမှကိုယ်စားလှယ်များ ပါဝင်သည်။
- ချင်းစိုက်ပျိုးရေးအတွက်သီးသန့် ဖြစ်သော ကောင်းမွန်သော OSH အကျင့်အကြံများ ရေးဆွဲဖန်တီးရန်အတွက် ပင်မအုပ်စုနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း
- WIND toolkits များအားလိုအပ်ချက်နှင့်အညီပြင်ဆင်မွမ်းမံမှုတွင် နည်းပညာအထောက်အပံ့ပေးအပ်ခြင်း

WIND အထောက်အပံ့ပေးရေးလုပ်ငန်းလုပ်ဆောင်ချက်များကို အားလုံးပါဝင်သောနည်းလမ်းဖြင့် အလိုက်သင့် ပြင်ဆင်မွမ်းမံကာ ပြန်လည်ရေးဆွဲချမှတ်ပြီးနောက် ဆက်လက်အကောင်အထည်ဖော်ရမည့်လုပ်ဆောင်ချက်များ တွင် အောက်ပါ လုပ်ဆောင်ချက်များ ပါဝင်သည်။

- ဘုန်းတော်ကြီးကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ MoALI၊ FGLLID နှင့် အခြား စိတ်ဝင်စားသော အဖွဲ့အစည်းများ အသုံးပြုနိုင်ပြီး ၎င်းတို့၏ OSH အသိပညာပေး စည်းရုံးလှုံ့ဆော်မှုများတွင် ပေါင်းစပ်ထည့်သွင်းနိုင်မည့် OSH နှင့် လူမှုဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်၊ ပညာရေးနှင့် ဆက်သွယ်ရေး (IEC) ပစ္စည်းများ ရေးဆွဲဖန်တီးခြင်း။ WIND အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ကြိုတင်ကာကွယ်တားဆီးမှုယဉ်ကျေးမှု တစ်ရပ်တည်ဆောက်ရေးဟူသော အန္တိမရည်မှန်းချက်ဖြင့် တောင်သူများအား အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ လက်လှမ်းမီရရှိနိုင်အောင် ပံ့ပိုးကူညီပေးရန် ရည်ရွယ်သည်။ OSH ရလာဒ်အဖြေများနှင့် ကုန်ထုတ်စွမ်းအား များတိုးတက်ကောင်းမွန်စေမည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေမည့် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုတို့ကို ဆိုလိုပေသည်။ သို့ဖြစ်ရာ IEC ပစ္စည်းများသည် ဘေးအန္တရာယ်ကင်းရှင်းသော အမူအကျင့်များအတိုင်း လိုက်နာဆောင်ရွက်ရန်အတွက် တောင်သူများကို လှုံ့ဆော် တိုက်တွန်းရန် ဦးတည်ရည်ရွယ်သင့်ပေသည်။
- OSH မြှင့်တင်ရေးအတွက် တာဝန်နှင်းအပ်ခြင်းခံရသော အစိုးရအေဂျင်စီများမှ အသုံးပြုနိုင်မည့် ကုန်ကျစရိတ် နည်းပါးသောကိရိယာစုများ (toolkits) (အမူအကျင့်ပိုင်းဆိုင်ရာပြောင်းလဲမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အကျင့်အကြံများအားလိုက်နာဆောင်ရွက်မှုတို့ကို ခြေရာကောက်လိုက်လံ စောင့်ကြပ်ကြည့်ရှုပေးမည့်ကိရိယာစု) ရေးဆွဲဖန်တီးခြင်း။ ထိုကိရိယာစု၏ရည်ရွယ်ချက်မှာ အမူအကျင့် အလိုက်သင့်ပြင်ဆင်ပြောင်းလဲနိုင်မှုကင်းမဲ့ခြင်း (behavioural deficits)၊ ဘေးအန္တရာယ်ကင်းသောနှင့် ဘေးအန္တရာယ်ရှိသောအမူအကျင့်များ နှင့် အခြေအနေ အမျိုးမျိုးတွင် မတူခြားနားသောအပြုအမူများဖြစ်ပွား သည့်ကြိမ်နှုန်းတို့ကို လေ့လာဖော်ထုတ်နိုင်အောင် အစိုးရ အေဂျင်စီများအား အကူအညီပေးရန်ဖြစ်သည်။ ထိုသို့ဖြင့် သက်ဆိုင်ရာအစိုးရအေဂျင်စီများသည် ဖြစ်ပေါ်ပြောင်းလဲမှုလမ်းကြောင်းများအား လေ့လာ ကြည့်ရှုကာ မည်သည့်လုပ်ဆောင်ချက်များက အလိုရှိသောအပြောင်းအလဲကို ဆောင်ကြဉ်းပေးနိုင်ကြောင်း ရှင်းရှင်းလင်းလင်းသိမြင်နားလည်နိုင်မည်ဖြစ်ပြီး အခြားနယ်မြေဒေသများနှင့် အခြားသီးနှံများအတွက် ဆင့်ပွား ကူးယူအသုံးပြုနိုင်ပေလိမ့်မည်။

59 Kazutaka, K. 2012. "(အလုပ်ခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကိုမြှင့်တင်ရာ၌ အားလုံးပါဝင်ပိုင်ခွင့်ရှိသော လက်တွေ့ လုပ်ဆောင်ချက်ကိုအလေးပေးသည့်အစီအစဉ်များ၏အခန်းကဏ္ဍများ) Roles of Participatory Action-Oriented Programs in Promoting Safety and Health at Work", in Safety and Health at Work, Vol. 3, No. 3, pp. 155–165 ; doi:10.5491/SHAW.2012.3.3.155.

## *OSH ဝန်ဆောင်မှုများပေးရန်အတွက် ဒေသတွင်းစွမ်းဆောင်ရည်တည်ဆောက်မှုကို Global GAP နှင့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းနှင့် ချိတ်ဆက်ပါ။*

တောင်သူများသည် ယေဘုယျအားဖြင့် ချင်းစိုက်ပျိုးရေး၏အခြေခံအကြောင်းအရာများကို ကောင်းစွာသိမြင်နားလည်ကြသည်။ သို့သော် သူတို့တွင် Global GAP နှင့် တာရှည်တည်တံ့စေသောစိုက်ပျိုးရေးအကျင့်အကြံများတို့ကို လိုက်နာကျင့်ကြံဆောင်ရွက်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များမရှိပေ။ ထိုအကျင့်အကြံများနှင့် Global GAP သည် ချင်းထုတ်လုပ်မှုအတွင်းမှ လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးရန်နှင့် ထိန်းချုပ်ရန် အတွက် အရေးအပါဆုံးဖြစ်ပြီး ဈေးကွက်များသို့လက်လှမ်းမီဝင်ရောက်နိုင်မှုအတွက်လည်း တစ်နေ့တစ်ခြားပိုမို အရေးပါလာခဲ့သည်။ ယာမြေအများစုက ဝေးလံခေါင်ပါးသောနေရာများတွင်တည်ရှိနေပြီး DoA တွင်လည်း သတင်းအချက် အလက်ပေးအပ်ရေးဝန်ဆောင်မှုများအတွက် လူသားအရင်းအမြစ်နည်းပါးလွန်းနေသည်ဖြစ်ရာ ဝန်ဆောင်မှုများပေးအပ်နိုင်မည့် လူမှုအသိုက်အဝန်းအခြေပြုစွမ်းဆောင်ရည်တစ်ရပ်ကို တည်ဆောက်သွားရန်အကြံပြုပါသည်။ အဆိုပါစွမ်းဆောင် ရည်တည်ဆောက်မှုသည် တောင်သူများအား Global GAP နှင့် အော်ဂဲနစ်စိုက်ပျိုးရေးအကျင့်အကြံများကို Winrock မှ အကောင်အထည်ဖော်နေသောအစီအစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်အောင် စွမ်းအားမြှင့်တင်ပေးနိုင်သည်။

ချင်းစိုက်တောင်သူများနှင့် အလုပ်သမားများအတွက် ၎င်းတို့၏အကျင့်အကြံများ တိုးတက်ကောင်းမွန်လာအောင် ကူညီပေးနိုင်မည့် အစိုးရ၏ ကွင်းဆင်းပညာပေးရေးဝန်ဆောင်မှုများလည်း မရှိပေ။ အသိပညာပေးရေးဝန်ဆောင်မှုများပေးအပ်မှုကို လမ်းကြောင်းအမျိုးမျိုးခွဲထွင်ပေးအပ်ခြင်း (diversifying) (ဥပမာ အစိုးရအသိပညာပေးအရာရှိများမှ လူမှုအသိုက်အဝန်း အခြေပြု ဝန်ဆောင်မှုပေးသူများကို အသိပညာပေးအပ်ခြင်း) ဖြင့် တောင်သူများမှာ သူတို့၏လယ်ယာလုပ်ငန်းတာရှည် ဆက်လက်တည်တံ့မှုကို အထောက်အပံ့ပေးနိုင်မည့် သတင်းအချက်အလက်များ၊ အသိအမြင်ဗဟုသုတများနှင့် ကျွမ်းကျင်မှုများအတွက် ပိုမိုများပြားသောရွေးချယ်စရာရင်းမြစ်များ ရရှိလာမည်ဖြစ်သည်။ ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ဆောင် ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြန်မာနိုင်ငံချင်းစိုက်တောင်သူများ၏အခြေအနေပေါ်မူတည်ပြီး Global GAP နှင့် အော်ဂဲနစ်စိုက်ပျိုးရေးသင်ရိုးပိုင်းများ အလိုက်သင့်ပြင်ဆင်ရေးဆွဲမှုတွင် Winrock ၊ ဦးဆောင်တောင်သူများနှင့် DoA တို့နှင့်လုပ်ကိုင် ဆောင်ရွက်ပါ။ အစိုးရနှင့်အတူ ဦးဆောင်တောင်သူများကိုပါဝင်စေခြင်းက ယေဘုယျသဘောတူညီချက်အပေါ် အခြေခံသောစံနှုန်းများ (norms) နှင့် ကုန်ကျစရိတ်နည်းပါးသော လုပ်ဆောင်ချက်များကို ရေးဆွဲချမှတ်နိုင်မည့် နည်းလမ်းကောင်းတစ်ရပ်ဖြစ်သည်။ ထိုစံနှုန်းများနှင့်လုပ်ဆောင်ချက်များကို တောင်သူများမှလိုက်နာ အကောင် အထည် ဖော်ဆောင်ရွက်မည့်ဖြစ်တန်စွမ်းမှာလည်း ပိုမိုမြင့်မားလာနိုင်သည်။

(ခ) လူမှုအသိုက်အဝန်းအခြေပြုသတင်းအချက်အလက်ဝန်ဆောင်မှုပေးအပ်သူများအုပ်စု တစ်စုနှင့် ကုန်ကျ စရိတ်နည်းပါးပြီးထိရောက်ကောင်းမွန်သော သတင်းအချက်အလက်ဝန်ဆောင်မှုများပေးအပ်ရေး စနစ်ကို ဖွဲ့စည်း တည်ဆောက်ပါ။ ထိုစနစ်ကို တိုင်းရင်းသင်ကြားရေးစနစ်များ၊ တောင်သူအုပ်စုများနှင့် တောင်သူအချင်းချင်း တစ်ဦးထံမှတစ်ဦးလေ့လာသင်ကြားမှုပုံစံတို့နှင့်ခိုင်ခိုင်မာမာ ချိတ်ဆက်ထားရပေမည်။ လူမှုအသိုက်အဝန်းအခြေ ပြုသင်တန်းပို့ချသူများ ထားရှိခြင်းဖြင့် DoA အဖို့ ၎င်းတို့ ၏ကွင်းဆင်းဝန်ထမ်းများမှ ရောက်ရှိနိုင်မည့်နေရာများ ကို တိုးမြှင့်ချဲ့ထွင်နိုင်ပေသည်။ ယင်းအတွက် လေ့လာသင်ကြားရေးဌာနများဖန်တီးရန်လိုအပ်သည်။ သင်တန်း ပို့ချသူများတွင် ခေါင်းဆောင်မှုစွမ်းရည်ရှိသောနှင့် ၎င်းတို့၏လူမှုအသိုက်အဝန်းအပေါ် လွှမ်းမိုးမှုရှိသော လူမှု အသိုက်အဝန်းဝင်များ သို့မဟုတ် ဦးဆောင် တောင်သူများတို့ပါဝင်နိုင်သည်။ သရုပ်ပြစိုက်ကွင်းများဖန်တီးရန် အတွက် ထိုသူတို့ကို မြေသြဇာများနှင့် အခြားစိုက်ပျိုးရေး သွင်းအားစုများကဲ့သို့သော မက်လုံးများပေးအပ်နိုင် သည်။

(ဂ) တောင်သူ/အလုပ်သမားဦးဆောင်သော ဗီဒီယိုကြားခံ (video-mediated) လေ့လာသင်ယူမှုနှင့်ပြိုင်ပွဲများ ကဲ့သို့သော အသိအမြင်ဗဟုသုတလွှဲပြောင်းပေးအပ်မှုပွဲများကို ပံ့ပိုးကူညီပါ။ ဗီဒီယိုကြားခံ လေ့လာသင်ယူမှုသည် လယ်သမားမှလယ်သမားသို့ သတင်းအချက်အလက်ပေးအပ်ခြင်း (farmer-to-farmer extension) ထက် ကုန်ကျစရိတ်နည်းပါးပြီး ပိုမိုထိရောက်သည်။ ယင်းသည် ကြီးကြပ်မှုမပါပဲ လေ့လာသင်ယူနိုင်အောင် ဖန်တီးပေးသည့်အပြင် ဇီဝခန္ဓာပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြောင်းရင်းခံဖြစ်စဉ်များကို ရှင်းပြရန်အတွက် ပိုမိုကောင်း မွန်သောနည်းလမ်းတစ်ရပ်ကိုလည်း

ဖန်တီးပေးသည်။ ဗီဒီယိုကြားခံလေ့လာသင်ယူမှု၏ နောက်ထပ်အကျိုး ကျေးဇူးတစ်ရပ်မှာ ယင်းကို လူမှုအသိုက်အဝန်းတစ်ခုလုံးက အတူကြည့်ရှုနိုင်သည်ဖြစ်ရာ လူမှုရေးဆိုင်ရာအား လုံးပါဝင်နိုင်ခွင့် (social inclusion) ကိုတိုးတက်ကောင်းမွန်စေခြင်းပင်ဖြစ်သည် (လူငယ်များနှင့် အမျိုးသမီးများ ပါဝင်ကြသည်)။ ဗီဒီယိုကြည့်ခြင်းဖြင့် ကြည့်ပြီးသွားချိန်ဆွေးနွေးပြောဆိုမှုကို ဖြစ်ပေါ်စေသည်။ ဗီဒီယိုကြားခံ လေ့လာသင်ယူမှု၏ အဓိကကျသောအစိတ်အပိုင်းတစ်ရပ်မှာ ပါဝင်သည့်အကြောင်း အရာအချက်အလက်တို့ကို ရေးဆွဲဖန်တီးခြင်းနှင့် အတည်ပြုခြင်းတို့တွင် ဒေသခံလယ်သမားများ/အလုပ်သမားများအား ပါဝင်စေခြင်းပင် ဖြစ်သည်။ ဗီဒီယိုကြားခံ လေ့လာသင်ယူမှုသည် လျှပ်စစ်မီးရသော (လျှပ်စစ်ဓာတ်အားလိုင်းမှဖြစ်စေ၊ ထို့မှမဟုတ်ပဲဖြစ်စေ) နယ်မြေဒေသများတွင် ဖြစ်ထွန်းအောင်မြင်နိုင်သည်။

ချစ်ကြည်ရေးပြိုင်ပွဲများကျင်းပခြင်းက လေ့လာသင်ယူမှုကို ပျော်စရာဖြစ်လာအောင် လုပ်ဆောင်သော နည်းလမ်း တစ်ရပ်ဖြစ်သည်။ ဥပမာ ပြိုင်ပွဲတစ်ခုသည် တောင်သူများနှင့် အလုပ်သမားများ အား ကောင်းမွန်အောင်မြှင့်တင် ထားသောအကျင့်အကြံများကို လိုက်နာဆောင်ရွက်လာအောင် မက်လုံးများဖန်တီးပေးနိုင်ပြီး တစ်ပြိုင်တည်းမှာ ပင် ကောင်းမွန်သောအကျင့်အကြံများ၏ အကျိုးသက်ရောက်မှုများကို ထုတ်ဖော်ပြသနိုင်သည်။ ပြိုင်ပွဲများမှထွက် ပေါ်လာသည့် ကောင်းမွန်သော အကျင့်အကြံများနှင့် ဆန်းသစ်တီထွင်မှုရှိသော ဖြေရှင်းချက်အဖြေများကို သင်တန်းသင်ရိုးပိုင်းများတွင် ပေါင်းစပ်ထည့်သွင်းနိုင်သည်။ သင်ယူမှုသစ်များကို မှတ်တမ်းတင်ကာ ဆက်လက်ဖြန့်ဝေနိုင်အောင် ကူညီပေးနိုင်သည်။

(ဃ) နိုင်ငံခြားပို့ကုန်ကိုဦးတည်သော ချင်းတောင်သူများ၏ အသိအမှတ်ပြုလက်မှတ်ရရှိရေး လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီပါ။ ချင်းတောင်သူအများစုမှာ အသေးစားလယ်ယာမြေပိုင်ရှင်များဖြစ်ရာ အသိအမှတ်ပြုထောက်ခံကြေး (certification fees) နှင့် နှစ်စဉ်သက်တမ်းတိုးမှုအပါအဝင် သက်ဆိုင်ရာအသုံးစရိတ်များက သူတို့၏ဝင်ငွေ ပမာဏထက်ကျော်လွန်နေသည် (သူတို့က အုပ်စုတစ်စု/အသင်းအဖွဲ့ တစ်ခုအနေနှင့် လျှောက်ထားလျှင်ပင်)။ သို့ဖြစ်ရာ ပထမနှစ်နှစ်အတွက် (ပြန်လည်သက်တမ်းတိုးနိုင်သော ပြဋ္ဌာန်းချက်ဖြင့်) ထောက်ပံ့ကြေးတစ်ရပ် ကိုထုတ်ပေးရန် အဆိုပြုပါသည်။ ထိုသို့ဖြင့် တောင်သူများက သူတို့၏စျေးကွက်များကိုတည်ဆောက်နိုင်မည် ဖြစ်ပြီး ငွေရေးကြေးရေးအနေအထားမှာလည်း တောင့်တင်းခိုင်မာလာနိုင်ဖြစ်သည်။ စီမံကိန်းမှလည်း ရွေးချယ် ချီးမြှင့်ငွေများ (competitive grants) (စီစဉ်ထားသောပြိုင်ပွဲများဖြင့်ရွေးချယ်နိုင်သည်) ပေးအပ်ကာ အသေးစား လယ်ယာမြေပေါ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေးဦးသူနာပြုစုရေး နေရာအဆောက်အအုံ၊ ဝန်ဆောင်မှုနှင့် ပစ္စည်းကိရိယာများ (facilities) များတည်ထောင်ခြင်းကို ပံ့ပိုးကူညီနိုင်သည်။ ထို့အပြင် အလုပ်သမားများဘေး အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့် Global GAP အားလိုက်နာဆောင်ရွက်မှုတို့ကို မြှင့်တင်ရန် လိုအပ် သည့် PPEs နှင့် အသေးစားကိရိယာများ ပြန်လည်ပြင်ဆင်ဖန်တီးခြင်းကိုလည်း ပံ့ပိုးကူညီနိုင်သည်။ အသိအမှတ် ပြုလက်မှတ်ရရှိရေး ထောက်ပံ့ကြေးရရှိခဲ့သောတောင်သူများသည် နှစ်နှစ် သို့မဟုတ် သုံးနှစ်တာကာလနောက် ပိုင်းတွင် အဆိုပါကန့်သတ်ချက်မှာလုံးဆိုင်ရာ အထောက်အပံ့ကို အခြားအုပ်စုတစ်ခုသို့ ပေးအပ်နိုင်သည်။

## *သမဝါယမအသင်းများဖွဲ့ စည်းတည်ထောင်မှုကို ပံ့ပိုးကူညီခြင်း*

ရှမ်းပြည်နယ်တောင်ပိုင်း ချင်းတန်ဖိုးမြှင့်ကွင်းဆက်အတွင်း သမဝါယမအသင်းများဖွဲ့ စည်းတည်ထောင်ခြင်းက တောင်သူများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ လက်လှမ်းမီရရှိနိုင်စေမည့်၊ OSH ဥပဒေရေးရာ မှုဘောင်တွင် အကျုံးဝင်စေမည့်၊ Global GAP နှင့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်ရထိုက်ပိုင်ခွင့်ရှိ စေမည့်၊ အခြေခံအဆောက်အအုံ၊ နည်းပညာနှင့် ဇဟုသုတအခြေခံပိုင်ဆိုင်ရင်းမြစ်များတို့ကိုဦးတည်သော အဓိကကျသောရင်းနှီးမြှုပ်နှံမှုများမှ အကျိုးသက်ရောက်မှုများကို လျှော့ချပေးနိုင်မည့် အလွန်အရေးပါသော မဟာဗျူဟာတစ်ရပ်ဖြစ်သည်။ သမဝါယမစီးပွားရေးလုပ်ငန်းပုံစံ (cooperative business model) သည် အများပြည်သူနှင့် လူမှုအသိုက်အဝန်းများအား အမှန်တကယ်အကျိုးပြုနိုင်မည့်စျေးကွက်စနစ်များ တည်ဆောက်ရေးဟူသော မျှော်လင့်ချက်ကို ကိုယ်စားပြုသည်။ ယင်းသည် OSH ဆိုင်ရာဇဟုသုတနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးအပ်ရေးအတွက် တရားဝင်လမ်းကြောင်းတစ်ရပ်လည်းဖြစ်သည်။

## ကြားခံဆောင်ရွက်သူများ (intermediaries) နှင့် အလုပ်သမားများကြား ကုန်ထုတ်စွမ်းအားနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှုကို တိုးတက်ကောင်းမွန်စေသည့် ဘေးအန္တရာယ်ကင်းရှင်းရေးယဉ်ကျေးမှုတစ်ရပ် တည်ဆောက်ပါ

ကုန်သွယ်ရေးကဏ္ဍအတွင်းရှိ ကိုယ်ပိုင်လုပ်ကိုင်သော (self-employed) ကျပန်းနှင့်နေ့စားအလုပ်သမားများကို ထွက်ပေါ်လာတော့မည့် OSH ဥပဒေတွင် ထည့်သွင်းရန်အတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရန် အောက်ပါလုပ်ဆောင်ချက်များကို အဆိုပြုတင်ပြသည်။

(က) ကုန်ထမ်းသူများ (ကိုယ်ပိုင်လုပ်ကိုင်သောအလုပ်သမားများ) စုပေါင်းပါဝင်သောအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းကို ပံ့ပိုးကူညီပါ။ ထိုအုပ်စုသည် အလုပ်သမားသမဂ္ဂတစ်ခု၊ သမဝါယမအသင်းတစ်ခု၊ ကိုယ်ထူ ကိုယ်ထအုပ်စု နှင့်/သို့မဟုတ် အသင်းအဖွဲ့ တစ်ခု ပုံစံ ဖြစ်နိုင်သည်။ သို့သော် သမဝါယမအသင်း သို့မဟုတ်ယင်းနှင့်အလားသဏ္ဍာန်တူသောတရားဝင်အသင်းအဖွဲ့တစ်ခုအနေနှင့်ဆိုလျှင်ပို၍ကောင်းသည်။ သမဝါယမ အသင်းသည် အလုပ်သမားများအား တရားဝင်အလုပ်ခန့်ထားမှုတွင်ပါဝင်နိုင်စေမည့် ထိုမှတဆင့် အခြေခံ OSH ဝန်ဆောင်မှုများနှင့် လူမှုရေးဆိုင်ရာအကာအကွယ်ပေးမှုတို့ကို (ဆိုင်များနှင့်အလုပ်ရုံများဥပဒေနှင့် OSH ဥပဒေသစ်တို့နှင့်အညီ) လက်လှမ်းမီရရှိနိုင်စေမည့် အခြေခံကောင်းတစ်ရပ်ကို ပေးစွမ်းနိုင်သည်။ သမဝါယမ ဖွဲ့စည်းမှုပုံစံသည် အလုပ်သမားများနှင့်၎င်းတို့၏မိသားစုများအတွက် လူမှုအသိုက်အဝန်းအခြေပြု ကျန်းမာရေး အာမခံစနစ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်တော်ကောင်းမွန်သည်။ ကောင်းမွန်သော OSH အကျင့်အကြံများ အားပေးမြှင့်တင်ရေးနှင့် လုပ်ငန်းစဉ်များနှင့်နည်းပညာများ အဆင့်မြှင့်တင်ရေးအတွက်လည်း အခြေခံအုတ်မြစ်တစ်ရပ်ကို တည်ဆောက်ပေးနိုင်သည်။

(ခ) ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အခြေခံကြိုတင်ကာကွယ်ရေးဝန်ဆောင်မှုများ ပေးအပ်မှုနှင့်ပတ်သက်၍ FGLLID အား လေ့ကျင့်သင်ကြားပါ။ ထိုဝန်ဆောင်မှုများတွင် အားလုံးပူးပေါင်းပါဝင် သောနည်းလမ်းများဖြင့် ဆောင်ရွက်သော ထိခိုက်ဆုံးရှုံးနိုင်ခြေလေ့လာဆန်းစစ်ချက် (risk assessment) နှင့် လက်တွေ့ကျသော ကုန်ကျစရိတ်နည်းပါးသည့် မြှင့်တင်ဆောင်ရွက်မှုများပါဝင်သည် ။ ကုန်ထမ်းသူများအတွက် အားလုံးပါဝင်သောနည်းလမ်းဖြင့်ဆောင်ရွက်သည့် ကောင်းမွန်သော OSH အကျင့်အကြံများရေးဆွဲချမှတ်မှုကို ပံ့ပိုးကူညီနိုင်အောင် FGLLID အား နည်းပညာဆိုင်ရာလမ်းညွှန်မှုပေးခြင်းလည်း ပါဝင်သည်။ အဆိုပါ OSH အကျင့်အကြံများသည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး လေးစားလိုက်နာဆောင်ရွက်မှုကို တိုးတက် ကောင်းမွန်စေပြီး ကုန်ထုတ်စွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်သည်။ တပြိုင်တည်းမှာပင် အထမ်းသမားများရင် ဆိုင်ကြုံတွေ့နေရသည့် သက်တောင့်သက်သာနှင့်ထိထိရောက်ရောက် အလုပ်လုပ်ကိုင်နိုင်မည့် အဆင်အပြင်မရှိ ခြင်းကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ (ergonomic risks) ကိုလျှော့ချပေးသည့် သို့မဟုတ် အလုံးစုံဖယ်ရှားပေး သည့် တန်ဖိုးနည်းကိရိယာများကို ပြုလုပ်ဖန်တီးခြင်း၊ မူရင်းပုံစံငယ်ဖန်တီးခြင်း၊ စျေးကွက်တင်ရောင်းဝယ်ဖောက် ကားခြင်းများ ပြုလုပ်နိုင်သည်။ ယင်းကို VZF မှပံ့ပိုးကူညီပေးအပ်သော လမ်းညွှန်ချက်များနှင့် ပြင်ဆင်မှုသင်တန်းများမှတဆင့် နယ်မြေဒေသခံကုန်ထုတ်လုပ်သူများက ကုန်ထမ်းသူများ၊ ကုန်သည်များတို့နှင့်မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ကာ ပါဝင်ယှဉ်ပြိုင်သည့် ဒီဇိုင်းပြိုင်ပွဲများ (design contests) ပုံစံဖြင့် လုပ်ဆောင်နိုင်သည်။

(ဂ) OSH ရလာဒ်အဖြေများ၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးလေးစားလိုက်နာ ဆောင်ရွက်မှု၊ ထုတ်ကုန်အရည်အသွေးနှင့် ကုန်ထုတ်စွမ်းအား အားလုံးယှဉ်တွဲတိုးတက် ကောင်းမွန်စေရန်အတွက် အသိပညာပေးစည်းရုံး လှုံ့ဆော်မှုများပြုလုပ်ပါ။ ယေဘုယျအားဖြင့် ကုန်သည်များက OSH နှင့် ပတ်သက်၍ နားလည်သိမြင်မှုနှင့် စိတ်ဝင်စားမှုနည်းပါးသည်ဖြစ်ရာ သူတို့နားလည်သိမြင်လာအောင် ဦးစွာလုပ်ဆောင်ပြီးမှ အနာဂတ်ကာလတွင်လုပ်ဆောင်မည့် စွမ်းဆောင်ရည်တည်ဆောက်ရေးအစီအစဉ်များကို လက်ခံကြိုဆိုလာအောင် ဆောင်ရွက်ရပေမည်။ OSH ကို ကုန်သည်များအတွက် စိတ်ဝင်စားစရာကောင်းသော အစီအစဉ်တစ်ရပ်ဖြစ်လာအောင် လုပ်ဆောင်ရန်အတွက် OSH အသိပညာပေးစည်းရုံး လှုံ့ဆော်မှုများကို အခြားဦးစားပေးပြဿနာအရေးကိစ္စများ (စျေးနှုန်းယှဉ်ပြိုင်နိုင် စွမ်းမြှင့်တင်ရေးအတွက် ကုန်ထုတ်စွမ်းအား တိုးတက်ကောင်းမွန်မှုနှင့် တူးဖော်နုတ်ယူပြီးချိန်နောက်ပိုင်း ဆုံးရှုံးမှုများ (post-harvest losses) ကို လျှော့ချခြင်း စသည်) နှင့်ပေါင်းစပ်သင့်သည်။ လုပ်ဆောင်ချက်အဆင့်ငယ်များကို စီးပွားရေးလုပ်ငန်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လာအောင် တိုက်တွန်းအားပေးရန်ရည်ရွယ်ပြီး အသိပညာပေးစည်းရုံး လှုံ့ဆော်ရေးနည်းလမ်းများကို စီစဉ်ရေးဆွဲရနိုင်သည်။

## *တူးဖော်နုတ်ယူပြီးချိန်နောက်ပိုင်း အထောက်အကူပြုနေရာ၊ အဆောက်အအုံ၊ ပစ္စည်းကိရိယာများ (Post-harvest facilities) တည်ထောင်မှုကို အားပေး မြှင့်တင်သည်။*

တူးဖော်နုတ်ယူပြီးချိန်နောက်ပိုင်း facilities များတည်ထောင်ခြင်းက စီးပွားရေးလုပ်ငန်း၏စုပေါင်း လုပ်ဆောင်ချက်သစ်များ (initiatives) ၏ ဆက်လက်ရှင်သန်ရပ်တည်မှုကို အားကောင်းခိုင်မာစေနိုင်သည်။ ထိုလုပ်ဆောင်ချက်သစ်များက တောင်သူများ/လယ်ယာမြေအလုပ်သမားများအား လူမှုဖူလုံရေးကို လက်လှမ်းမီရရှိနိုင်အောင် ပံ့ပိုးကူညီသည်၊ လယ်ယာမြေများအတွင်း ကျန်းမာသန့်ရှင်းရေးအခြေအနေများ ကို ဆက်လက်ထိန်းသိမ်းနိုင်အောင် မက်လုံးများဖန်တီးပေးသည်၊ အစား အစာဘေးအန္တရာယ်ကင်းရှင်းရေး စံချိန် စံညွှန်းများကို အမှန်တကယ်လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ထိန်းသိမ်းသည်၊ တူးဖော်နုတ်ယူ ပြီးချိန်နောက်ပိုင်းဆုံးရှုံးမှုများကိုလည်း အနည်းဆုံးအဆင့်ထိ လျှော့ချပေးသည်။ ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငွေရေးကြေးရေးအရနှင့် နည်းပညာအရ အလိုက်သင့်ပြုပြင်ဖန်တီးထားသော အိမ်သုံးနှင့် လုပ်ငန်းသုံး ရေပေးဝေရေးစနစ်များကို ဒီဇိုင်းရေးဆွဲဖန်တီးခြင်းနှင့် ရေ ့ပြေးအကောင်အထည်ဖော်ခြင်းတို့ကို ပံ့ပိုးကူညီသည်။ ချင်းစိုက်ပျိုးသောနေရာဒေသအများစုမှာ လျှပ်စစ်ဓာတ်အားလိုင်းနှင့်ချိတ်ဆက်ထားခြင်း မရှိသဖြင့် ဆိုလာလျှပ်စစ် ဓာတ်အားထုတ်စက် AC-DC ရေစုပ်ယူခြင်းစနစ်ကို မိုးရေသိုလှောင်မှုစနစ်ဖြင့် အထောက်အပံ့ပြုခြင်းက ရှင်သန် ရပ်တည်နိုင်ခြေအများဆုံး ပေါင်းစပ်ဖွဲ့စည်းထားသောရေစနစ် (integrated water system) ဖြစ်သည်။

ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး (WASH) ကို ပိုမိုလက်လှမ်းမီရရှိနိုင်ခြင်းက လူမှုအသိုက်အဝန်း များအတွက် ကြီးမားသောတိုးတက်ပြောင်းလဲမှုကို ဆောင်ကြဉ်းပေးနိုင်သည်။ ယင်းသည် သူတို့၏ဝင်ငွေများ ကိုတိုးပွားစေနိုင်သည်၊ ကျန်းမာရေးကုန်ကျစရိတ်များ လျှော့ချပေးနိုင်သည်၊ ရောဂါဘယများ (အထူးသဖြင့် ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး) မှ ကာကွယ်ပေးနိုင်လေသည်။

(ခ) ချင်းအဆင့်မြှင့်တင်ပြုပြင်သူများ-နိုင်ငံခြားသို့တင်ပို့သူများ (processors-exporters) များကို အထောက်အပံ့ပေးနိုင်ရန်အတွက် FGLLID နှင့် အခြားသော သက်ဆိုင်ရာအင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်သည်။ အနာဂတ်ကာလတွင် GMP၊ HACCP တို့နှင့်ယှဉ်တွဲလုပ်ဆောင်မည့် ရိုးရှင်းသော OSH စီမံခန့်ခွဲမှုစနစ်ကို ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် တောင်သူလယ်သမား အဖွဲ့အစည်းများ (သမဝါယမအသင်းများ) ၏ စွမ်းဆောင်ရည်ကို တည်ဆောက်သွားမည်။

ပုံ (၁၃) ချင်းဆေးရာဌာန (VZF သည် ကုန်ထုတ်လုပ်ရေးလုပ်ငန်းစဉ်များကိုတိုးတက်ကောင်းမွန်စေခြင်းဖြင့် အလုပ်ရုံများ တည်ထောင်ခြင်းကို ပံ့ပိုးကူညီပြီး OSH ကို အလုပ်ရုံအဆင်အပြင်ဒီဇိုင်းနှင့် အခင်းအကျင်းတွင် ပေါင်းစပ်ထည့်သွင်းသည်)



ရင်းမြစ်။ မြန်မာနိုင်ငံတွင် VZF မှရိုက်ကူးသောဓာတ်ပုံ

## လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုများတောင်းဆိုပြီး အရည်အသွေးမြင့် ပရီယမ်စျေးနှုန်းပေးသည့် ဥရောပနှင့်အမေရိကန်ပြည်ထောင်စုစျေးကွက်များအတွင်း မြန်မာ့ချင်း၏ထင်ရှားပေါ်လွင်မှုကိုမြှင့်တင်သည်။

တန်ဖိုးမြှင့်ကွင်းဆက်အတွင်းမှလုပ်ငန်းများအားလုံးတွင် OSH တိုးတက်ကောင်းမွန်စေရန်နှင့် ထိုတိုးတက်ကောင်းမွန်မှုကို တာရှည်ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်အလို့ငှာ မြန်မာ့ချင်းလုပ်ငန်းအတွက် မက်လုံးများ (incentives) ဖန်တီးပေးရန် ဦးတည်ရည်ရွယ်သည်။

(က) မြန်မာနိုင်ငံတွင် ချင်းပံ့ပိုးရောင်းချရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီရန် စိတ်ဝင်စားမည့် NED Spice ၊ Catz International ကဲ့သို့သော ဥရောပကုမ္ပဏီများနှင့် တာရှည်တည်တံ့စေသော ဟင်းခတ်အမွှေးအကြိုင် ဦးဆောင်ဦးရွက်ပြုလုပ်ရားဆောင်ရွက်မှုများ (SSI) ၏ အခြားအဖွဲ့ဝင်များတို့နှင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကို လေ့လာဖော်ထုတ်ခြင်း။ SSI သည် နယ်မြေဒေသတွင်းမှ ဟင်းခတ်အမွှေးအကြိုင်စိုက်ပျိုး တောင်သူများနှင့် နိုင်ငံခြားပို့ကုန်တင်ပို့သူများကို ပံ့ပိုးကူညီရန်ဦးတည်သော အမျိုးမျိုးသောစီမံကိန်းများနှင့် အစီအစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သည်။

(ခ) မြန်မာနိုင်ငံ၏ချင်းလုပ်ငန်းကို နိုင်ငံတကာကုန်စည်ပြပွဲများ (ဥပမာ BioFach ၊ Anuga စသည်) တွင် ပူးပေါင်းပါဝင်မှုကို ပံ့ပိုးကူညီခြင်း။

# References

Antras, P.; Chor, D. 2013. "Organizing the global value chain", in Econometrica, Vol. 81, No. 6, pp. 2127–2204.

*CCM Data & Business Intelligence.* 2017. "China about to ban all sales and use of paraquat by 2020", 31 July. Available at: http://www.cnchemicals.com/ [Accessed 30 Sep. 2017].

Centre of Promotion of Imports from developing Countries (CBI), Ministry of Foreign Affairs. 2014. CBI Product Factsheet: "Avocado in Germany 'Practical market insights for your product' ". Available at: https://www.cbi.eu/ [Accessed 28 Aug. 2017].

—. 2015. CBI Product Factsheet: "Sustainable Spices and Herbs in Europe, Hague – Netherlands", 15 Oct. Available at: https://www.cbi.eu/ [Accessed 16 Sep. 2017].

—. 2017a. "Which trends offer opportunities on the European spices and herbs market?", 31 Jan. Available at: https://www.cbi.eu/market-information/spices-herbs/trends/ [Accessed 16 Sep. 2017].

—. 2017b. "Exporting Dried Ginger to Europe", June. Available at: https://www.cbi.eu/market-information/spices-herbs/dried-ginger/europe/ [Accessed 28 Aug. 2017].

*Coconuts Yangon.* 2017. "Dengue fever: Myanmar infections quadruple since 2016", 29 Aug. Available at: https://coconuts.co/yangon/news/dengue-fever-myanmar-infections-quadruple-since-2016/ [Accessed 4 Oct. 2017].

Colmar Brunton. 2014. *Global Ginger Market Assessment Trends.* PowerPoint presentation available at: http://www.australianginger.org.au/wp-content/uploads/2016/08/8.2.7-Global-Ginger-Market-Assessment-Trends-by-Colmar-Brunton-2014.pdf [Accessed 30 Sep. 2017].

*Guidance Note on Land Issues – Myanmar* (UNHCR, UN HABITAT, Norwegian Ministry of Foreign Affairs). Available at: http://www.burmalibrary.org/docs12/Guidance_Note_on_Land_Issues-Myanmar.pdf [Accessed 30 Sep. 2017].

Gurung, S.; Muench, S., Wattman, J. 2014. *Visibility versus Vulnerability: Understanding instability and opportunity in Myanmar* (Mercy Corps). Available at: https://www.mercycorps.org/sites/default/files/Mercy%20Corps%20Visibility%20vs%20Vulnerability%20in%20Myanmar%20-%20Full%20Report.pdf [Accessed 30 Sep. 2017].

*Hortidaily.* 2017. “Netherlands & Myanmar partner on pesticide registration”, 22 Feb. Available at: http://www.hortidaily.com/article/32505/Netherlands-&-Myanmar-partner-on-pesticide-registration [Accessed 4 Oct. 2017].

Institute for Health Metrics and Evaluation (IHME). 2016. *Global Burden of Disease Study 2015 (GBD 2015) Life Expectancy, All-Cause and Cause-Specific Mortality 1980-2015* (Seattle, United States).

International Chemical Safety Card (PARAQUAT): Available at: https://www.ilo.org/dyn/icsc/showcard.homesafework/info/publications/WCMS_113134/lang--en/index.htm [Accessed 8 Oct. 2017].

International Labour Organization. Forthcoming. *Myanmar – National Occupational Safety and Health Profile – 2018* (Geneva, ILO).

—. 2015a. *World Employment and Social Outlook 2015: The Changing Nature of Jobs* (Geneva, ILO). Available at: http://www.ilo.org/global/research/global-reports/weso/2015-changing-nature-of-jobs/WCMS_368626/lang--en/index.htm [Accessed 8 Oct. 2017].

—. 2015b. *World Social Protection Report.* Available at: www.ilo.ch/wcmsp5/groups/public/---dgreports/---dcomm/.../wcms_245201.pdf *[Accessed 12 July 2018].*

—. 2015c. *Value Chain Development for Decent Work: How to create employment and improve working conditions in targeted sectors. Second edition.* Available at: http://www.ilo.org/empent/areas/value-chain-development-vcd/WCMS_434362/lang--en/index.htm *[Accessed 12 July 2018].*

—. 2017. *ILO Guide to Myanmar Labour Law 2017* (Yangon, ILO Liaison Office in Myanmar).

—. 2018*. Occupational Safety and Health in Global Value Chains Starterkit, Assessment of drivers and constraints for OSH improvement in global value chains and intervention design - Guide for Implementers* (Geneva, ILO).

International Trade Centre (ITC), Trade MAP database. Products 091011 and 091012. Available at: https://www.trademap.org/Index.aspx [Accessed 30 Sep. 2017].

Kaplinsky, R; Morris, M. 2002. *A Handbook for Value Chain research*, Institute of Development Studies at the University of Sussex and Centre for Research in Innovation Management, University of Brighton, Available at: https://www.ids.ac.uk/ids/global/pdfs/VchNov01.pdf [Accessed 12 July 2018].

Kazutaka, K. 2012. “Roles of Participatory Action-Oriented Programs in Promoting Safety and Health at Work”, in *Safety and Health at Work*, Vol. 3, No. 3, pp. 155–165; doi:10.5491/SHAW.2012.3.3.155.

Keesecker. J. 2017. *Value Chain Assessment: Ginger, Turmeric and Garlic - In Pa-O SAZ and Southern Shan State* (Myanmar Institute for Integrated Development).

Krugman, P. 1995. “Growing world trade: Causes and consequences”, in Brookings Papers on Economic Activity, Vol. 1995, No. 1, pp. 327–377.

Multiwatch, et al. 2016. *Open Letter to Mr. Han Chang Fu: Stop export of Paraquat produced by Syngenta and others to China!* Available: at https://www.grain.org/bulletinboard/entries/5568-open-letter-to-mr-han-chang-fu-stop-exportof-paraquat-produced-by-syngenta-and-others-in-china [Accessed 8 Oct. 2017].

*Myanmar Business Today.* 2017. "Ministry Launches Mobile App For Crop & Consumer Safety", 4 Sept. Available at: https://www.mmbiztoday.com/articles/ministry-launches-mobile-app-crop-consumer-safety [Accessed 4 Oct. 2017].

Myanmar Information Management Unit (MIMU). 2016. Available at: http://themimu.info/sites/themimu.info/files/documents/State_Map_Tsp_Shan_State_South_MIMU-182v05_16Aug2016_A3.pdf [Accessed 4 Oct. 2017].

Peneva T.; Vancura, L. 2014. *Opportunities for Nepalese Ginger and Derivative Products to Access the EU (A Study of The Netherlands) – a report for Samarth-Nepal* (Promar Consulting).

*Relief Web.* 2016. "In Shan State, New Water Sources Combat an Old Scourge", 9 May. Available at: https://reliefweb.int/report/myanmar/shan-state-new-water-sources-combat-old-scourge [Accessed 4 Oct. 2017].

Roelofsen, P. et al. 2015. *Chemical and organic fertilizer market in relation to the interests of small farmers in Myanmar* (Food and Security Working Group, Livelihoods and Food Security Trust Fund (LIFT)).

Snoad, C. 2017. *Water Access Analysis: South Shan, Myanmar* (Mercy Corps, Freeway associates).

Tessier, L.; Thidar, M. W. 2014. *Evaluation of the operations of the Social Security Board, Ministry of Labour, Employment and Social Security of Myanmar, ILO-MDRI technical report* (Geneva, ILO).

Tessier, L. 2015. *Social protection assessment based national dialogue: Towards a nationally defined social protection floor in Myanmar* (Yangon, ILO Liaison Office for Myanmar).

*The Fresh Plaza.* 2017. "The US prefers Peruvian ginger", 19 May. Available at: http://www.freshplaza.com/ [Accessed 18 Sep. 2017].

The Republic of the Union of Myanmar, Factories Act, 1951 (Act No. 65 of 1951) amended in 2016 by the Law Amending the Factories Act 1951 (The Pyidaungsu Hluttaw Law No. 12).

—. Fertilizer Law (2002) (The State Peace and Development Council Law No. 7).

—. Labour Organization Law (2011) (The Pyidaungsu Hluttaw Law No. 7).

—. Law amending the fertilizer Law (2015) (The Pyidaungsu Hluttaw, Law No. 15).

—. Ministry of Commerce (2017) Research Study on Ginger (Taunggyi).

—. Pesticide Law (2016) (The Pyidaungsu Hluttaw Law No. 14).

—. Workmen's Compensation Act (1923) as amended in 1951 and 2005.

—. Shops and Establishments Law (2016) (The Pyidaungsu Hluttaw Law No. 18).

United States Department of Agriculture (USDA) Foreign Agricultural Service: *United States Import Volume of Organic Ginger, 2013 to 2017 (1st Semester),* Compounded Annual Growth Rate (Global Agricultural Trade System). Available online at: https://apps.fas.usda.gov/Gats/ [Accessed 30 Sep. 2017].

Watts, M. 2012. *Highly Hazardous pesticides – Paraquat,* A PAN AP Factsheet Series (Penang, Pesticide Action Network Asia and the Pacific).

Wilson, C.; Tisdell, C. 2001. "Why farmers continue to use pesticides despite environmental, health and sustainability costs", in *Ecological Economics,* Vol. 39. No. 3, pp.449–462; doi:10.1016/S0921-8009(01)00238-5 [Accessed 12 July 2018].

Winrock International. 2016. *Ginger Value Chain Assessment Summary.*

World Bank. 2016. *Global Agriculture and Food Security Program (GAFSP): private sector window: Agribusiness country diagnostic – Myanmar.* Washington, D.C.: World Bank Group. Available at: http://documents.worldbank.org/curated/en/541101490092426376/Agribusiness-country-diagnostic-Myanmar [Accessed 8 Oct. 2017].



International Labour Organization

1919·2019


GOVERNANCE Department
International Labour Office
Route des Morillons 4
CH-1211 Geneva 22
Switzerland
Tel: +41 22 799 67 15
Email: labadmin-osh@ilo.org
www.ilo.org/labadmin-osh

ILO Liaison Office for Myanmar
No.1 (A), Kanbae (Thitsar) Road,
Yankin Township, Yangon
Tel: +95 1 233 6538
yangon@ilo.org


ISBN 9789220312841